yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မှုန်းလပြည့်ကျော် (၄) ရက် ၊ သောကြာနေ့ ၊ (11-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၅)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြင့်ကြိုင်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှားများကဲ့သို့ မဖြစ်စေရေး အဓိကထားဆောင်ရွက်နိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အဓိကမှားယွင်းသည်များမှာ နိုင်ငံသားစိစစ်ရေးကတ်များစနစ်တကျမရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များဖောင်းပွခြင်းနှင့် တစ်ဦးတည်းက ဆပွားပုံစံဖြင့်ဆောင်ရွက်သည့်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့



ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးမည့် တက္ကသိုလ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ဦးတည်ချက်တစ်ရပ်သတ်မှတ်ကာ အလေးအနက်ထား လုပ်ဆောင်လျက်ရှိသည်။ လူတိုင်း ကျန်းမာနေရန်လိုအပ်သကဲ့သို့ ကျန်းမာနေသူတိုင်းအတွက် အဓိကလိုအပ်ချက်မှာ ပညာဖြစ်သည်။ ပညာဟုဆိုရာတွင် အသိပညာ၊ အတတ်ပညာမှသည် ပညာရပ်မျိုးစုံ တတ်ထားသင့်ပေသည်။ ပညာသည် လူသားတို့၏ ရှေ့ဆောင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပညာရေးကို အထူးဦးစားပေးအလေးထားဆောင်ရွက်ပေးနေချိန်တွင် လူငယ်မောင်မယ်များအနေဖြင့် ပညာရေးကို ဆုံးခန်းတိုင်တတ်မြောက်အောင် သင်ယူကြရမည်ဖြစ်ပေသည်။

ယခုအခါ နိုင်ငံတော်က နေပြည်တော်ကို ပညာရေး မြို့တော်ဖြစ်လာစေရန်နှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းမိသားစုများ၏ သားသမီးများ၊ နေပြည်တော်ရှစ်မြို့နယ်ဖြစ်သည့် ဇမ္ဗူသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့နယ်တို့မှ ဒေသခံပြည်သူများ၏ သားသမီးများ နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရပ်မျိုးစုံကို ရွေးချယ်သင်ယူလေ့လာနိုင်ရန် နိုဝင်ဘာ ၉ ရက်က Naypyitaw State Academy ကို ဖွင့်လှစ်ပေးခဲ့သည်။

**"နေပြည်တော်၌ Naypyitaw State Academy ဖွင့်လှစ်ပြီး အဆင့်မြင့်ပညာရေးအတွက် အားဖြည့်ပေးသကဲ့သို့ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များ၊ ကျောင်းများတွင်လည်း ပညာအဆင့်မြင့်သည်ထက်မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ပြီး မြန်မာ့ပညာရေးကို မြှင့်တင်ပေးကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က ဖွင့်လှစ်ပေးသည့် Naypyitaw State Academy တွင် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကိုသင်ယူပြီး မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိဒေသ၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်သွားကြရန်၊ ယခုတက္ကသိုလ်ကြီးက ပညာရှင်ပညာတတ်များ၊ စဉ်ဆက်မပြတ်မွေးထုတ်ပြီး အနာဂတ်ခေါင်းဆောင်များ၊ နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံအကျိုးပြုသင်ကြားလေ့ကျင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ Naypyitaw State Academy ကြီး အဆင့်မြင့်သည်ထက်မြင့်၊ ကောင်းသည်ထက်ကောင်းပြီး ကမ္ဘာ့အဆင့်မီတက္ကသိုလ်ကြီးတစ်ခုအဖြစ် တက်လှမ်းနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊"** Naypyitaw State Academy ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

Naypyitaw State Academy ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တတိယနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းနှစ်များကို တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဘွဲ့လွန်တန်းများဖြစ်ကြသည့် မဟာတန်းများ၊ ပါရဂူတန်းများထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်လည်း အားတက်စရာဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပညာတတ်လူငယ်များ လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် Naypyitaw State Academy ကို ဖွင့်လှစ်ပေးခြင်းဖြင့် မိမိအကျိုး၊ မိမိပတ်ဝန်းကျင်အကျိုး၊ မိမိနိုင်ငံတော်အကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်မည့် နိုင်ငံ့သားကောင်း ပညာတတ်များစွာ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်းနေကြာစိုက်ဧက ၂၅၀၀ အတွက် ငွေကျပ်သိန်း ၃၇၀၀ ကျော် ထုတ်ချေးပေးမည်



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်တွင် ဆောင်းနေကြာစိုက်ဧက ၂၅၀၀ အတွက် ငွေကျပ်သိန်း ၃၇၀၀ ကျော်ကို နိုဝင်ဘာလအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးရာတွင် မြို့နယ် ၁၅ မြို့နယ်ရှိ ဆောင်းနေကြာစိုက်ဧက ၂၅၀၀ အတွက် ငွေကျပ် သိန်း ၃၇၀၀ ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်များ ရရှိစေရန်အတွက် တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

"ဆောင်းနေကြာစိုက်တောင်သူတွေကို ဆက်စပ်ဌာနတွေရဲ့ ထောက်ခံချက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီးတော့ နိုဝင်ဘာတစ်လအတွက် ချေးငွေတွေကို ချေးပေးသွားမှာပါ။ ဒေသတွင်း စားသုံးဆီဖူလုံစေဖို့အတွက်နဲ့ ဧရိယာတွေကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးတာပါ။ ဒီလထဲမှာ မြို့နယ် ၁၅ မြို့နယ်က တောင်သူတွေကို ချေးပေးသွားမှာပါ။ စိုက်ပျိုးချိန်မှာ တောင်သူတွေ အဆင်ပြေစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးနေတာပါ" ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ချေးပေးရာတွင် ဆောင်းနေကြာတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ချေးပေးမည့်မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ စဉ့်ကိုင်၊ တံတားဦး၊ မြစ်သား၊ ရမည်းသင်း၊ သာစည်၊ မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၁၀**

ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဝှစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ် ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုရိုတာဗစ်ဇ်၊ ဆူဇူကီးဆွစ်၊ တိုရိုတာကလူဂါ စသည့်ကားများလည်း အရောင်းအဝယ်ရှိလာကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

ကားဈေးကွက်အတွင်း ပုံမှန်အရောင်းအဝယ်ရှိလာကြောင်း၊ ငွေကျပ်သိန်း ၃၅၀ ခန့် ဈေးတန်းရှိကားလေးများ အရောင်းအဝယ်ရှိနေပြီး ညာမောင်းကား ၁၃၀၀ စီစီကားများမှ ငွေကျပ် သိန်း ၂၅၀ အောက် နံပါတ်ထွက်ပြီးသားကားများနှင့် အလယ်အလတ်၊ အမြင့်ကားများကိုလည်း မေးမြန်းမှုများ ပြန်ရှိလာကြောင်း သိရသည်။

ကားဈေးကွက်အတွင်း စလစ်ဖြစ်မည့် အပ်ကားရှားပါးလာမှုကြောင့် စလစ်ဈေးနှုန်းများ ပြန်လည် မြင့်တက်လာပြီး သက်တမ်းနှစ် ၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇော်ချမ်းအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခန့်ဆိုင်ကယ်များ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/ 125R/ CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်း မှ ၁၈ သိန်း ၈ သောင်းရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးအောင်ကိုဝင်းက ပြောပြ၍ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်တွင် ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး ဈေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၁၂၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပြည်တွင်းဈေးကွက်အတွင်း ပဲယဉ်းဝယ်ယူမှု များပြားလာကြောင်း၊ ယခုလတ်တလော ပဲယဉ်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ ပဲယဉ်းတွေ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပါတယ်။ ပြည်ပဘက်ကို အဓိကထားတင်ပို့တဲ့ပဲယဉ်းတွေကို ပြည်တွင်းမှာ ဝယ်ယူမှုများတာကြောင့် ဈေးကောင်းပြန်ပြီးရလာပါတယ်။ ကုန်စည်ဒိုင်အတွင်းမှာ ပဲယဉ်းအရောင်းအဝယ်လုပ်တဲ့ကုန်သည်တွေ အခုလတ်တလောပြန်ပြီးများလာတယ်။ ပဲယဉ်းအပြင် အခြားကုန်စည်ကိုလဲ ကြိုက်တဲ့ကုန်သည်တချို့ကတော့ ဝယ်သွားတာတွေရှိတယ်။ အခုကတော့ ပဲယဉ်းက အဝယ်လိုက်နေတာကြောင့် ဈေးကောင်းပြန်ရနေတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း အောက်တိုဘာလ နောက်ဆုံးပတ်က ပဲယဉ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာ ဈေးနှုန်းရှိခဲ့သော်လည်း ယနေ့တွင် ပဲယဉ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုပုန်းမြို့နယ် ကျောက္ကချားကျေးရွာ၌ စိုက်ပျိုးရေးမွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

**ဟိုပုန်း နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက စံဖူးကျေးရွာအုပ်စု ကျောက္ကချားကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ဦးစီးဌာနက ရှေ့ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်တန်းတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းအမျိုးမျိုး၊ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဆောင်ရန်ရှောင်ရန်များနှင့် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ စသည့်ဘာသာရပ်များကို သင်ကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ အသီးသီးလွှဲပြောင်းပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ ဟိုပုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာ၊ ဆရာမများက နိုဝင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းကိုကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**ချိုသန်းညွန့်**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ ၂၇၇၉၇ ဧက စိုက်ပျိုးပြီးစီး



**ထီးချိုင့် နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံ ၂၇၇၉၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစုံဧက ၁၅၂၆၁၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းသီးနှံ ၂၇၇၉၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံဧကတစ်သိန်းကျော်စိုက်ဖို့ လျာထားပါတယ်။ အခုလက်ရှိမှာတော့ ဧကနှစ်သောင်းကျော်စိုက်ပြီးပြီ။ဆောင်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးလာပါတယ်။ ဒီနှစ်ဆောင်းသီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးဝင်းက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် နွေစပါး ၁၀၆၂၁ ဧက၊ပဲမျိုးစုံ ၄၀၆၄၁ ဧက၊ ဆီထွက်သီးနှံ ၃၆၃၄၃ ဧက၊ ကြံ ၅၁၁၇၄ ဧက၊ စားဖိုဆောင်းသီးနှံ ၁၃၀၆ ဧက၊ အခြားသီးနှံ ၁၂၅၂၈ ဧက စုစုပေါင်း ၁၅၂၆၁၃ ဧက လျာထားစိုက်ပျိုးနေပြီး စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲမျိုးစုံဧက ၁၀၂၀၀၊ ဆီထွက်သီးနှံ ၁၂၈၈၂ ဧက၊ အခြားသီးနှံ ၄၇၁၅ ဧက စုစုပေါင်း ၂၇၇၉၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးမည့်တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်၊ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ရန်၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှတောင်သူမျိုးစေ့များဖလှယ်ခြင်း၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစုံဧက ၁၈၉၄၇၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဖြူးမြို့နယ် ကျွဲမကူးကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဖြူး နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲမကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၅၀၇ သိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းကျော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွဲမကူးကျေးရွာတွင် အလျား ၁၀ ပေ၊ အနံ လေးပေ၊ အမြင့် သုံးပေရှိ Slab Culvert နှစ်စင်း၊ အလျား ၁၂ ပေ၊ အနံ လေးပေ၊ အမြင့် သုံးပေရှိ Slab Culvert တစ်စင်းတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းကျော်ထံမှ သိရသည်။

**မောင်နိုင်**

# ငါန်းခွန်မြို့နယ်၌ ရေဖိုးရေခကောက်ခံခြင်းနှင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးသင်တန်း ပို့ချ

**ငါန်းခွန် နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းခွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဖိုးရေခကောက်ခံခြင်းနှင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေး သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းခွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးအောင်က သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငါန်းခွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးဝင်းထွန်းက ကျေးလက်ရေရရှိရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ရေဖိုးရေခကောက်ခံမှုစနစ်၊ စာရင်းဇယားရေးသွင်းရမည့် ပုံစံများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းလွှဲပြောင်းမှုမှတ်တမ်းလွှာကို ပေးအပ်ရာ သက်ဆိုင်ရာ ရေကော်မတီဝင်များက လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သော မြင်သာကျေးရွာ၊ ဝေပုလ္လကျေးရွာတို့မှ ရေကော်မတီဝင် ၁၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်ရက်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နမ့်စန်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**နမ့်စန် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင် ကျေးရွာခြောက်ရွာမှ ကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရေးဆွဲနည်းနှင့် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ် (AVIP) နှင့်ပတ်သက်သည့် သင်ခန်းစာများ၊ စီမံကိန်းရေးဆွဲနည်းသင်ခန်းစာများကို သင်ကြားပို့ချသည်။

အဆိုပါသင်တန်းသို့ နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးဆောင်ရွက်မည့် ဝမ်ကုလားကျေးရွာ၊ လွယ်ငင်းကျေးရွာ၊ လွိုင်ချိုကျေးရွာ၊ ကုန်းလမ်းကျေးရွာ၊ ကုန်းယောင်းကျေးရွာ၊ ၂၉ မိုင် ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၈ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတမြေပုံရေးဆွဲနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ယနေ့မှ နိုဝင်ဘာ ၁၂ ရက်ထိ သုံးရက်ကြာအခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သံသာ**



# လမ်းပေါ်ကလူ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

**"ယာဉ်စည်းကမ်းကို ဘယ်တော့မှ မရိုးဖောက်တော့ပါဘူးလို့ ကားမှောက်ပြီး သေဆုံးသွားတဲ့ ယာဉ်မောင်းက ဆေးရုံပေါ်မှာ သေခါနီးပြောသွားတယ်"**

ယာဉ်မောင်းများ စည်းကမ်းမဲ့ပုံကို ကာတွန်းဆရာတစ်ဦးက ဖော်ပြပါအတိုင်း ကလိခဲ့ရှိခဲ့သည်။

**"ပလက်ဖောင်းပေါ်မှာ လမ်းလျှောက်ရတာ အန္တရာယ်ရှိလို့ ခတ်ကြိုးပေါ်ကပဲ လမ်းလျှောက်ရတော့မယ်"**

လမ်းပေါ်ကလူ၏ ညည်းတွားပုံကို ကာတွန်းဆရာတစ်ဦးကလည်း ဖော်ပြပါအတိုင်းယာဉ်မောင်းကိုပင်အပြစ်ဖို့ထားပါလေ၏။

ယာဉ်မောင်းများကို စုပြုံဝိုင်းအုံပြီး လက်ညှိုးထိုးကာ အပြစ်အမျိုးမျိုးပြောကြသည်၊ ရေးသားကြသည်မှာ တစ်ဖက်သတ်ကျလွန်းနေသည်။

"လမ်းပေါ်က ကျွန်တော်တို့လူတွေကလဲ စည်းကမ်းရှိကြရဲ့လား"ဟု ကျွန်တော်မေးလိုက်ချင်သည်။

ပလက်ဖောင်းပေါ်ကလူကို ကားကတိုက်သည်ဟု အပြစ်ပြောကြသကဲ့သို့ လမ်းမကြီးပေါ်က ကားများကိုရော လမ်းပေါ်က လူများက အနှောင့်အယှက်မပေးကြဘူးလား။ မှန်ရာကိုသစ္စာဆိုကာ ဖြေကြစေချင်သည်။

လမ်းလျှောက်သူ၊ လမ်းကူးသူများအတွက် လိုက်နာရန် စည်းကမ်း ၁၂ ချက်သတ်မှတ်ထား၏။ ထိုစည်းကမ်းချက်များကို တီဗီနှင့် ရုပ်ရှင်ရုံများမှတစ်ဆင့် ကြေညာသတိပေးခဲ့ဖူးသည်။ သတင်းစာများတွင်လည်း ကြေညာခဲ့သေး၏။

အမှုမဲ့၊ အမှတ်မဲ့ နေသူများနှင့် လုံးဝမသိကြသေးသူများအတွက် အသက်ဘေးမှ ကင်းဝေးစေရန် မျှဝေပေးလိုက်ပါသည်။

**ခြေကျင်သွားများ သို့မဟုတ် လမ်းပေါ်ကလူများ လိုက်နာရမည့်စည်းကမ်း**

၁။ လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသည့်လမ်းက သွားရမည်။

၂။ လူသွားစင်္ကြံမရှိလျှင် လမ်း၏လက်ဝဲဘက်နံဘေးမှကပ်ပြီး ယာဉ်ကြောကို မျက်နှာမူပြီး သွားရမည်။ (လူသွားစင်္ကြံများရှိသော်လည်း စင်္ကြံအောက်ကသာ ဖြတ်လျှောက်နေကြသည်။)

၃။ လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်း မလျှောက်ရ။ (လမ်းပေါ်မှာ ရပ်နေခြင်း၊ ထိုင်နေခြင်း၊ ကစားနေခြင်း၊ လမ်းပေါ်ထွက်ပြီး ကားတားခြင်းမလုပ်ရ။)

၄။ လိုင်းကားစီးလျှင် သတ်မှတ်ထားသောနေရာမှသာ စီးရမည်။ ဆင်းရမည်။

၅။ လမ်းဖြတ်ကူးလျှင် မျဉ်းကျား သို့မဟုတ် သတ်မှတ်ထားသော နေရာမှ ကူးရမည်။

၆။ လမ်းကူးလျှင် ရပ်/ဘယ်ကြည့်/ညာကြည့်/ဘယ်ပြန်ကြည့်/ညာပြန်ကြည့် လမ်းရှင်းမှ ကူးရမည်။ (လိုင်းကားပေါ်က ဆင်းပြီး လမ်းဖြတ်ကူးကြသူများ၊ လိုင်းကားရှေ့မှ ဖြတ်မကူးဘဲ လိုင်းကားနောက်ဘက်ကသာ လမ်းရှင်းမရှင်း သေချာကြည့်ပြီးမှ လမ်းဖြတ်ကူးပါ။)

၇။ လမ်းကို ကန့်လန့်ဖြတ်တည့်တည့်ကူးရမည်။

၈။ သတ်မှတ်ထားသည့်နေရာက ဖြတ်ကူးလျှင် ညာဘက်ခြမ်းက ဖြတ်ကူးရမည်။

၉။ လမ်းဆုံမှာ ခွင့်ပြုမထားလျှင် ထောင့်ဖြတ်ကူးရမည်။

၁၀။ ကားအထွက် မီးစိမ်းပြနေသောလမ်းကို ဖြတ်မကူးရ။

၁၁။ မြင်ကွင်းကွယ်သောနေရာမှ လမ်းပေါ်ကို ရုတ်တရက်ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း မလုပ်ရ။ (လိုင်းကားပေါ်မှဆင်းပြီး ချက်ချင်း လိုင်းကားရှေ့ဘက်မှ (မြင်ကွင်းကွယ်ရာ) ဖြတ်ကူးကြသဖြင့် သေကျေဒဏ်ရာရသူများစွာရှိသည်။)

၁၂။ ကြီးကြပ်ထိန်းသိမ်းသော ယာဉ်ထိန်းရဲရှိလျှင် သူ၏ညွှန်ကြားချက်အတိုင်း လိုက်နာရမည်။

**❖ လူရမ်းကားများ၊ အမူးသမားများအပြင် လမ်းဖြတ်ကူးသည့်အခါ ဆင်မယဉ်သာ ခြေလှမ်းမျိုးဖြင့် လက်ကိုင်ဖုန်းဆက်ရင်း လူပ်လီလူပ်လဲ့ ပုရွက်ဆိတ်သွားသကဲ့သို့ လမ်းကူးနေသူများ၊ ကြိုးတန်းပေါ်တွင် လမ်းလျှောက်နေသကဲ့သို့ တရွေ့ရွေ့သာလမ်းဖြတ်ကူးနေကြသူများ၊ အိမ်ရှေ့လသာပြင်တွင် လေညင်းခံလမ်းလျှောက်နေသကဲ့သို့ မထီမဲ့မြင် ညင်ညင်သာသာ လမ်းဖြတ်ကူးနေကြသူများ၊ ကျပ်နေသောစကတ်ကြောင့် ခြေတုပ်ဒူးတုပ်ဖြစ်ကာ လမ်းမြန်မြန်မလျှောက်နိုင်သူများကား ယာဉ်မောင်းသူများအတွက် အနှောင့်အယှက်ပေးလွန်းသူများပင်ဖြစ်သည်။ ❖**

သို့သော် အဆိုပါ သတိပေးကြေညာချက်များကို ဥပေက္ခာပြု လျစ်လျူရှုကာ စည်းကမ်းမဲ့စွာ သွားလာနေကြသည်။ လမ်းကိုကူးချင်သလိုကူး၊ ဖြတ်ချင်သလို ဖြတ်နေကြသည်။ ခတ်ကြိုးပေါ်တက် လမ်းလျှောက်ဖို့ နေနေသာသာ ပလက်ဖောင်းပေါ်ကပင် မလျှောက်ဘဲ ယာဉ်သွားလမ်းမကြီးပေါ်မှာပဲ ရဲရဲတင်းတင်း မခန့်လေးစားသွားလာနေကြသည်။ ခုံးကျော်တံတားများ၊ လူသွားစင်္ကြံများ မည်သို့ပင်ဆောက်လုပ်ပေးထားထား လုံးဝထည့်သွင်းမစဉ်းစားကြဘဲ ကြုံသလိုဖြတ်ကူးနေကြသည်။

တချို့ဆိုလျှင် ကားအသွားအလာ ရှုပ်ထွေးလှသောနေရာများတွင် သူတို့ကိုယ်သူတို့ ဘဲလေးကချေသည်များကဲ့သို့ ကော့ကော်ကံကားပုံစံများဖြင့် လမ်းသလားကာ အရှောင်အတိမ်း ဂျက်စီဂျိမ်းလုပ်နေကြသည်။ ကားသမားများက စိုးရိမ်စိတ်ဖြစ်နေကြသော်လည်း သူတို့ကတော့ အပြုံးပင်မပျက်ကြပေ။

**"ငါလိုလူကို ဘယ်ကားသမားက တိုက်ဝံ့မှာလဲ"**

ဟူ၍ မခိုတရို့ပုံစံမျိုးဖြင့် ဝင့်ကြွားဂုဏ်ယူဟန်ပင်ပြနေကြသေးသည်။

ကားနှင့်ပွတ်မိတိုက်မိလျှင် လျော်ကြေးတောင်းရန် တာစူထားကြလေ့ရှိသည်။ လျော်ကြေးမတောင်းနိုင်ဘဲ အလောင်းဖြစ်ကာ အခေါင်းထဲရောက်သွားတတ်သည်ကို မတွေးတောကြ။ မသေဘဲ တစ်သက်လုံး အိပ်ရာထဲက မထနိုင်ဘဲ ဒုက္ခိတဘဝနဲ့ ရှင်လျက်သေနေမည့်ဘေးကို မတွေးကြ။

ရန်ကုန်မြို့ ညောင်ပင်လေးဈေးရှေ့ လူရောကားပါ စည်ကားလွန်းသည့်နေရာမျိုး၌ စည်းကမ်းမဲ့ လက်တွန်းလှည်းများက လမ်းလယ်တွင် ကားရှေ့ကပိတ်ပြီး ထင်သလိုသွားလာနေကြသကဲ့သို့ စည်ပိုင်းကြီး၊ စည်ပိုင်းငယ်အသွယ်သွယ်ကို ခြေဖြင့်ကန်၊ လက်ဖြင့် တွန်းပြီး ဆပ်ကပ်ပွဲမှ ကျွမ်းဘားသမားများ အရှုံးပေးရလောက်အောင် လမ်းမပေါ်တွင် စည်းကမ်းမဲ့လွန်းစွာ သယ်ယူသွားလာနေကြသည်။

ကားသမားအများစု ကြောက်ရွံ့ရသည့်နေရာမှာ ညောင်ပင်လေးဈေးရှေ့ဝန်းကျင်ဖြစ်သည်။ ကားသမားများသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စည်းကမ်းမဲ့သူ လူတစ်စုက အုပ်စုအားကိုးဖြင့် ဗိုလ်ကျစိုးမိုးကြလေ့ရှိသည်။

ကျွန်တော်စီးလာသော တက္ကစီကားရှေ့တွင် လူငယ်နှစ်ဦး လမ်းလယ်ကောင်မှာရပ်ပြီး စကားပြောနေကြသည်။ ကားသမားက ဟွန်းတီးပြီး အော်ဟစ်သတိပေးသော်လည်း လူငယ်နှစ်ဦးက လှည့်၍ပင်မကြည့်ကြပေ။

"ဟေ့ကောင်တွေ ဒါလမ်းမကွ။ စကားပြောရင် လမ်းဘေးမှာ ရပ်ပြောကြ"ဟု ကားသမားက ဒေါကန်၍ပြောသောအခါ လူငယ်တစ်ဦးက နောက်ပြန်လှည့်ပြီး လွယ်ထားသော လွယ်အိတ်နှင့် ကားမှန်ဆီသို့ ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ ကားသမားက လန့်သွားကာ ငြိမ်ကျသွားပါတော့သည်။

"ဆရာရေ ငြိမ်နေပေတော့။ ကားမှန်ကွဲသွားမယ်လို့ သတိပေးလိုက်တာဗျ"ဟုဆိုကာ သူတို့ကို ကွေ့ရှောင်၍ မောင်းခဲ့ရသည်။

ထိုသို့သော လူရမ်းကားများ၊ အမူးသမားများအပြင် လမ်းဖြတ်ကူးသည့်အခါ ဆင်မယဉ်သာ ခြေလှမ်းမျိုးဖြင့် လက်ကိုင်ဖုန်းဆက်ရင်း လူပ်လီလူပ်လဲ့ ပုရွက်ဆိတ်သွားသကဲ့သို့ လမ်းကူးနေသူများ၊ ကြိုးတန်းပေါ်တွင် လမ်းလျှောက်နေသကဲ့သို့ တရွေ့ရွေ့သာ လမ်းဖြတ်ကူးနေကြသူများ၊ အိမ်ရှေ့လသာပြင်တွင် လေညင်းခံ လမ်းလျှောက်နေသကဲ့သို့ မထီမဲ့မြင် ညင်ညင်သာသာ လမ်းဖြတ်ကူးနေကြသူများ၊ ကျပ်နေသောစကတ်ကြောင့် ခြေတုပ်ဒူးတုပ်ဖြစ်ကာ လမ်းမြန်မြန်မလျှောက်နိုင်သူများကား ယာဉ်မောင်းသူများအတွက် အနှောင့်အယှက်ပေးလွန်းသူများပင်ဖြစ်သည်။

ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများအနေဖြင့် အလေးထားကြီးကြပ်နေသည့်ကြားမှ နှစ်စဉ်ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကို သုံးသပ်ကြည့်လျှင် ရင်လေးဖွယ်ကောင်းလှသည်။ လူဦးရေ များပြားလာသလို ကားစီးရေကလည်း များပြားလာသည်။ ထိုနည်းတူ စည်းကမ်းမဲ့သူများကလည်း တိုးပွားနေသည်။ စည်းကမ်းမဲ့သူများ တိုးပွားလာသကဲ့သို့ သေကျေဒဏ်ရာရသူများလည်း သိသိသာသာများပြားလာသည်။

သို့ဖြစ်၍လည်း နေ့စဉ်ထုတ်သတင်းစာများနှင့် တီဗီမှ အောက်ဖော်ပြပါအတိုင်း သတိပေးနှိုးဆော်ခဲ့ကြသေးသည်။

**သတိပေးနှိုးဆော်ချက်**

**ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ခြေကျင်သွားလာသူများ၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။**

**လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များကလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။**

**ခြေကျင်သွားလာသူများအနေဖြင့် လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက "ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်၊ လမ်းရှင်းမှကူး"စနစ်ဖြင့် သွားလာကြပါရန်သတိပေးနှိုးဆော်အပ်ပါသည်။**

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

ဤနေရာတွင် တာဝန်ရှိသူများအနေဖြင့်လည်း လူကူးမျဉ်းကျားများကို ထင်ရှားအောင် အမြဲတမ်းပြုပြင်ပေးရန်လိုအပ်ခြင်း၊ မှတ်တိုင်အရေအတွက်နှင့် လူကူးမျဉ်းကျားထားသင့်သည့်နေရာများ စိစစ်ခြင်း၊ မီးပွိုင့်တွင် မီးပျက်ပါက ကြီးကြပ်မှုလိုအပ်ခြင်း စသည့်အားနည်းချက်များကို အချိန်ပြည့်ဖြည့်ဆည်းပေးနေသင့်သည်။

**"အသက်ထက် အရေးကြီးတာ ဘာမျှမရှိပါ"**

ဤသို့ဆိုလျှင် **"ယာဉ်ကို လူက လေးစား၊ လူကို ယာဉ်က လေးစား၊ အပြန်အလှန်အလေးထား"**၊ **"လမ်းဖြတ်ကူးလျှင် သတိယှဉ် ယာဉ်အလာအသွား သတိထား"**ဟူသော ဆောင်ပုဒ်နှင့်အညီ စည်းကမ်းသိသိ၊ သတိရှိရှိ စာနာစိတ်အပြည့်ဖြင့် အသက်ဘေးကို ကြည့်၍ လိုက်နာကျင့်ကြံကာ ယာဉ်အန္တရာယ်ဘေးမှ ကင်းဝေးကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

---

# ရေနံချောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ရက် ညနေပိုင်းက ညောင်ပင်ဝန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဒေါ်ခင်ဆွေသက်က စာရင်းဇယားများကိုစနစ်တကျ ဖြည့်သွင်းထားစေလိုကြောင်းနှင့် အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ညောင်ပင်ဝန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၇၅၀၀၀၀ ကိုလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ဝန်းကျေးရွာတွင် သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို စီမံကိန်း ရန်ပုံငွေကျပ် ၄၇၇၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**နှံ့ယဉ်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၇ သန်းကျော် တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယခုနှစ် အောက်တိုဘာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁၇ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်ပသို့ ယခုနှစ် အောက်တိုဘာလအတွင်း ရော်ဘာများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၃၅၀ နှင့်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၃၅ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၀၃၂၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရော်ဘာများကို အောက်တိုဘာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၃၁၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀၀ နှင့် မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၀ ကျော် စုစုပေါင်း ရော်ဘာတန်ချိန်၂၃၅၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း၊ ထို့အတူ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက တင်ပို့ရောင်းချပေးရာတွင် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၉၂၆၀ ကျော်နှင့် ထိုင်းနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၆၀ စုစုပေါင်း ရော်ဘာတန်ချိန် ၁၀၃၂၀ တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် RSS-3, Natural Rubber MSR (20) နှင့် RSS-5 ရော်ဘာအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချပေးခဲ့ကြောင်း၊ လက်ရှိ ရော်ဘာတင်ပို့မှုကဏ္ဍတွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပေးနေသည့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အခွင့်အရေးကောင်းများ ရရှိနေကြောင်း သိရသည်။ SKL



# ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေးဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၅၉၅ သန်းဖြင့် ကျွဲတိကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာလမ်းဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျွဲတိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၁ ဒသမ ၁ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် Slab Culvert တစ်စင်း၊ Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို Shwe Group ကုမ္ပဏီက ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျွဲတိကျေးရွာမှ အိမ်ခြေ ၄၆၅ အိမ်၊ လူ ၂၂၅၈ ဦး၏ စိုက်ပျိုးမြေများမှ ထွက်ရှိသောသီးနှံများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

ဝင်းမာ

# မွေးမေ့မှာတမ်း

\- မဲဇလီအောက် တမာပေါက်သော်
ပေါက်သည့်တမာ ခါးချက်နာလည်း
ခါးပါသည့်တွက် စိတ်မကွက်ဘဲ
ခါးသက်ခြင်းလျှင် သူ့စွမ်းအင်ဟု
သူ့တွင်ရစ်ပတ် သူ့ဂုဏ်ဒြပ်ကို
သိမှတ်တော်ဖြောင့် သူ့ဂုဏ်စောင့်ကာ
သားမောင့်စိတ်ရင်း ဖြူပါစေ။

\- ရေစီးတစ်ခါ ရှိခဲ့ပါမူ
ရေသာတစ်ပြန် ရှိမြဲမှန်၏
စုန်ဆန်လှည့်ခွေ ကံလည်းခေသော်
ပေဖြစ်သည့်ခိုက် သူ့စိတ်ကြိုက်ပေါ့
ထုလိုက်ပါစေ ခွင့်လွှတ်ချေလည်း
ပေမှတစ်ဖန် တူဖြစ်ပြန်လျှင်
ငါနှံလိုက်မည် ချေပမည်ဟု
ကြံစည်သွေးနိုး မာနမိုးဖြင့်
အငြိုးစကား ပျိုးမထားဘဲ
မေ့သားစိတ်ရင်း ဖြူပါစေ။

\- "သစ်နှစ်ပင်ကြား ပေါက်သည့်ဝါးလျှင်
အဖျားကိုင်း၏ တိမ်းညွတ်၏တဲ့
အမိယုတ်သား ဖြစ်ပေငြားမူ
စကားရိုင်း၏ ရုန့်ရင်း၏"တဲ့
ဆိုသည့်စကား လက်ကိုင်ထားကာ
စိတ်ထားဝန်တို
မလိုက္ကသာ အဘိဇ္ဈာဖြင့်
သိက္ခာမဲ့ကင်း သူ့ခံတွင်းမှ
အတင်းစကား တစ်ဖန်ကြားလည်း
မေ့သားတုံ့ပြန် နှုတ်မလှန်ဘဲ
ရင့်သန်စိတ်ရင်း ဖြူပါစေ။

\- စိတ်နေမြင့်မြတ် ခွင့်လွှတ်တတ်အောင်
ရပ်နှင့်ရွာနှင့် အနေသင့်အောင်
နိမ့်မြင့်ခွဲခြား တွေးမမှားအောင်
သားငယ်စဉ်က တဖွဖွဖြင့်
ဆုံးမခဲ့ပေ သွန်သင်ပေသည်
သို့ပေသော်ငြား အမေ့သားငဲ့
တို့များမြန်မာ ဂုဏ်သိက္ခာနှင့်
တို့ရွာတို့ရပ် ထိပါးလတ်လျှင်
သေနတ်လှံဓား မဆိုထားနှင့်
စွမ်းအားထက်ဆုံး လောင်စာဗုံးပင်
လုံးဝမရှုံ့ နောက်မတွန့်ဘဲ
သက်စွန့်ကြိုးကာ ရဲရင့်စွာလျှင်
ငါတို့လူမျိုး သခင်မျိုးမို့
ဘိုးဘွားအမွေ ထိန်းသိမ်းလေဟု
မွေးမေစကား လက်ဆောင်ပါးသည်
သားမောင် စစ်သည့်သို့တကား။ ။

**မြင်းမူမောင်နိုင်မိုး**

# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံပြီးချိန်တွင် ကုန်သွယ်ရေးမူဝါဒပြဿနာဆွေးနွေးရန် ဂျိုးဘိုင်ဒင် စီစဉ်ထား



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပနိုင်ချိန်တွင် တရုတ်(တိုင်ပေ)ပြဿနာကို အကြောင်းပြု၍ တရုတ်-အမေရိကန် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုကိစ္စနှင့် ကုန်သွယ်ရေးမူဝါဒ ပြဿနာများ ဆွေးနွေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က စီစဉ်ထားကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၉ ရက်က ဖော်ပြခဲ့သည်။

ထို့ပြင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံချိန်တွင် တရုတ်-ရုရှား ဆက်ဆံရေးကိစ္စကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က နိုဝင်ဘာ ၉ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

လာမည့် သီတင်းပတ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံကာလအတွင်း သမ္မတ ရှီကျင့်ဖျင်နှင့် သမ္မတဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် တရုတ်တာဝန်ရှိသူများနှင့် ညှိနှိုင်းနေကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၁၅ ရက်တွင် စတင်ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တက်ရောက်မည် ဖြစ်သော်လည်း ခေါင်းဆောင်နှစ်ဦးကြား ထိပ်သီးဆွေးနွေးပွဲဖြစ်မြောက်မှု ရှိ၊ မရှိကို နှစ်ဖက်တာဝန်ရှိသူများက အတည်ပြုခြင်းမရှိသေးကြောင်း သိရသည်။

ယခုနှစ် ဩဂုတ်လအတွင်း အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီ တရုတ်(တိုင်ပေ)သို့ ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာခဲ့ရသည်။ KKO

## ဘာလီကျွန်း ဂျီ-၂၀ ထိပ်သီးညီလာခံသို့ ရုရှားသမ္မတ ကိုယ်တိုင်တက်ရောက်မည်မဟုတ်

**ဂျကာတာ နိုဝင်ဘာ ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ လာမည့်သီတင်းပတ်အတွင်း ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ ရုရှားသမ္မတ ပူတင်အနေဖြင့် လူကိုယ်တိုင်တက်ရောက်တော့မည် မဟုတ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သို့ရာတွင် သမ္မတ ပူတင်အနေဖြင့် ဂျီ-၂၀ ထိပ်သီးညီလာခံသို့ လူကိုယ်တိုင် တက်ရောက်မည် မဟုတ်သော်လည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်နိုင်ဖွယ်ရှိကြောင်း ရုရှားနှင့် အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ဂျီ-၂၀ ထိပ်သီးညီလာခံသို့ လူကိုယ်တိုင် တက်ရောက်မည့်အစီအစဉ်ကို သမ္မတ ပူတင်က ဘာကြောင့် ဖျက်သိမ်းခဲ့ရသည်ကို ရုရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများနှင့် ယူကရိန်းတို့က ကန့်ကွက်ထားသည့်တိုင် ယခုနှစ်၏ ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံသည် ရုရှားသမ္မတ ပူတင်ကို ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် တရားဝင်ဖိတ်ကြားထားသည်။

သို့သော်လည်း ဂျီ-၂၀ ထိပ်သီးညီလာခံသို့ သမ္မတပူတင်ကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် တက်ရောက်မည်ဖြစ်သည်။ KKO



## အီလွန်မက်စ်နှင့်အခြားနိုင်ငံများကြား ဆက်ဆံရေးကို စောင့်ကြည့်သင့်ကြောင်း အမေရိကန်သမ္မတပြောကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

တွစ်တာလူမှုမီဒီယာ ကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်နှင့် အခြားနိုင်ငံများကြား ဆက်ဆံရေးကို စောင့်ကြည့်သင့်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတစ်ခု၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် အီလွန်မက်စ်ကို အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ယူဆထားခြင်း ရှိ၊ မရှိဟူသော မေးခွန်းကို သမ္မတဂျိုးဘိုင်ဒင်က ထိုကဲ့သို့ တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ခြင်းဖြစ်သည်။

အီလွန်မက်စ်၏ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ လုပ်ငန်းသဘောအရ ဆက်ဆံမှုများကို စောင့်ကြည့်သင့်သည်ဟု မိမိယူဆထားကြောင်း သမ္မတဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

တွစ်တာကုမ္ပဏီကို ဝယ်ယူမှုအပါအဝင် အီလွန်မက်စ်၏ စီးပွားရေးလုပ်ငန်းအချို့ကို အမျိုးသားလုံခြုံရေးအရ ပြန်လည်သုံးသပ်ရန် အမေရိကန်အစိုးရက စီစဉ်နေသည်ဟူသော သတင်းများမှာ ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက ပေါ်ထွက်လာခဲ့သည်။

သို့ရာတွင် အဆိုပါ သီတင်းမှာ မှန်ကန်မှုမရှိကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်က ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ငြင်းဆိုထားသည်။

ကမ္ဘာ့အချမ်းသာဆုံး လူပုဂ္ဂိုလ်ဖြစ်သည့် အီလွန်မက်စ်သည် တွစ်တာကုမ္ပဏီကို ဝယ်ယူရာတွင် ဆော်ဒီအာရေဗျ လုပ်ငန်းစုကြီးတစ်ခု၏ အကူအညီကိုရယူခဲ့သလို ရုရှားသမ္မတ ပူတင်၊ ရုရှားအစိုးရတို့နှင့် တိုက်ရိုက်ဆက်သွယ်၍ ယူကရိန်းကိစ္စ ဆွေးနွေးဖူးသည်ဟု သတင်းထွက်ပေါ်ခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## ၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ရည်ရွယ်ထား

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထပ်မံပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က နိုဝင်ဘာ ၈ ရက် ကွန်ဂရက်လွှတ်တော်ရွေးကောက်ပွဲရလဒ်များကို ကြေညာနေစဉ်အတွင်း သမ္မတ ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ရေး အလားအလာနှင့်ပတ်သက်၍ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိအနေဖြင့် ၂၀၂၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရေးနှင့်ပတ်သက်၍ အပြီးသတ်ဆုံးဖြတ်ချက်ကို လာမည့်နှစ်စပိုင်းတွင် ချမှတ်နိုင်ဖွယ်ရှိကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ယခုလတွင် အသက် ၈၀ပြည့်ပြီဖြစ်သော သမ္မတ ဂျိုးဘိုင်ဒင်မှာ သမ္မတ ရာထူးဒုတိယ သက်တမ်းအတွက် ရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်ရန် စီစဉ်ထားခြင်း ရှိ၊ မရှိမှာ အများစိတ်ဝင်စားနေသည့် ကိစ္စတစ်ရပ်လည်းဖြစ်သည်။

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ထပ်မံယှဉ်ပြိုင်ရေးအတွက် မိမိ၏ မိသားစုက အားပေးတိုက်တွန်းထားသော်လည်း မိမိအနေဖြင့် အပြီးသတ်ဆုံးဖြတ်ချက်ကို အလောတကြီးချမည်မဟုတ်ကြောင်း အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲတွင် သမ္မတ ဂျိုးဘိုင်ဒင်၏ ၂၀၂၀ ရွေးကောက်ပွဲ ပြိုင်ဘက်ဖြစ်သည့် ရီပတ်ဘလီကန် သမ္မတဟောင်း ဒေါ်နယ်ထရန့်လည်း ပါဝင်ယှဉ်ပြိုင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO

## အမေရိကန်လွှတ်တော်ရွေးကောက်ပွဲများ၌ အောက်လွှတ်တော်ကို ရီပတ်ဘလီကန်များ ထိန်းချုပ်နိုင်ဖွယ်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်သမ္မတ သက်တမ်းနှစ်လယ် လွှတ်တော်ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန်ပါတီက အောက်လွှတ်တော်ကို ထိန်းချုပ်ခွင့်ရရန် အလားအလာကောင်းနေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ထွက်ပေါ်လာသည့် ရလဒ်များအရ ရီပတ်ဘလီကန်ပါတီသည် အောက်လွှတ်တော်၌ အမတ်နေရာ အနည်းဆုံး ၂၁၀ ထိ ရယူထားရာ လွှတ်တော်ကို ထိန်းချုပ်နိုင်ရန်အတွက် အမတ်နေရာ ရှစ်နေရာသာ လိုအပ်တော့ကြောင်း သိရသည်။

ရီပတ်ဘလီကန်များအနေဖြင့် အောက်လွှတ်တော်ကို ထိန်းချုပ်နိုင်ရန် အလားအလာကောင်းနေသော်လည်း အမတ်နေရာ ၃၃ နေရာအတွက် ဒီမိုကရက်တစ်ပါတီနှင့် အကြိတ်အနယ် ယှဉ်ပြိုင်နေရဆဲဖြစ်သည်။




အောက်လွှတ်တော်ကို ရီပတ်ဘလီကန်ပါတီ ထိန်းချုပ်နိုင်ခဲ့ပါက လက်ရှိ သမ္မတ ဂျိုးဘိုင်ဒင်၏ လက်ကျန်သက်တမ်း ဥပဒေပြုရေး လုပ်ငန်းစဉ်များကို တားဆီးနိုင်ခွင့် ရှိမည်ဖြစ်သည်။

အမေရိကန်သမ္မတ သက်တမ်းနှစ်လယ် သမ္မတ ရွေးကောက်ပွဲများကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲများ၌ ရီပတ်ဘလီကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့သည် အထက်လွှတ်တော်ကို ထိန်းချုပ်ရေးအတွက်လည်း အကြိတ်အနယ်အားပြိုင်နေရဆဲဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်က နေစွမ်းအင်ပြားပြဿနာရှိခဲ့သည့်တိုင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၀**

နော့သ်ရော့ဂရူးမင်း အာကာသနည်းပညာကုမ္ပဏီ၏ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နေစွမ်းအင်ပြားပြဿနာတစ်ရပ် ရှိခဲ့သည့်တိုင် နိုဝင်ဘာ ၉ ရက်က နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၏ စက်ရုပ်လက်တံ အကူအညီဖြင့် ဆိုက်ကပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းရှိ အာကာသယာဉ်မှူးများအတွက် သိပ္ပံစမ်းသပ်ပစ္စည်းများနှင့် စားရေရိက္ခာပစ္စည်းစုစုပေါင်း ပေါင် ၈၂၀၀ ကို သယ်ဆောင်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)နှင့် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီတို့သည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို အန်းတားရက်စ်ဒုံးပျံဖြင့် နိုဝင်ဘာ ၇ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ရောက်ရှိချိန်တွင် ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ်သည် နေစွမ်းအင်ပြားနှစ်ချပ်အနက် တစ်ချပ်ကိုသာ ဖြန့်ထုတ်နိုင်ခဲ့သည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းတို့သည် အိန္ဒိယသမုဒ္ဒရာဒေသအထက်၌ ချိတ်ဆက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံက အသစ်တည်ဆောက်ပြီးစီးခါစ တီယန်ကောင်းအာကာသစခန်းသို့ အာကာသကုန်တင်ယာဉ်တစ်စင်း လွှတ်တင်ရေးပြင်ဆင်

**ပေကျင်း နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံသည် အသစ်တည်ဆောက်ပြီးစီးခါစ တီယန်ကောင်းအာကာသစခန်းသို့ အာကာသကုန်တင်ယာဉ်တစ်စင်း လွှတ်တင်ရေးအတွက် ပြင်ဆင်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် နိုဝင်ဘာ ၉ ရက်က လောင်းမတ်ချ်-၇ ဒုံးပျံနှင့် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်တို့ကို ဟိုင်နန်ကျွန်း ဝန်ချန်ပြိုဟ်တုလွှတ်တင်ရေးစခန်း ပစ်လွှတ်နယ်မြေသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၁ ရက်တွင် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။



တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်သည် တီယန်ကောင်းအာကာသစခန်းပေါ်သို့ မကြာမီ ရောက်ရှိလာမည့် ရှန်ကျိုး-၁၅ အာကာသ ယာဉ်မှူးများအတွက် အထောက်အပံ့ပစ္စည်းများ သယ်ဆောင်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်း၌ ခြောက်လကြာ တာဝန်ထမ်းဆောင်မည့် အာကာသ ယာဉ်မှူးသစ်များကို ယခုလကုန်ပိုင်းတွင် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ဖြင့် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

တီယန်ကျိုးအာကာသ ကုန်တင်ယာဉ်သည် ယာဉ်အလေးချိန် ကီလိုဂရမ် ၁၃၅၀၀ ရှိပြီး ကုန်စည်ပမာဏ ကီလိုဂရမ် ၆၉၀၀ ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က WLM ကြယ်စုကို အသေးစိတ်အကျဆုံးဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် WLM ဟူ၍ အမည်ပေးထားသည့် အထီးကျန်ကြယ်စုတစ်စုကို အသေးစိတ်အကျဆုံး ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ကမ္ဘာမြေနှင့်အလင်းနှစ် သုံးသန်းအကွာတွင်တည်ရှိသည့် WLM ကြယ်စုကို စပစ်ဇာအာကာသရေဒီယိုတယ်လီစကုပ်က ၂၀၁၆ ခုနှစ်က ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သော်လည်း ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကဲ့သို့ ပုံရိပ်ထင်ရှားပြတ်သားမှုမရှိခဲ့ပေ။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် WLM ကြယ်စု၏ ကြယ်ဖွဲ့စည်းဖြစ်ပေါ်ပုံများကို လေ့လာဖော်ထုတ်ရန် နာဆာသိပ္ပံပညာရှင်များက ရည်ရွယ်ထားသည်။

Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး မကြာမီမှာပင်ပေါ်ထွက်လာသည့် WLM ကြယ်စုသည် နဂါးငွေ့တန်းကြယ်စု၏ အိမ်နီးချင်းကြယ်စုများတွင် ပါဝင်ကြောင်း သိရသည်။

သို့ရာတွင် ၎င်းကြယ်စုသည် အရွယ်အစားအားဖြင့် နဂါးငွေ့တန်းကြယ်စုထက် ဆယ်ဆပိုသေးငယ်ပြီး အကျယ်ဝန်းဆုံးနေရာ၌ အချင်း အလင်းနှစ် ၈၀၀၀ သာရှိသော ကြယ်စုငယ်ဖြစ်ကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် NIR cam ကင်မရာဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ပါကင်ဆန်လူနာများ၏ ဝမ်းချုပ်မှုပြဿနာကို စမ်းသပ်ဆဲဆေးဝါးသစ်တစ်မျိုးဖြင့် လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် နိုဝင်ဘာ ၁၀**

စမ်းသပ်ဆဲဆေးဝါးသစ်တစ်မျိုးသည် ပါကင်ဆန်ရောဂါလူနာများ ခံစားရတတ်သည့် အမြဲမပြတ် ဝမ်းချုပ်မှုပြဿနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ပါကင်ဆန်လူနာများ၌ ဝမ်းချုပ်မှုပြဿနာသည် အဖြစ်များသည့်ရောဂါနောက်ဆက်တွဲ ကျန်းမာရေးပြဿနာ တစ်ခုဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ENT-01 အမည်ရှိ စမ်းသပ်ဆဲ ဆေးဝါးသစ်တစ်မျိုးသည် ပါကင်ဆန်ရောဂါလူနာများ၏ ဝမ်းချုပ်မှုပြဿနာကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ENT-01 ဆေးသစ်ကို ပါကင်ဆန်ရောဂါနှင့် ၎င်းရောဂါ၏ နောက်ဆက်တွဲဝမ်းချုပ်မှုပြဿနာတို့ရှိနေသူဦးရေ ၁၅၀ တို့တွင် လက်တွေ့စမ်းသပ်အသုံးပြုခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ ENT-01 ဆေးသုံးစွဲပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် လူနာများအနေဖြင့် ဝမ်းမှန်လာကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ENT-01 ဆေးသုံးစွဲပြီးချိန်တွင် ပါကင်ဆန်လူနာများသည် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ်ထိ ဝမ်းပုံမှန်ဖြစ်လာကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## သေချိန်မတန်ဘဲသေဆုံးမှုငါးမှုလျှင် တစ်မှုမှာ အလွန်ပြုပြင်ထားသောအစာ စားသုံးမှုနှင့် ပတ်သက်နေ

**ဘရာဇီးလ်းယား နိုဝင်ဘာ ၁၀**

အရွယ်မတိုင်မီ သေချိန်မတန်ဘဲ သေဆုံးရမှု ငါးမှုလျှင် တစ်မှုမှာ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ စားသုံးမှုနှင့် ပတ်သက်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၉ ရက်က ရေးသားတင်ပြထားသည်။

ဘရာဇီး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ၂၀၁၉ ခုနှစ်အတွင်း အသက် ၃၀ နှင့် ၆၉ နှစ်ကြား ဘရာဇီးနိုင်ငံသား ၅၇၀၀၀ ခန့် သေဆုံးခဲ့မှုမှာ အလွန်အကျွံပြုပြင်ထားသည့် သရေစာများစားသုံးမှုနှင့် ပတ်သက်နေကြောင်း သိရသည်။

အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် သေဆုံးမှုရာနှုန်းသည် အထက်ပါအသက်အရွယ် အပိုင်းအခြားအတွင်း ကြိုတင်တားဆီးနိုင်သည့်ရောဂါများဖြင့် သေဆုံးမှုရာနှုန်းစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းနှင့်ညီမျှကြောင်း ဘရာဇီးသုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အမေရိကန်၊ ကနေဒါနှင့် ဗြိတိန်ကဲ့သို့တစ်ဦးချင်းဝင်ငွေ မြင့်မားသောနိုင်ငံများ၌ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ စားသုံးမှုမြင့်မားသည်ဖြစ်ရာ အဆိုပါနိုင်ငံများ ရင်ဆိုင်ရမည့် ကျန်းမာရေးဆိုးကျိုးမှာလည်း ပို၍ကြီးမားလိမ့်မည်ဖြစ်ကြောင်း ဘရာဇီးသုတေသနပညာရှင်များက သတိပေးထားသည်။

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများစားသုံးမှုကို လျှော့ချခဲ့ပါက ဘရာဇီးနိုင်ငံ၌ နှစ်စဉ်အရွယ်မတိုင်မီ သေဆုံးမှု ၂၉၃၀၀ ထိကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ် (၁၆) ပွဲကြိုသုံးသပ်ချက်များ

ML

**စပါး Vs လိဒ်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိဒ် ၀ - ၄ စပါး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စပါး | – | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| လိဒ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ စပါးအသင်းဟာ အခုပွဲစဉ်ကို နိုင်ပွဲရှာနိုင်မှသာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် စိတ်ချရမှာဖြစ်ပါတယ်။ လိဒ်အသင်းကတော့ လက်ရှိ တိုက်စစ်ပိုင်းထက်မြက်နေပေမဲ့ ကစားပုံတည်ငြိမ်တဲ့အသင်းတွေကိုတော့ ပေးဂိုးတွေများဆဲဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – စပါး ၂ – ၁ လိဒ်**

**ဝက်စ်ဟမ်း Vs လက်စတာ**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (ည ၀၉း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လက်စတာ ၂ - ၂ ဝက်စ်ဟမ်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | – | ဝေး(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |
| လက်စတာ | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(နိုင်) |

ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အိမ်ကွင်းကစားပုံကောင်းတဲ့ ဝက်စ်ဟမ်းဟာ နှစ်ပွဲဆက် ရှုံးနိမ့်ခဲ့လို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။ လက်ရှိ လက်စတာအသင်းက ခြေစွမ်းပိုင်းတည်ငြိမ်လာပေမဲ့ ဝက်စ်ဟမ်းနဲ့ ကစားခဲ့တဲ့နောက်ဆုံးလေးပွဲဆက်နိုင်ပွဲမရခဲ့ပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့အသာရနေတဲ့ ဝက်စ်ဟမ်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဝက်စ်ဟမ်း ၁ – ၀ လက်စတာ**

## အီတလီစီးရီးအေ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

ML

**ဘိုလော့နာ Vs ဆက်ဆူအိုလို**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (နံနက် ၀၂း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘိုလော့နာ ၁ - ၃ ဆက်ဆူအိုလို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဆက်ဆူအိုလို | – | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(သရေ) |

အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ ဘိုလော့နာအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက်နိုင်ပွဲရခဲ့ပြီး သွင်းဂိုး ငါးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဆက်ဆူအိုလိုကတော့ အဝေးကွင်းခြေစွမ်းပိုင်း ကျဆင်းနေသလို ခံစစ်ပိုင်းကလဲ နောက်ဆုံးသုံးပွဲမှာ ခုနစ်ဂိုးထိပေးခဲ့ရပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဘိုလော့နာပဲ အနိုင်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘိုလော့နာ ၂ – ၁ ဆက်ဆူအိုလို**

## အားကစားသတင်း အတိုအထွာများ

- ဆီဗီလာအသင်းက ဘာစီလိုနာတိုက်စစ်မှူး ဒီပေးကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် ဆွေးနွေးနေကြောင်း သိရသည်။
- နည်းပြဘာဟက်တာ ထုတ်ပြန်ခဲ့သည့် အမေရိကန်လူစာရင်းတွင် ပရီးမီးယားလိဂ်မှ ကစားသမားအားလုံး ပါဝင်ခဲ့သော်လည်း မန်စီးတီးဂိုးသမား စတက်ဖန်ချန်လုပ်ခံခဲ့ရကြောင်း သိရသည်။
- ကွာရာဘောင်းဖလားတတိယအဆင့်ပွဲစဉ်တွင် ပရီးမီးယားလိဂ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်၊ စပါး၊ ချဲလ်ဆီးအသင်းတို့ ရှုံးနိမ့်၍ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။ ML

## လက်ရှိကမ္ဘာ့ဖလားချန်ပီယံပြင်သစ်အသင်း ပြိုင်ပွဲဝင်ကစားသမား ၂၆ ဦးစာရင်း ထုတ်ပြန်



**ပဲရစ် နိုဝင်ဘာ ၁၀**

လက်ရှိ ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းက ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကစားသမား ၂၆ ဦးစာရင်း ကို ယနေ့ထုတ်ပြန်ခဲ့ရာ ပေါ့ဂ်ဘာနှင့် ကန့်တီတို့ ဒဏ်ရာကြောင့် လွဲချော်ခဲ့ရသော်လည်း အဓိက ကစားသမားအားလုံးပါဝင်ခဲ့ကြောင်း နည်းပြဒက်ချမ့်က အတည်ပြုပြောကြားခဲ့သည်ဟု Barcablaug-ranes. com က ဖော်ပြခဲ့သည်။

နည်းပြဒက်ချမ့် အတည်ပြုခဲ့သည့် ကစားသမား ၂၆ ဦးစာရင်းတွင် ဂိုးသမားနေရာတွင် စပါးအသင်းမှ လိုရစ်၊ ဝက်စ်ဟမ်းအသင်းမှ အာရီအိုလာ၊ ရင်းနက်အသင်းမှ မန်ဒန်ဒါ၊ ခံစစ်ကစားသမားနေရာတွင် ဘိုင်ယန်အသင်းမှ ဘင်ဂျာမင်ပါဗက်၊ အုပါမီကာနိုနှင့် လူးကပ်ဟာနန်ဒက်စ်၊ ဘာစီလိုနာအသင်းမှ ခွန်ဒီ၊ မန်ယူအသင်းမှ ဗာရာနီ၊ ပီအက်စ်ဂျီအသင်းမှ ကင်ပက်ဘီ၊ အာဆင်နယ်အသင်းမှ ဆာလီဘာ၊ အေစီမီလန်အသင်းမှ သီအိုဟာနန်ဒက်စ်၊ လီဗာပူးအသင်းမှ ကွန်နာတီတို့ ပါဝင်ခဲ့ကြပြီး ကွင်းလယ်ကစားသမားနေရာတွင် ဂျူဗင်တပ်အသင်းမှ ရာဘီယို့စ်၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ချူအာမန်နီနှင့်ကာမာဗင်ဂါ၊မာဆေးအသင်းမှ ဂန်ဒိုဇီ၊ ဘာရီတောက်၊ မိုနာကို အသင်းမှ ယူးဆက်ဖိုဖန်နာနှင့် တိုက်စစ်ကစားသမားနေရာတွင် ဘိုင်ယန်အသင်းမှကင်စလေကိုးမန်း၊ ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှဘင်ဇီးမား၊ အေစီမီလန်အသင်းမှ ဂီရော့ဒ်၊ အေတီကိုအသင်းမှ ဂရစ်ဇ်မန်း၊ ဘာစီလိုနာအသင်းမှ ဒမ်ဘီလီနှင့်လိုက်ပ်ဇစ်အသင်းမှအန်ကူကူတို့ ဖြစ်သည်။

ပြင်သစ်အသင်းသည် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (D) တွင် ဩစတြေးလျ၊ ဒိန်းမတ်၊ တူနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် သေချာလျက်ရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်မည့် အသင်းများထဲတွင်လည်း အာဂျင်တီးနား၊ ဘရာဇီး၊ ပေါ်တူဂီ၊ အင်္ဂလန်အသင်းတို့နှင့်အတူ ရေပန်းစားလျက်ရှိကြောင်း သိရသည်။ ML

## ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အင်္ဂလန်အသင်း ကစားသမား ဦးရေ ၂၀ စာရင်း ကနဦးထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၀**

အင်္ဂလန်အသင်း နည်းပြ ဆောက်ဂိတ်က၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် ကစားသမား ဦးရေ ၂၀ စာရင်းကို ယနေ့တွင် အတည်ပြု ထုတ်ပြန်ကြေညာခဲ့ပြီး နောက် နောက်ထပ် ခြောက်ဦးကို ထပ်မံရွေးချယ်သွားမည်ဟု Football London သတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်မည့် အသင်းများအနေဖြင့် အပြီးသတ် ကစားသမားစာရင်းကို ၂၆ ဦးထိ ရွေးချယ်သွားရမည်ဖြစ်သည့်အတွက် နည်းပြ ဆောက်ဂိတ်အနေဖြင့် ယခုအခါ အပြီးသတ် ကစားသမား ဦးရေ ၂၀ စာရင်းကို ကနဦးထုတ်ပြန်ခဲ့ပြီးနောက် ကျန်ရှိသည့် ခြောက်ဦးကို လာမည့်ရက်ပိုင်းအတွင်း ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

နည်းပြ ဆောက်ဂိတ်ရွေးချယ်ခဲ့သည့် အင်္ဂလန်အသင်း အပြီးသတ်ကစားသမားဦးရေ ၂၀ စာရင်းမှ ဂိုးသမားနေရာတွင် အဲဗာတန်အသင်းမှ ပစ်ဖို့ဒ်၊ နယူးကာဆယ်အသင်းမှ နစ်ပုတ်၊ အာဆင်နယ်အသင်းမှ ရမ်ဒဲလ်၊ ခံစစ်ကစားသမားနေရာတွင် မန်ယူအသင်းမှ မက်ဂွိုင်းယားနှင့် လုရှော်၊ မန်စီးတီးအသင်းမှ ဝါ့ခ်စတုန်း၊ စပါးအသင်းမှ ဒိုင်ယာ၊ အဲဗာတန်အသင်းမှ ကိုအာဒီ၊ နယူးကာဆယ်အသင်းမှ ထရစ်ပီယာနှင့် လီဗာပူးအသင်းမှအာနိုး၊ ကွင်းလယ်ကစားသမားနေရာတွင် ဝက်စ်ဟမ်းအသင်းမှ ဒီကလန်ရိုက်၊ ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်၊ ချဲလ်ဆီးအသင်းမှမေဆင်မောင့်နှင့် လီဗာပူးအသင်းမှ ဟန်ဒါဆန်၊ တိုက်စစ် ကစားသမားနေရာတွင် စပါးအသင်းမှ ဟယ်ရီကိန်း၊ ချဲလ်ဆီးအသင်းမှ စတာလင်၊ အာဆင်နယ်အသင်းမှ ဆာကာ၊ မန်စီးတီးအသင်းမှ ဖီဖိုဒန်နှင့် ဂရီးလစ်ရှ်၊ မန်ယူအသင်းတို့ ရက်ရှ်ဖို့ဒ်တို့ ပါဝင်လာခဲ့ပြီး လက်ရှိစာရင်းတွင် ကွင်းလယ်ကစားသမား လေးဦးသာ ပါဝင်နေသည့်အတွက် နည်းပြ ဆောက်ဂိတ်အနေဖြင့် ကျန်ခြောက်ဦးထဲမှ ကွင်းလယ်ကစားသမားအများစု ရွေးချယ်သွားဖွယ်ရှိနေသည်။

အင်္ဂလန်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု (B) တွင် အီရန်အသင်း၊ အမေရိကန်အသင်းနှင့် ဝေးလ်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး (၁၆) သင်း ရှုံးထွက်အဆင့် တက်ရောက်ရန် ရေပန်းအစားဆုံးအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။

STA



## မက်တီယိုနှင့် ဖရန်ဆက်စကိုတို့ ပွဲစဉ်မှာ Next Gen ATP Finals တင်းနစ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ကစားချိန်အကြာဆုံးပွဲစဉ်အဖြစ် စံချိန်သစ်တင်

**ပဲရစ် နိုဝင်ဘာ ၁၀**

အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပနေသည့် Next Gen ATP Finals တင်းနစ်ပြိုင်ပွဲ၏ အုပ်စုပွဲစဉ်တစ်ပွဲအဖြစ် အီတလီတင်းနစ်ကစားသမားများ ဖြစ်ကြသည့် ဖရန်ဆက်စကိုနှင့် မက်တီယိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖရန်ဆက်စကိုက (၃-၄၊ ၄-၂၊ ၄-၃၊ ၃-၄၊ ၃-၄) ရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့ကြောင်း Sports Skeeda သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာ ၂ နာရီ ၄၃ မိနစ်ထိ ကြာမြင့်ခဲ့ပြီး ၂၀၂၁ ခုနှစ်က အီတလီ တင်းနစ်ကစားသမား မူဆက်တီနှင့် ပြင်သစ်တင်းနစ်ကစားသမားဟူဂိုဂက်စတန်တို့ ကစားခဲ့သည့် ပွဲကစားချိန် ၂ နာရီ ၃၃ မိနစ်စံချိန်ကိုကျော်ဖြတ်၍ ပြိုင်ပွဲသမိုင်းတစ်လျှောက် ပွဲကစားချိန်အကြာဆုံးအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဖရန်ဆက်စကိုက "ပွဲကစားချိန် ကြာမြင့်တဲ့အတွက်ကြောင့် ကျွန်တော်အရမ်းပင်ပန်းနေပါပြီ။ အရမ်းကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲပါ။ ဒီလိုခက်ခဲတဲ့ ပွဲစဉ်မှာ အနိုင်ရလဒ်ကို ရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။ AZL

# ကွင်းလယ်ဒိုင်ကို စောဒကတက်ခဲ့သည့် အသင်းကစားသမားများကြောင့် မန်ယူအသင်းအနေဖြင့် စတာလင်ပေါင် ၈၂၀၀၀ ပြစ်ဒဏ်ချမှတ်ခံရ

**မန်ချက်စတာ နိုဝင်ဘာ ၁၀**

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ကွင်းလယ်ဒိုင်လူကြီးကို မန်ယူအသင်းကစားသမားများက ဝိုင်းဝန်းစောဒကတက်ခဲ့သည့်အတွက် ကစားသမားများကို ထိန်းသိမ်းမှုအားနည်းသည့်ပြစ်ချက်ဖြင့် မန်ယူအသင်းကို စတာလင်ပေါင် ၈၂၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။



မန်ယူအသင်း ကစားသမားများသည် နယူးကာဆယ်အသင်းနှင့် ဂိုးမရှိ သရေလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် နယူးကာဆယ်အသင်း ဂိုးသမားထံမှ စီရော်နယ်ဒို ဘောလုံးဖြတ်ယူပြီး သွင်းယူခဲ့သည့် သွင်းဂိုးကို ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်က ခွင့်မပြုခဲ့သည့်အတွက် ကစားသမားများက ကွင်းလယ်ဒိုင်လူကြီး ပေါလ်ဆန်ကို ဝိုင်းဝန်း၍ စောဒကတက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ချဲလ်ဆီးအသင်းနှင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင်လည်း မန်ယူအသင်း ကွင်းလယ်ကစားသမား တွမ်မီနေးလ်သည် ချဲလ်ဆီးအသင်း တိုက်စစ်ကစားသမား ဘရိုဂျာကို ပင်နယ်တီဧရိယာအတွင်း ဆွဲလှဲခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး အက်ဝဲလ်က ပင်နယ်တီသတ်မှတ်ပေးခဲ့သည့်အတွက် ကွင်းလယ်ဒိုင်လူကြီး အက်ဝဲလ်ကို မန်ယူအသင်း ကစားသမားများက ဝိုင်းဝန်း စောဒကတက်ခဲ့မှုတို့ကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ကစားသမားများကို ထိန်းသိမ်းမှုအားနည်းသည့်အချက်ဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က မန်ယူအသင်းကို စွဲချက်တင် စစ်ဆေးခဲ့ပြီးနောက် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်အတွက် စတာလင်ပေါင် ၄၂၀၀၀ နှင့် ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်မှဖြစ်ရပ်အတွက် စတာလင်ပေါင် ၄၀၀၀၀ စုစုပေါင်း စတာလင်ပေါင် ၈၂၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# Hero World Challenge ပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်ပါဝင်ယှဉ်ပြိုင်မည်

**နာဆော နိုဝင်ဘာ ၁၀**

ဘဟားမားစ်နိုင်ငံ အယ်လ်ဘာနီမြို့၌ ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုက်ဂါးဝုဒ်က အတည်ပြုပြောကြားခဲ့သည်ဟု SN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်ဂါးဝုဒ်သည် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲအား ၂၀၀၅ ခုနှစ်မှ စတင်၍ ကျင်းပ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး နာမည်ကြီးကစားသမားများကိုသာ ဖိတ်ကြားယှဉ်ပြိုင်စေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး PGA Tour မဟုတ်သော်လည်း တိုက်ဂါးဝုဒ်ကိုယ်တိုင် ကမကထပြုလုပ် ကျင်းပပေးသည့် ပြိုင်ပွဲဖြစ်သည့်အတွက် ကစားသမားတိုင်း ပါဝင်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲတစ်ရပ်လည်းဖြစ်ကာ တိုက်ဂါးဝုဒ်အနေဖြင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲသည် ပြိုင်ပွဲဝင် ဦးရေ ၂၀ ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ရရှိလာသည့် အကျိုးအမြတ်များကို တိုက်ဂါးဝုဒ်ဖောင်ဒေးရှင်းအတွက် လှူဒါန်းပေးသွားမည်ဖြစ်သည်။

အဓိကဆုဖလား ၁၅ လုံးထိ ဆွတ်ခူးရရှိထားသည့် တိုက်ဂါးဝုဒ်က "Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲကို ဘဟားမားစ်မှာ ကျင်းပသွားမယ့်အကြောင်းကို ရင်ခုန်စွာနဲ့ ပရိသတ်တွေကို အသိပေးအပ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ၂၀၂၂ ခုနှစ် ဂေါက်သီးရိုက်ရာသီကို Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ အဆုံးသတ်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသွားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂၀)အတွင်းရပ်တည်နေသည့် ကစားသမား ၁၆ ဦးထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

AZL

# အာဆင်နယ်အသင်းက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် မာကွင်ဟိုကို အငှားစေလွှတ်သွားမည်



**လန်ဒန် နိုဝင်ဘာ ၁၀**

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဘရာဇီးကလပ် ဆော်ပိုလိုအသင်းမှ ခေါ်ယူထားသည့် တောင်ပံကစားသမား မာကွင်ဟိုကို ပွဲထွက်ခွင့် မပေးနိုင်သောကြောင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ကလပ်အသင်းတစ်ခုခုသို့ အငှားစေလွှတ်သွားမည်ဟု ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်ရှိ လူငယ်ကစားသမား မာကွင်ဟိုသည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် တစ်ပွဲသာပါဝင်ကစားခဲ့ရပြီး ပြိုင်ပွဲစုံ ငါးပွဲသာကစားခဲ့ရာတွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ပုံမှန်ပွဲကစားခွင့်မပေးနိုင်သောကြောင့် ၎င်းအတွက် အတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အငှားစေလွှတ်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။

နည်းပြ အာတီတာကလည်း တောင်ပံ ကစားသမားနေရာတွင် ဆာကာ၊ မာတင်နယ်လီ၊ နယ်လ်ဆန်နှင့် အန်ကေးတီးယက်စ်တို့ကို အသုံးပြုနေသည့်အပြင် လာမည့် ဆောင်းရာသီအပြောင်းအရွှေ့တွင်လည်း ရှက်တာဒိုးနက်စ်အသင်းမှ မက်ဒရိုင်းခ်နှင့် အော်လန်ဒိုအသင်းမှ ဖာကန်ဒိုတောရက်စ်တို့ကို ထပ်မံခေါ်ရန် ကြိုးပမ်းနေသဖြင့် မာကွင်ဟိုအား လက်ကျန်ဘောလုံးရာသီတွင် အတွေ့အကြုံရစေရန် အသင်းမှ ထွက်ခွာခွင့်ပြုခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် မာကွင်ဟိုကို ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလကတည်းက အငှားစေလွှတ်ရန် စီစဉ်ခဲ့သော်လည်း ကစားသမားအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပါဝင်ကစားလိုသောကြောင့် ပွဲကစားခွင့်ရရှိရန် မသေချာသော်လည်း အသင်းတွင် နေထိုင်ရန်သာ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ML

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**ရှော်လ်ကေး Vs ဘိုင်ယန်မြူးနစ်**

**ကစားမည့်ရက်/အချိန် ၁၂-၁၁-၂၀၂၂ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ရှော်လ်ကေး ၀ - ၄ ဘိုင်ယန်မြူးနစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရှော်လ်ကေး** | – | **အိမ်(ရှုံး)** | **ဧး(ရှုံး)** | **အိမ်(နိုင်)** |
| **ဘိုင်ယန်မြူးနစ်** | – | **အိမ်(နိုင်)** | **ဧး(နိုင်)** | **အိမ်(နိုင်)** |

လက်ရှိ ဒီနှစ်သင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးကွာခြားမှုရှိနေပါတယ်။ ငါးပွဲဆက်ရှုံးပွဲကြုံထားတဲ့ ရှော်လ်ကေးအသင်းအတွက် အိမ်ရှင်အားသာချက်တစ်ခုတည်းနဲ့ကစားရမှာပါ။လက်ရှိ ဘိုင်ယန်မြူးနစ်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ရှော်လ်ကေးအသင်းကိုအနိုင်ယူဖို့မခက်ခဲလို့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲအနိုင်ရယူမှာပါ။

**အင်တာနက်ခန့်မှန်း - ရှော်လ်ကေး ၀ - ၃ ဘိုင်ယန်မြူးနစ်**

# ပြင်သစ်လီဂူး ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်

STA

**ရင်းနက် Vs တူးလော့**

**ကစားမည့်ရက်/အချိန် ၁၃-၁၁-၂၀၂၂ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူးလော့ ၀ - ၂ ရင်းနက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ရင်းနက်** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဧး(သရေ)** |
| **တူးလော့** | – | **အိမ်(သရေ)** | **ဧး(ရှုံး)** | **အိမ်(ရှုံး)** |

နှစ်ပွဲဆက်ရှုံးပွဲတွေ့ထားတဲ့ တူးလော့အသင်းရဲ့ခြေစွမ်းပိုင်းက အကျဘက်ကိုရောက်နေပြီး ရုန်းကန်နေရပါတယ်။ ရင်းနက်အသင်းက အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ အသင်းဖြစ်လို့ တူးလော့အသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ရင်းနက်အသင်းကိုပဲအားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရင်းနက် ၁ - ၀ တူးလော့**

# ကွာရာဘောင်းဖလားသမိုင်းတစ်လျှောက် ပင်နယ်တီအဆုံးအဖြတ်လေးပွဲ၌ အနိုင်ယူနိုင်ခဲ့သည့် ဂိုးသမားအဖြစ် လီဗာပူးဂိုးသမားကယ်လီစံချိန်သစ်တင်

**လန်ဒန် နိုဝင်ဘာ ၁၀**

ယနေ့ နံနက်ပိုင်းက ကွာရာဘောင်းဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းနှင့် ဒါဘီအသင်းတို့ပွဲစဉ်တွင် မိနစ် ၉၀ အတွင်း သရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာတွင် လီဗာပူးအသင်း လူငယ်ဂိုးသမား ကယ်လီသည် ဒါဘီအသင်း၏ ပင်နယ်တီကန်သွင်းမှုငါးကြိမ်တွင် သုံးကြိမ်ထိ ကာကွယ်နိုင်ခဲ့ပြီးနောက် ကွာရာဘောင်းဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ပင်နယ်တီ အဆုံးအဖြတ်လေးပွဲတွင် လေးပွဲစလုံး ကာကွယ်အနိုင်ယူခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်ဟု Opta.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ကယ်လီသည် ၂၀၁၉ ခုနှစ်က အာဆင်နယ်အသင်းနှင့်လီဗာပူးအသင်းတို့ကစားခဲ့သည့် ကွာရာဘောင်းဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင်လည်း အာဆင်နယ်အသင်း၏ ပင်နယ်တီတစ်ကြိမ်ကို ကာကွယ်ပြီးအသင်းကို နောက်တစ်ဆင့်တက်ရောက်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ကွာရာဘောင်းဖလားပြိုင်ပွဲ စတုတ္ထအဆင့်တွင် လက်စတာအသင်းနှင့် ပင်နယ်တီအဆုံးအဖြတ် ကစားခဲ့ရာတွင် လက်စွမ်းပြကာကွယ်ခဲ့ပြီး အသင်းကိုနောက်တစ်ဆင့်သို့ တက်ရောက်အောင် စွမ်းဆောင်ပေးခဲ့သလို ဗိုလ်လုပွဲတွင်လည်း ချဲလ်ဆီးအသင်းဂိုးသမားကီပါ၏ ပင်နယ်တီကန်သွင်းမှုကိုကာကွယ်ခဲ့ပြီး အသင်းကို ချန်ပီယံဆု ဆွတ်ခူးနိုင်အောင် စွမ်းဆောင် ပေးနိုင်ခဲ့မှုကြောင့် ပင်နယ်တီအဆုံးအဖြတ် လေးပွဲစလုံးကာကွယ်နိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည့် ပထမဆုံး ဂိုးသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။ STA

**ခရီးသွားဆောင်းပါး**

# ပြက္ခရွေတောင်နှင့် စွယ်တော်မြတ်စေတီတော်

သက်နိုင်(ပြင်ဦးလွင်)

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့အနီးမှာရှိတဲ့ ပြက္ခရွေတောင်ကို တက်ကြဖို့ မောနားတောင်ထိပ်ကိုရောက်ရှိတော့ မနက် ၇ နာရီ မိနစ် ၃၀ တိတိရှိနေပါပြီ။ ပေ ၇၀၀ လောက်ရှိတဲ့ မောနားတောင်ထိ ကားနဲ့တက်ခဲ့ကြရပြီး ပြက္ခရွေတောင်ကို ခြေကျင်ခရီးနဲ့ ဆက်လက်တက်ရောက်ကြရမှာပါ။ ပြက္ခရွေတောင်ကိုမတက်ခင် မောနားတောင်မှာ ကြည့်ရှုလေ့လာစရာရှိတာတွေကို လေ့လာကြရတယ်။ ပထမဦးဆုံးအနေနဲ့ အနော်ရထာမင်းရုပ်တုကြီးပါ။ ရုပ်တုကြီးက ၁၀ ပေလောက်မြင့်ပြီး အောက်ခံအုတ်ခုံအဝိုင်းတွေ၊ ညီညာလှပတဲ့ မြက်ခင်းပြင်စိမ်းစိမ်းတွေနဲ့ ခမ်းခမ်းနားနား တွေ့မြင်နေရတယ်။

အနော်ရထာမင်းရုပ်တုမှာ လေ့လာမှတ်တမ်းဓာတ်ပုံရိုက်ပြီးတာနဲ့ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့တယ်ဆိုတဲ့ စေတီတော်ရှိရာကို သွားရောက်ကြရတယ်။ ဒီလိုသွားရောက်ကြရတဲ့အခါ လူနေထိုင်ခြင်းမရှိတဲ့ ကျောင်းဆောင်ကြီးတွေ၊အဆောက်အအုံတွေကြားကနေ ဖြတ်သန်းသွားကြရတယ်။ မောနားတောင်ပေါ်မှာ အဆောက်အအုံကြီးတွေ အလွန်များပြားနေသလောက် သံဃာတော်တွေ၊ လူတွေကို မတွေ့မမြင်ရတာ အံ့ဩစရာပါ။ စေတီတော်က အဆောက်အအုံတွေရဲ့ကြားထဲမှာတည်ရှိနေပြီး စေတီတော် တစ်ခုလုံးကိုလဲ အမိုး၊ အကာတွေနဲ့ လုံလုံခြုံခြုံကာရံထားတယ်။ စေတီတော်ရှိရာကို ရောက်ဖို့အတွက် သိရှိရောက်ဖူးပြီးသား နယ်ခံလမ်းပြကြောင့်သာ ရောက်ရှိရတာပါ။ အကြောင်းမသိတဲ့ သူစိမ်းဧည့်သည်တွေသာဆိုရင် သိမြင်ရောက်ရှိဖို့ မလွယ်ကူပါဘူး။ စေတီတော်တည်ရှိရာ အဆောက်အအုံတံခါးတွေကို ပိတ်ထားပေမဲ့ သော့ခတ်ထားခြင်းမရှိတာကြောင့် အတွင်းထဲထိ ဝင်ရောက်ဖူးမြော်လေ့လာကြရတယ်။

စေတီတော်က ကိုးတောင်ပြည့်အရွယ် စေတီငယ်လေးပါ။ ဒါပေမဲ့ စေတီတော်တစ်ဆူလုံးကို ရွှေသားအစစ် ရွှေစင်ရွှေပြားတွေ ကပ်လှူထားတာကိုတွေ့မြင်နေရတယ်။ စေတီတော်ရဲ့တစ်နေရာမှာလဲ သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီး တည်ထားခဲ့သည်ဆိုပြီး ရေးထိုးထားတယ်။ စေတီတော်ကို ဖူးမြော်ကန်တော့ပြီးတာနဲ့ ပြက္ခရွေတောင်ပေါ်ကို ဆက်လက်တက်ရောက်ကြရတယ်။ ပြက္ခရွေတောင်က ပေ ၃၇၇၃ ပေမြင့်ပြီး အတက်ခရီး သုံးနာရီ၊ အဆင်းခရီး နှစ်နာရီကြာမယ်လို့ လမ်းပြပြောဆိုထားတာကို သိထားရတယ်။ လမ်းအခြေအနေက တစ်တောင်တက်၊ တစ်တောင်ဆင်းနဲ့ တောလမ်းခရီးပါ။ ခရီးစဉ်မှာ သူငယ်ချင်းရဲ့မိသားစုတွေဖြစ်တဲ့ မိန်းမနဲ့ ကျောင်းသူအရွယ် သမီးတွေ ပါဝင်နေတာကြောင့် တောင်ပေါ်ထိ တက်ရောက်နိုင်ခြင်းမရှိတဲ့သူတွေကို မောနားတောင်မှာပဲ နားနားနေနေ စောင့်ဆိုင်းထားရစ်ခဲ့ရတယ်။

တောင်ပေါ်စတက်တော့ မနက် ၈ နာရီရှိနေပါပြီ။ နယ်ခံလမ်းပြပြောဆိုထားတဲ့အတိုင်း တောင်တက်ခရီးကို တောလမ်းကနေ စတင်ကြရတယ်။ မောနားတောင်ဝန်းကျင်အချို့နေရာတွေမှာ ပြေပြေပြစ်ပြစ် အုတ်လှေကား အနည်းငယ်ကို တွေ့မြင်လျှောက်လှမ်းနေကြရပေမဲ့ တစ်ခဏလောက်သာဖြစ်ပြီး တောလမ်းခရီးအတိုင်းသာ ဆက်လက်လျှောက်နေကြရတယ်။ ပြက္ခရွေတောင်က အရှေ့တောင်နဲ့ အနောက်တောင်ဆိုပြီး တောင်နှစ်တောင်ခွဲခြားတည်ရှိနေတယ်။ အခုတက်ရောက်နေကြတဲ့တောင်က မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်ရှိတဲ့ အနောက်တောင်ပါ။ အရှေ့တောင်ကို တက်မယ်ဆိုရင်လဲ မောနားတောင်ထိ ရောက်အောင်လာပြီးမှ အရှေ့တောင်နဲ့ အနောက်တောင်ကိုလမ်းညွှန်ပြသထားတဲ့ လမ်းပြဆိုင်းဘုတ်များအတိုင်း ဆက်လက်တက်ရောက်ကြရပါမယ်။ အရှေ့တောင်ပေါ်မှာလဲ အနော်ရထာမင်းကြီး တည်ထားခဲ့တဲ့ စေတီဘုရားတွေရှိနေတယ်လို့ သိထားရတယ်။ အရှေ့တောင်က အနောက်တောင်ထက်နိမ့်ပေမဲ့ မြန်မာနိုင်ငံရဲ့အလယ်ဗဟိုချက်နဲ့ အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့တဲ့ စွယ်တော်မြတ်စေတီတော်ကြီးရှိတဲ့ အနောက်တောင်ကိုသာ တက်ရောက်ကြသူများပြားကြောင်း လမ်းပြကရှင်းပြတယ်။

အနောက်တောင်ကို တက်ရောက်ရတဲ့ခရီးက တစ်တောဝင် တစ်တောင်တက်၊ တစ်တောထွက် တစ်တောင်ဆင်း တက်လိုက်ဆင်းလိုက် တောလမ်းခရီးစစ်စစ်ဖြစ်ပါတယ်။ အဆင်းခရီးလမ်းထက် အတက်ခရီးလမ်းက ပိုမိုများပြားပါတယ်။ အဆင်းခရီးမှာ မသိမသာလေး ခပ်ပြေပြေဆင်းသွားခဲ့ပေမဲ့ အတက်ခရီးတွေမှာ မောဟိုက်ပြီး ချွေးဒီးဒီးကျအောင် ပင်ပင်ပန်းပန်း တက်ရောက်ကြရတာပါ။ ခရီးလမ်းအခြေအနေက တောင်ကျချောင်းရေတွေ စီးဆင်းနေကျပြောင်ပြောင်ချောချော၊ ရှင်းရှင်းလင်းလင်း နေရာတွေကော၊ ချုံနွယ်တွေရှိနေတဲ့ နေရာတွေကော၊ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့ လူသွားလမ်းအဖြစ် ဖောက်လုပ်ပေးထားတဲ့နေရာတွေကော၊ ကျောက်တုံး၊ ကျောက်ခဲတွေ၊ ကျောက်ဆောင်ကြီးတွေအဆင့်ဆင့် မြင့်မြင့်မားမားနေရာတွေကော စုံလင်လှပါတယ်။



ပြက္ခရွေတောင်ပေါ်ရှိ စွယ်တော်မြတ်စေတီတော်ကို ဖူးတွေ့ရစဉ်။

ရာသီဥတုကောင်းမွန်တဲ့ ပွင့်လင်းရာသီတွေမှာ ရံဖန်ရံခါ လမ်းပြုပြင်ဖောက်လုပ်တဲ့လုပ်ငန်းတွေ ပြုလုပ်လေ့ရှိကြောင်း တွေ့မြင်နေရပေမဲ့ တောင်ကျချောင်းရေတွေက လမ်းကိုထိုးချဖျက်ဆီးပစ်လိုက်တာမျိုးတွေ၊ လူသူအရောက်အပေါက် အသွားအလာနည်းတာကြောင့် သစ်ပင်ချုံနွယ်တွေက လမ်းကိုဖုံးအုပ်သွားတာမျိုးတွေ၊ တောင်ပြိုမှု၊ မြေပြိုမှုဖြစ်ပေါ်တာမျိုးတွေကြောင့် တောင်တက်လမ်းက အလွန်အမင်းပျက်စီးနေတာကို သွားလာရင်းနဲ့ တွေ့မြင်ရပြန်တယ်။

ရှေ့ဆုံးကနေ ဦးဆောင်ခေါ်သူ နယ်ခံလမ်းပြတက်ရောက်သွားတဲ့အတိုင်း ထက်ကြပ်မကွာ လိုက်ပါတက်ရောက်နေရင်းနဲ့ အချို့နေရာတွေမှာ 002၊ 003၊ 004၊ 005 စတဲ့ အင်္ဂလိပ်ဂဏန်းအက္ခရာတွေကို သစ်ပင်တွေမှာ မြားပုံစံဆေးရောင်အနီတွေပေါ်မှာ အဖြူရောင်စာလုံးတွေနဲ့ ရေးသားညွှန်ပြထားတာကို တွေ့မြင်နေရတယ်။ မြားတွေက လမ်းကြောင်းကို ညွှန်ပြနေတာဖြစ်ကြောင်း သိသာထင်ရှားစေနေပေမဲ့ အက္ခရာဂဏန်းတွေက ဘာကိုဆိုလိုတာဖြစ်ကြောင်း လမ်းပြကိုမေးမြန်းရတော့တယ်။ ဒါပေမဲ့ လမ်းပြကိုယ်တိုင်ကလဲ တိကျတဲ့အဖြေမပေးနိုင်သလို မိမိတို့ကိုယ်တိုင်ကလဲ လမ်းခရီးအကွာအဝေးဖော်လို့ကို ညွှန်ပြတာလား၊ မိုင်ကိုပြသတာလားဆိုတာကို ခန့်မှန်းတွက်ချက်ကြည့်ကြပေမဲ့ မရေရာမသေချာခဲ့ပါဘူး။ (မြားတွေ၊ ဂဏန်းတွေက တောင်ပေါ်ရောက်တဲ့အခါမှာ 022 ထိဖြစ်နေတာကို မြင်တွေ့ကြရတယ်)

တောင်အောက်မှာရှိနေတဲ့အချိန်တုန်းက တောင်ပေါ်ခါးပိုင်းနဲ့ အထက်ပိုင်းတွေမှာ တိမ်တွေရစ်ဆိုင်းနေတာကို မြင်တွေ့ထားကြရတာကြောင့် တောင်ပေါ်မှာ မိုးရွာမလားလို့ စိုးရိမ်နေကြပေမဲ့ တောင်တက်ခရီးလမ်းတစ်လျှောက်လုံး မိုးရွာတာမျိုး မကြုံဆုံခဲ့ရဘဲ မိုးအုံ့နေတဲ့ပုံစံမျိုးတွေ၊ နှင်းရည်နှင်းငွေ့တွေ ကျဆင်းနေတာမျိုးတွေ၊ မြူနှင်းတောထဲဝင်ရောက်တိုးဝှေ့သွားလာကြရတာမျိုးတွေနဲ့သာ ကြုံတွေ့နေကြရတာကြောင့် မောဟိုက်ပင်ပန်းမှုကို အနည်းငယ်သက်သာစေကြရတယ်။ တောင်တက်ကြရတဲ့ အချိန်မှာ နေပူနေမယ်ဆိုရင် ဒီထက်ပိုမိုပင်ပန်းမှာဖြစ်ပြီး သက်သာမှာ မဟုတ်ပါဘူး။ လမ်းပြရဲ့နောက်ကနေ တန်းစီလိုက်ပါတက်ရောက်ကြရင်း သူငယ်ချင်းဖြစ်သူရဲ့ ရှစ်တန်း၊ ကိုးတန်းအရွယ် သမီးနှစ်ယောက်ကို စောင့်ခေါ်တက်ကြရတယ်။ ဒါကြောင့်လဲ စောင့်ရင်းနားရင်းနဲ့ အမောဖြေကြရတယ်။

လမ်းတစ်လျှောက်တွေ့မြင်နေရတာတွေက ညို့ညို့မှိုင်းမှိုင်း တောင်မြင့်မြင့်ကြီးတွေ၊ ချောက်ကမ်းပါးနက်နက်ကြီးတွေ၊ သစ်တောဝါးတောအုပ်အုပ်ကြီးတွေပါ။ အချို့နေရာတွေမှာ သစ်ပင်ကြီးတွေလဲနေတာတွေ၊ တောင်ကျချောင်း လမ်းကြောင်းများပြားနေတာတွေ၊ ပျက်စီးပြီး ချုံနွယ်၊ သစ်ပင်တွေဖုံးအုပ်လို့ လမ်းပျောက်မှုတွေဖြစ်နေကြရတယ်။ တောဝက်အန္တရာယ်ဆိုတာကတော့ တစ်တောလုံး၊ တစ်တောင်လုံးမှာ တောဝက်တွေ အများအပြားရှိနေကြတယ်။ တောဝက်တွေက ဝါးရုံတောအခြေမှာရှိတဲ့ မျှစ်တွေကို ချိုးယူတူးဖော်စားသောက်နေကြပြီး လူသံကြားတာနဲ့ ပြေးကြတာပါ။ တစ်ခါတစ်ရံ တောဝက်တွေက လူသံကြားရင် မပြေးကြဘဲ အန္တရာယ်ပေးတတ်ကြကြောင်း လမ်းပြကရှင်းပြသလို လတ်လတ်ဆတ်ဆတ် တောဝက်ခြေရာတွေ၊ မျှစ်ချိုး စားသောက်ထားတာတွေကို တွေ့မြင်ရအောင်ပြသပေးတယ်။ မကြာခဏ နေရာတွေမှာ တောဝက်ကို မတွေ့မမြင်လိုက်ရပေမဲ့ အခုချက်ချင်း လူသံကြားမှ တောတိုးပြေးလွှားသွားကြသံတွေ၊ ခြေရာတွေ၊ စားလက်စမျှစ်စို့ အပိုင်းအစတွေ၊ ချေး၊ သေးတွေကို တွေ့မြင်ကြရတယ်။

ပြက္ခရွေတောင်ကို နယ်ခံဒေသခံတွေက နှစ်စဉ်သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ၁၃ ရက်နေ့တွေမှာသာ တက်ရောက်ကြလေ့ရှိပြီး ကျန်တဲ့ လ၊ ရက်တွေမှာ တက်ရောက်တာ မရှိကြပါဘူး။ ပြက္ခရွေတောင်ကို တက်ရောက်ပြီး နောက်တစ်နေ့မှာ ကျောက်ဆည်မြို့ ဆင်ပွဲနဲ့ ရွှေသာလျောင်းတောင်ကို တက်ကြတယ်။ အခုလဲ တောင်တက်ခရီးလမ်းတစ်လျှောက်လုံးမှာ တောင်တစ်ဝက်ရောက်ခါနီးမှ အသက် ၂၀ လောက်အရွယ် မောင်နှမနှစ်ယောက်ကိုတွေ့ရတယ်။ သူတို့က ငယ်ငယ်ရွယ်ရွယ်၊ ဖျတ်ဖျတ်လတ်လတ်တွေမို့ ကျော်တက်သွားကြတယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။ ရှေ့နားမှာ နားနေကြတဲ့ သူတို့ကို ကိုယ်တွေက ပြန်ကျော်သွားလိုက်၊ သူတို့က ပြန်ကျော်တက်သွားလိုက်နဲ့ တောင်ပေါ်ထိပ်မရောက်ခင်မှာ အတူတူနားရင်း၊ အတူတူသွားရင်းနဲ့ ရင်းနှီးသွားကြရတယ်။ အများအားဖြင့် ခြေလျင်တောင်တက်သမားတွေသာ တက်ရောက်လေ့ရှိကြတဲ့ အမြင့် ၃၇၇၃ ပေမြင့်တဲ့ ပြက္ခရွေတောင်လိုမျိုးကို အသက် ၂၀ အရွယ် လူငယ်တွေနဲ့ သူတစ်ပြန် ကိုယ်တစ်ပြန် တန်းတူယှဉ်ပြိုင်တက်ရောက်နိုင်သေးတဲ့ မိမိရဲ့ကျန်းမာရေးအခြေအနေကို လေ့လာဆန်းစစ်ခွင့်ရရှိလိုက်တယ်။ ဒီလိုခရီးတွေသွားနေ၊ တောင်တွေတက်နေအုံးမယ်ဆိုရင် ကျန်းမာရေးကတော့ ကောင်းနေအုံးမှာပါ။

ပြက္ခရွေတောင်တက်ခရီးလမ်းက ကြမ်းတမ်းလွန်းတဲ့အပြင် မတ်စောက်လွန်းလှပါတယ်။ တောင်တစ်ဝက်ကျော် ရောက်တဲ့အချိန်မှာ ကလေး၊ လူကြီးအားလုံး တောင်ဝှေးလေးတွေကိုယ်စီ ကိုင်ဆောင်အားကိုးလာကြရတယ်။ တောင်ဝှေးတွေက တောင်တက်ခရီးကို အထောက်အကူပြု အားဖြစ်စေတဲ့အပြင် တောင်တက်ရင်း၊ လမ်းလျှောက်ရင်းနဲ့ ချော်လဲကျကြမဲ့ အန္တရာယ်ကနေလဲ အကာအကွယ်ပေးနိုင်ကြတယ်။ တောင်ဝှေးတွေကို လမ်းတစ်လျှောက်မှာ အလွယ်တကူကောက်ယူသုံးစွဲနိုင်ကြပါတယ်။ လမ်းတစ်လျှောက်လုံးမှာလဲ သစ်ပင်၊ သစ်တောတွေ၊ ဝါးတောကြီးတွေကို အဆက်မပြတ် တွေ့မြင်နေရတယ်။

တောင်ပေါ်ကို တစ်လှမ်းပြီးတစ်လှမ်း အားတင်းတက်ရောက်နေကြရင်း မိုးအုံ့နေသလိုလို၊ နှင်းရည်နှင်းငွေ့တွေ ရစ်ဆိုင်းနေသလိုလို၊ နေအပူဒဏ်မခံကြရတဲ့အခြေအနေမှာရှိကြပေမဲ့ လူတိုင်းလူတိုင်း တစ်ကိုယ်လုံးမှာ ချွေးတွေနစ်နေအောင် စီးထွက်ကျနေကြတယ်။ မကြာခဏ သုတ်နေရတဲ့မျက်နှာသုတ်ပဝါက ချွေးတွေကိုလဲ ရေညှစ်သလို ညှစ်ချနေရတယ်။ အနီရောင်မြားတွေနဲ့ ရေးထိုးပြသထားတဲ့ အင်္ဂလိပ်အက္ခရာဂဏန်းတွေကလဲ 017၊ 018၊ 019 စသဖြင့် တဖြည်းဖြည်းနဲ့ ပိုမိုကြီးမားလာကြတယ်။ တောင်ထိပ်ပေါ်ကို တစ်စနဲ့တစ်စ နီးကပ်ရောက်ရှိလာကြတဲ့သဘောပါ။ လမ်းပြကလဲ ရှေ့တစ်တောင်ကျော်ရင် ရောက်ပြီ။ ရှေ့အကွေ့ကျော်ရင် ရောက်ပြီနဲ့ အသိပေးပြောကြားနေတာကြောင့် မောပန်းနေကြပေမဲ့ အားရှိလာခဲ့ကြရတယ်။

ဒီတစ်ကွေ့ကျော်ရင်ရောက်ပြီဆိုတဲ့ လမ်းပြပြောဆိုခဲ့သလို မကြာခင်မှာ နဂါးရုံဘုရား၊ တောင်ပေါ်ထိပ်စေတီတော်အဝင်မုခ်ဦးတွေကို လှေကားထစ်တွေနဲ့ တွေ့မြင်လိုက်ရတယ်။ နဂါးရုံဘုရားနဲ့ အဝင်မုခ်ဦးတွေကိုတွေ့မြင်ရတဲ့ ပုံစံကလဲ ထင်မှတ်မထားသလို ရုတ်တရက် တွေ့မြင်ကြရတာပါ။ အကွေ့ကိုကွေ့တက်ပြီးတာနဲ့ တွေ့ကြရတယ်။ အရှေ့ကို ခြေလှမ်းအနည်းငယ်စောပြီး ရောက်ရှိနေကြသူတွေက ရောက်ပြီ၊ ရောက်ပြီလို့ အော်ဟစ်ပြောဆို အသိပေးနေကြပေမဲ့ သူတို့ရဲ့အသံတွေကိုသာ ကြားနေပြီး ဘာကိုမှမမြင်ကြရသေးပါဘူး။ နောက်ထပ် ခြေလှမ်းအနည်းငယ် လှမ်းတက်လိုက်ကြတော့မှ ဘွားခနဲ တွေ့ကြရတော့တယ်။

တောင်ထိပ်ပေါ်ကိုရောက်ရောက်ချင်း နာရီကြည့်လိုက်တော့ ၁၀ နာရီ မိနစ် ၃၀ ကျော်ကျော်သာရှိနေပါသေးတယ်။ မောနားတောင်ကနေ မနက် ၈ နာရီတိတိမှာ စတင်တက်ရောက်ခဲ့ကြတာကြောင့် သတ်မှတ်တောင်တက်ချိန် သုံးနာရီဆိုတာကို နာရီဝက်စောပြီး တက်ရောက်နိုင်ခဲ့ကြတယ်။ မောနားတောင်ထိ ကားနဲ့မတက်ဘဲ အစအဆုံး ခြေကျင်တက်ကြမယ်ဆိုရင် သုံးနာရီအတိလောက် ကြာကြမှာပါ။ ပုဂံခေတ်က အနော်ရထာမင်းကြီး တည်ထားခဲ့တဲ့ စေတီတော်၊ မြန်မာနိုင်ငံရဲ့ အလယ်ဗဟိုချက်အမှတ်အသား၊ လှပတဲ့ရှုခင်းတွေရှိတယ်ဆိုတဲ့ နာမည်ကျော် ပြက္ခရွေတောင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြပါပြီ။ လှပသေသပ်တဲ့ လှေကားထစ်တွေအတိုင်း ဆက်လက်တက်ရောက်လာခဲ့ပြီး အဝင်မုခ်ဦးကို ကျော်ဖြတ်လိုက်တာနဲ့ စွယ်တော်မြတ်စေတီတော်ကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ စတင်ဖူးမြော်လိုက်ရတယ်။ ဘုရားရှိခိုးကန်တော့ပြီး တောင်ပေါ်မှာ လေ့လာကြည့်ရှုလိုက်ပါအုံးမယ်။

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ၃၂၇၆၉၅ ဦး လာရောက်ဖူးမြော်



**ရန်ကုန် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် နိုဝင်ဘာလ ပထမပတ်အတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ၃၂၇၆၉၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ယခုနှစ်အတွင်း ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ ဝင်ရောက်မှုမှာ တနင်္လာနေ့မှ သောကြာနေ့ထိ ကာလအတွင်း တစ်ရက်လျှင် အနည်းဆုံး ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ၂၀၀၀၀ ခန့် လာရောက်ဖူးမြော်လျက်ရှိပြီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များနှင့်အများပြည်သူအားလပ်ရက်များတွင် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ တစ်ရက်လျှင် အနည်းဆုံး ၃၀၀၀၀ ခန့်လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

"လက်ရှိကာလမှာ ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုကတော့ တနင်္လာနေ့ကနေ သောကြာနေ့ထိ တစ်ရက်ကို အနည်းဆုံး ဘုရားဖူးဦးရေ ၂၀၀၀၀ လောက်ဝင်ရောက်ပြီး ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေလိုနေ့တွေမှာ ဘုရားဖူးဝင်ရောက်မှုက ၃၀၀၀၀ လောက်ရှိပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၇ ရက်မှာတော့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ စုစုပေါင်း ၁၁၆၅၆၆ ဦး လာရောက်ဖူးမြော်ခဲ့ပါတယ်"ဟု ဦးဘိုးသင်းက ပြောပြသည်။

ရွှေတိဂုံစေတီတော်သို့ နိုဝင်ဘာလ ပထမပတ်အတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ဖူးမြော်မှုမှာ နိုဝင်ဘာ ၁ ရက်က ၂၃၅၆၁ ဦး၊ နိုဝင်ဘာ ၂ ရက်က ၂၄၆၉၁ ဦး၊ နိုဝင်ဘာ ၃ ရက်က ဦးရေ ၂၀၀၂၀၊ နိုဝင်ဘာ ၄ရက်က ၂၄၃၉၉ ဦး၊ နိုဝင်ဘာ ၅ ရက်က ၃၁၈၁၄ ဦး၊ နိုဝင်ဘာ ၆ ရက်က ၈၆၆၄၄ ဦး၊ နိုဝင်ဘာ ၇ ရက်က ၁၁၆၅၆၆ ဦးစုစုပေါင်း ၃၂၇၆၉၅ ဦး ဝင်ရောက်ဖူးမြော်ခဲ့သည်။

ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နံနက် ၅ နာရီမှ ည ၈ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ ASH

# Ballerina ဇာတ်ကားတွင် မင်းသား ကီနူးရိ ပြန်လည်ပါဝင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

John Wick ဇာတ်ကားများ၏ မူကွဲ ရုပ်ရှင်ဇာတ်ကားဖြစ်သော Ballerina ဇာတ်ကားတွင် ကမ္ဘာကျော်မင်းသား ကီနူးရိသည် ကြေးစားလုပ်ကြံရေးသမား ဂျွန်ဝစ်ဇာတ်ကောင်နေရာ၌ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် မင်းသား ကီနူးရိ အနေဖြင့် Ballerina ဇာတ်ကား၌ ဧည့်သည်သရုပ်ဆောင်အဖြစ် ပြန်လည်ပါဝင်မည် သို့မဟုတ် အဓိကသရုပ်ဆောင်အဖြစ် ပြန်လည်ပါဝင်လာမည်တို့ကို အတိအကျမသိရသေးကြောင်း သိရသည်။

Ballerina ဇာတ်ကားတွင် No Time To Die မင်းသမီး အန်နာဒီအားမက်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း၊ လက်ရှိတွင် Ballerina ဇာတ်ကားကို ချက်နိုင်ငံ၌ ရိုက်ကူးနေပြီဖြစ်ပြီး အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ရှေးဟက်တန်က ရေးသားပေးထားပြီး ဒါရိုက်တာ လန်းဝိုက်မင်းက ရိုက်ကူးနေခြင်းဖြစ်သည်။

Ballerina ဇာတ်ကား၏ ဇာတ်ညွှန်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# သရုပ်ဆောင် အေးသီတာ၊ အိတုံနှင့် စေတနာရှင် အလှူရှင်များက အိမ်ထောင်စု ၄၀၀ ကို ထမင်းနှင့်ကြက်သားဟင်း စတုဒိသာလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၀**

သရုပ်ဆောင် အေးသီတာ၊ အိတုံနှင့် စေတနာရှင် အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စု ၄၀၀ ကို ထမင်းနှင့် ကြက်သားဟင်း စတုဒိသာ လှူဒါန်းခြင်းကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၄) မြောက်ရပ်ကွက်တွင် ဝင်ငွေနည်းအခက်အခဲရှိ မိသားစု ၄၀၀ အတွက် ထမင်းနှင့် ကြက်သားဟင်းတို့ကို သရုပ်ဆောင် အေးသီတာ၊ အိတုံနှင့် စေတနာရှင် အလှူရှင်များက ဝေငှလှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါအလှူအတွက် ငွေကျပ် ငါးသိန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

"ကိုဗစ် ကာလကတည်းက စေတနာရှင် အလှူရှင်တွေနဲ့ ပူးပေါင်းပြီးတော့ လှူဒါန်းခဲ့တာဖြစ်ပါတယ်။ တစ်လကို အနည်းဆုံး သုံးကြိမ်လောက်တော့ လှူဒါန်းဖြစ်ပါတယ်။ မတည်အလှူရှင်တွေရဲ့ ငွေကြေးပေါ်မူတည်ပြီး အိမ်ထောင်စု ၂၀၀ လောက်ကနေစပြီးတော့ အိမ်ထောင်စု ၆၀၀ လောက်ထိ လှူဒါန်းလျက်ရှိပါတယ်။ အခုမတည်လှူဒါန်းတဲ့ မိသားစုကတော့ သရုပ်ဆောင် နိုင်းယှဉ်မြင့်မိုရ်မိသားစုဖြစ်ပါတယ်။ လှူဒါန်းတဲ့ နေရာတွေကတော့ ကိုယ်တိုင်စုံစမ်းတာ ရှိသလို လာရောက်လှူဒါန်းပေးဖို့ ဖိတ်ခေါ်တဲ့နေရာတွေကိုလဲ လှူဒါန်းပေးလျက်ရှိပါတယ်"ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။



သရုပ်ဆောင် အေးသီတာသည် ကိုဗစ်ကာလအတွင်းမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ဝင်ငွေနည်း အခက်အခဲရှိ အိမ်ထောင်စုများကို တစ်နိုင်တစ်ပိုင် လှူဒါန်းခဲ့သူဖြစ်ကြောင်း သိရသည်။ ASH

# Wind River ၏ နောက်ဆက်တွဲဇာတ်ကားကို ဒါရိုက်တာ ကာရီစကော့လန်း ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၀**

Wind River ၏ နောက်ဆက်တွဲ ဇာတ်ကားကို ဒါရိုက်တာ ကာရီစကော့လန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၉ ရက်တွင် ရေးသားတင်ပြထားသည်။

Wind River (2017) နောက်ဆက်တွဲ ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်ကို Wind Rivers: The Next Chapter ဟူ၍ အမည်ပေးထားသည်။

ဒါရိုက်တာ တေလာရှရီဒန်ရိုက်ကူးခဲ့သော Wind River ဇာတ်ကားသည် ဌာနေတိုင်းရင်းသားကြိုးဝိုင်းနယ်မြေတစ်ခု၌ အမျိုးသမီးငယ်တစ်ဦး အသတ်ခံရမှုကို အက်ဖ်ဘီအိုင်ဝန်ထမ်းတစ်ဦးက တောရိုင်းတိရစ္ဆာန်စောင့်ကြည့်သူ တစ်ဦးနှင့် ပူးပေါင်းဖော်ထုတ်ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အဲလစ်ဇဘတ်အော်ဆန်၊ မင်းသား ဂျရမီရန်နာနှင့် ဂရေဟမ်ဂရင်းနှင့် မာတင်ဆန်စမိုင်ဆာတို့ ပါဝင်သရုပ်ဆောင်ခဲ့ကြောင်း၊ Wind Rivers: The Next Chapter ဇာတ်ကားရိုက်ကူးရေး လုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင်စတင်မည်ဖြစ်ကြောင်း သိရသည်။ KKO



# မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မန်တုံ နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးမျိုးအောင်နှင့် မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများသည် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

မန်ဆွန်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် လေးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၉၂၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့က ဇွန်လ ဒုတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးပါက ကျေးရွာရှိ အိမ်ခြေ ၅၆ အိမ်၊ လူ ၂၈၉ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၂၄ ဧကကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဦးမျိုးအောင်ထံမှ သိရသည်။ **နိုလာ**

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses meeting to compile voter lists for the election


Vice-Senior General Soe Win addresses meeting to compile voter lists for the election.

**Nay Pyi Taw November 10**

The meeting on compilation of voter lists for forthcoming election took place at the meeting hall of the office of the Chairman of the State Administration Council in Nay Pyi Taw at 2 pm today, with an address by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win.

Also present at the meeting were Chairman of the Union Election Commission U TheinSoe, Union Ministers U MyintKyaing and DrMyoTheinKyaw, UEC member U AungLwinOo, Deputy Ministers DrZawMyint and U AungTunKhaing and officials together with the Chairman of Nay Pyi Taw Council and chief ministers of regions and states through videoconferencing.

Speaking on the occasion, the Vice-Senior General said that today's meeting aimed to emphasize avoiding the wrongdoings similar to that of the 2020 election so as to successfully hold the free and fair multiparty democratic election.

The Vice-Senior General highlighted that the primary wrongdoings in the 2020 election were lack of systematic citizenship scrutiny cards, incorrectness of the voter lists based duplication of CSCs and individual acts of holding many duplicated CSCs, causing the wrong results. Hence, the data and accounts related to Naing-4 were strictly complied for the first phase so as to be correct voter lists. As such, the collected data showed issuance of more than 52 million citizenship scrutiny cards through efforts of computer professionals and usage of software. Significantly, in conducting the scrutiny for Naing-4 measures, more than 500,000 persons in individuals hold more than one citizenship scrutiny card.

More than 1 million CSCs with citizenship number were found with incomplete data. These measures were based on mistakes for many reasons in successive governments, and these may cause serious danger for the State and uncompleted problems for e-Government process. "The globe cannot destroy the nationality but the racism can annihilate the nationality". Now, restrictions are being posed at different levels not to cause further mistakes.

For the second phrase, the Vice-Senior General said that when Form-66/6 was checked in software technology in verifying the CSCs in computerization, the data showed that more than 13 million of CSCs were issued. The verified household registration Form-66/6 showed dead persons, those went abroad for good for various reasons and those who have accepted life of foreigners. More than 22 persons without CSCs were shown in the household registrations. More than 14 million persons above 18 were mentioned in the Form-66/6 without CSC numbers. It can be seen that these data might be based on the personal mistakes or weakness of data compilation process. As such, aforesaid mistakes must be carefully verified on the ground in the third phase not to cause further mistakes. In implementing the third phase of the project, the Union Election Commission, the Department of Immigration and Population, computer professionals, social organizations and security personnel are to join hands in collecting the data and inspecting and amending the accounts on the ground under the leadership of chief ministers in relevant ministries and regions and states. Efforts must be made for ensuring accuracy of population in regions and states under the leadership of chief ministers from regions and states. If so, the correct voter lists can be compiled for successfully holding the free and fair multiparty democratic general election. Only when the correct data can be compiled will it contribute to e-ID system to be implemented in the future. It is necessary to carefully mention four categories of disabilities on the ground collection process related to Naing-4 and Form-66/6 measures.

Meeting participants discussed compilation of voter lists for relevant sectors, and the Vice-Senior General gave necessary instructions. Later, the meeting ended with the remark of the Vice-Senior General. 100

# Hurricane Nicole: Rare November tropical storm hits land in Florida

**Florida November 10**

Hurricane Nicole hit Florida on Thursday with 70mph (110kph) winds but has been downgraded to a tropical storm after it slowed on making landfall.

States of emergency remain and evacuation orders are in place, with heavy rain and storm surges forecast.

Nicole has already lashed Grand Bahama Island as a huge category one hurricane, with the scale of the devastation not immediately clear.

Storms of this size so late in the year are extremely rare.

After Florida, Nicole is set to hit Georgia and South Carolina.

It could possibly even hit Ohio, Pennsylvania and New York later in the week.

November hurricanes are rare in Florida. Since record-keeping began in 1853, the sunshine state has been hit by only two: in 1935 and 1985.

Nicole comes just weeks after Hurricane Ian hit Florida, leaving more than 100 people dead.

The National Hurricane Center (NHC) upgraded Nicole on Wednesday evening from a tropical storm, then downgraded it again an hour after it made landfall and slowed. BBC

# US elections: Biden hails better-than-expected midterms results

**Washington November 10**

US President Joe Biden has expressed relief after Democrats fended off major Republican gains in the midterms.

Republicans are inching towards control of the House of Representatives, but Mr Biden noted that a "giant red wave" did not materialise on Tuesday night.

Either party could still win the Senate, which hinges on three races that are too close to call.

The party in power, currently the Democrats, usually suffers losses in a president's first midterm elections.

Republican strategists had been hopeful of sweeping victories, given that inflation is at a 40-year-high and Mr Biden's approval ratings are relatively low.

But exit poll data suggests voters may have punished Republicans for their efforts to restrict access to abortion.

Speaking at the White House on Wednesday afternoon, Mr Biden said the results so far had made him breathe a "sigh of relief".

"It was a good day, I think, for democracy," he said.

He added that his optimism had been vindicated, and ribbed journalists who had predicted heavy Democratic losses. BBC

# Myanmar border trade camps earn more than US$4,500 million of trade surplus till 28 October 2022


A border trade camp seen with cargo trucks.

**Nay Pyi Taw November 10**

The Ministry of Commerce stated that Myanmar's border trade camps pocketed more than US$4,500 million of trade surplus up to 28 October 2022 of the 2022-23 fiscal year.

Myanmar opens border trade camps along the borders with China, Thailand, Bangladesh, India and Laos to operate border trade.

Within seven months from 1 April to 28 October 2022, Kenglek border trade camp between Myanmar and Laos, Meisei camp between Myanmar and Thailand and Reed camp between Myanmar and India could not handle border trade process. But, remaining border trade camps handled earning of trade surplus worth US$4,577.148 million.

In so doing, they handled export goods worth US$3,336.618 million and import goods, US$1,240.530 million with US$2,096.088 million of trade surplus.

During the period, Hteekhee, Myawady and Muse camps earned the largest amount of trade volumes. Hteekhee camp earned US$1,429.348 million of export and US$6.433 million of import goods. Myawady camp handled US$470.055 million of export goods and US$831.877 million of import goods. Meanwhile, Muse camp arranged US$1,079.597 million of export goods and US$1,46.960 million of import goods. 336

# Shan State (North) to host first traditional food show to attract local and foreign travellers

**Lashio November 10**

The first traditional food show will be held in northern Shan State to attract local and foreign travellers, said chair of Shan State (North) Hotelier Association U Zaw Zaw.

The show will take place at the city hall in Lashio in the third week of November in order to enhance the tourism industry in the open season.

"At present, we target the increase of local tourism services which are running as the primary service. In 2019, we hosted the traditional costume and utensil show on the Union Day with the aim of enhancing the tourism industry. At that time, the show could attract many Chinese citizens it is because many Myanmar's ethnics namely Myaungzee, Wa, Lahu, Lisu, Kokang, Palaung, Shan and Kachin are residing in Yunnan province of China. So they seem to know their traditions to be compared with that of Myanmar. So, the show achieved remarkable success. Now, the food show may have success as well as attract the tourists."

A total of 10 ethnic groups will show off their traditional foods, and they are Shan, Kachin, Lisu, Bamar, Myaungzee, Wa, Palaung, Lahu, Monewun (Bamar) and Kokang. Each ethnic will have to prepare at least three kinds of foods for 100 persons.

Currently, northern Shan State set an aim to attract local and foreign tourists with preparing the natural resources such as waterfalls and landscapes, according to the Shan State hotelier association. ASH



The entrance to the town of Lashio.

# Commercial attaches assigned to 12 economic partner countries to increase economic growth, trade and investment

**Nay Pyi Taw November 10**

In order to contribute to economic development of the nation, trade and investment, commercial attaches were assigned in 12 economic partner countries, according to the Ministry of Commerce.

So far, 16 commercial attaches have been assigned in 12 countries from April 2018 to October 2022. These economic partner countries are Japan, Korea, India, Singapore, Thailand, China, US, Belgium, Germany, South Africa, Brazil and Australia.

Of them, one commercial attaché each is appointed in Beijing, Nanning, Kunming and Hong Kong.

Those attachés have to report on economic development of relevant countries and Myanmar, and economic environment to the mother land. They have to provide assistance to Myanmar businesspersons to penetrate products to foreign countries, make amicable relations with economic ministers and officials from relevant countries and invite their investments to Myanmar, arrange economic development plans and business delegations, hold the business matchings and attend the expos in relevant countries. 336

# More than 8,600 of over 7,300 female applicants pass the skill test till 20 October 2022

**Yangon November 10**

More than 8,600 out of over 7,300 female applicants passed the skill test from 2014 to 20 October 2022, according to the Ministry of Labour.

The qualification and skill tests were conducted from November 2014 to 21 October 2022. During the period, a total of 21,147 applicant labours were tested for 31 kids of jobs. In this regard, 19,231 workers passed the skill tests and the skill recognition certificates were issued to them.

Among male applicants, female applicants also passed the tests. During the period, National Skills Standards Authority-NSSA conducted the tests for 30 kinds of jobs.

In this regard, 7,251 female applicants at the level 1 and 93 at the level 2 joined the tests.

After the tests, 6,807 female applicants passed the test at level 1 and 85 at the level 2, totalling 6,807. The recognition certificates were issued to the passed applicants.

The National Skills Standards Authority-NSSA conducted 29 kinds of jobs at the level 1 and 13 at the level 2 from 2014 to 20 October 2022. Female applicants did not join the level 3.

During the period, female applicants joined the tests for 20 kinds of jobs at the level 1 and five at the level 2.

336

# Dabein Village of Yangon Region to be set as tourist destination

**Yangon November 10**

Dabein Village of Yangon Region will be set as a tourist destination, according to the Myanmar Tourism Entrepreneurs Association.

Dabein Village in Yangon Region is inhabited by more than 100 sculptors who established some 50 sculptural workshops.

The majority of the local people are engaged in sculpture works, and so the village is called Dabein sculpture village.

As Dabain Village is not famous but some number of local and foreign travellers arrive there due to help of tour guides.

The international travellers and local visitors are interested in creating sculpturing process in Dabein Village. The sculpturing works produced from Dabein Village is better than that of other countries at fair prices. So, travellers prefer to purchase the sculpture works.

The village will be set as a tourist attraction for day return trip.

If the village can be created the tourist destination, it will benefit local sculpturing industries, local people and the State.

A plan is underway to set Dabein sculpture village as the tourist destination. The plan is being submitted to the region Directorate of Hotels and Tourism, Department of Archaeology and National Museum, Small scale Industries Department and Myanmar Tourism Federation.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်နိုင်ငံက Dragon 60B မောင်းသူမဲ့ဒရုန်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့



တရုတ်ကာကွယ်ရေး စက်မှုလုပ်ငန်းသည် Dragon 60B ဟု အမည်ပေးထားသည့် မောင်းသူမဲ့ဒရုန်းသစ် (Loitering Munition) ကို နိုဝင်ဘာ ၇ ရက်က လေကြောင်းပြပွဲ ၂၀၂၂ ခုနှစ် (Air Show China 2022) တွင် ထုတ်ဖော်ပြသခဲ့သည်။

၎င်းဒရုန်းလက်နက်သည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း (ISR) စသည့် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်ရန်အပြင် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်အတွက်လည်း အသုံးပြုနိုင်သည်။

ပေါက်ကွဲစေတတ်သော Loitering Munition ထိပ်ဖူးတပ်ဆင်ထားပြီး မြေပြင်ပစ်မှတ်များကို Line-of-sight ကျော်လွန်၍ တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် မောင်းသူမဲ့ဒရုန်း အမျိုးအစားဖြစ်သည်။

Loitering Munition ခဲယမ်းမီးကျောက်များသည် သယ်ဆောင်ရလွယ်ကူပြီး ခြေလျင်တပ်ကဲ့သို့ မြေပြင်ကြည်းတပ်တပ်ရင်း၊ တပ်ဖွဲ့အများအပြားကို လမ်းညွှန်မှုတိကျသော လက်နက်ခဲယမ်းများဖြင့် တိုက်ပွဲဝင်နိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

Dragon 60B တိုက်ခိုက်ရေးဒရုန်းသည် ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းတည်ဆောက်ထားပြီး ကုန်ကျစရိတ်သက်သာသော စွယ်စုံရ ဒရုန်းအမျိုးအစားဖြစ်သည်။ ၁ ဒသမ ၅ မီတာမျှသာရှိသော Launch Tube (ဒရုန်းပစ်လွှတ်ပြွန်)ဖြင့် သိုလှောင်ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပစ်လွှတ်ခြင်း စသည့်လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

၎င်းဒရုန်းတွင် တောင်ပံနှစ်ခုပါရှိပြီး တစ်ခုသည် ကိုယ်ထည်အလယ်တွင်ရှိကာ ဒုတိယတစ်ခုသည် ကိုယ်ထည်အောက်ပိုင်း၏ နောက်ဘက်တွင်ရှိသည်။ ၎င်း၏အမြီးပိုင်းတွင် ပျံသန်းမှုထိန်းချုပ်သည့် မျက်နှာပြင်နှစ်ခု(Control Surfaces)ပါရှိသည်။

Dragon 60B သည် လျှပ်စစ်စွမ်းအင် အသုံးပြုထားပြီး ကျောဘက်တွင် ဒလက်နှစ်ခုပါသောပန်ကာ(Propeller) တစ်ခု တပ်ဆင်ထားကာ ၁၅ မိနစ်မှ နှစ်နာရီထိ လေထဲတွင် ပျံသန်းနေနိုင်စွမ်းရှိပြီး အမြင့် ၁၀ ပေမှ မီတာ ၁၀၀၀ ထိ ပျံသန်းနိုင်ကာ ၎င်းတွင် GPS/ inertial လမ်းညွှန်မှုစနစ်ကို အသုံးပြုထားသည်။

Dragon 60B ၏ ရှေ့ဘက်တွင် အလင်းရောင်ရှိသောအခြေအနေအားလုံး၌ အော်ပရေတာက သတ်မှတ်ထားသော ပစ်မှတ်များကို ရှာဖွေခြင်း၊ ထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့အတွက် နေ့ ညမရွေး သုံးနိုင်သည့် Electro-Optical လမ်းညွှန်စနစ် တပ်ဆင်ထားသည်။ ခြိမ်းခြောက်မှုအန္တရာယ်များကို ထောက်လှမ်းခြင်းအပြင် ထောက်လှမ်းရေးသတင်းအချက်အလက်များကို စုဆောင်းရန်အတွက် Optic အာရုံခံ၊ လမ်းညွှန်စနစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။

**China unveils Dragon 60B new type of loitering munition suicide drone at Air Show China 2022 ကို ဘာသာပြန်ဆိုထားပါသည်။**

## အနောက်နိုင်ငံများကပံ့ပိုးသော လေကြောင်းရန်ကာကွယ်ရေးစနစ်က ယူကရိန်းစစ်ဘက်ကို ခိုင်မာအားကောင်းစေမည်

အနောက်နိုင်ငံများကပံ့ပိုးသော လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ယူကရိန်းသို့ ရောက်ရှိလာပြီဖြစ်ရာ ၎င်း၏စစ်ဘက်ကို ခိုင်မာအားကောင်းစေလိမ့်မည်ဖြစ်ကြောင်း ယူကရိန်းနိုင်ငံကာကွယ်ရေးဝန်ကြီး Aleksey Reznikov က တွစ်တာတွင် ထုတ်ဖော်ကြေညာခဲ့သည်။

ကာကွယ်ရေးဝန်ကြီးက NASAMS နှင့် Aspide မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်များ၏ ခင်းကျင်းထားသည့်ဓာတ်ပုံများကို တွစ်တာတွင်တင်ခဲ့ပြီး ၎င်းတို့ကိုပံ့ပိုးပေးသည့် နော်ဝေ၊ စပိန်နှင့် အမေရိကန်တို့ကို ကျေးဇူးတင်သည်ဟု ပြောကြားခဲ့ကြောင်း၊ အဆိုပါလက်နက်စနစ်များသည် ယူကရိန်းစစ်ဘက်ကို ခိုင်မာအားကောင်းစေပြီး ကောင်းကင်ယံကို ပိုမိုလုံခြုံစေကြောင်း Aleksey Reznikov က နိုဝင်ဘာ ၇ ရက်တွင် တွစ်တာ၌ ရေးသားခဲ့သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးကန်ထရိုက်တာ Raytheon က ထုတ်လုပ်သောတာတို၊ တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် (NASAMS) ကို နော်ဝေနိုင်ငံမှ Kongsberg Defense& Aerospace နှင့် ပူးပေါင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး ပင်တဂွန်စစ်ဌာနချုပ်က ယူကရိန်းသို့ ပံ့ပိုးပေးရန် ကတိပြုခဲ့သည်။ ပြီးခဲ့သည့် တစ်ပတ်ခန့်က ယူကရိန်းသို့ ကတိပြုထားသည့် လောင်ချာရှစ်စင်းအနက် နှစ်စင်းသည် မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ပြောကြားခဲ့ပြီးဖြစ်သည်။

တာလတ်ပစ် Aspide လေကာစနစ်ကို ယခုအခါ ဖျက်သိမ်းလိုက်ပြီဖြစ်သော အီတလီကုမ္ပဏီ Selenia က ဒီဇိုင်းထုတ်ထားသည်။ ဆက်ခံသောမျိုးကွဲများကို Leonardo S.p.A. နှင့် ဥရောပကာကွယ်ရေးကုမ္ပဏီ အီတလီနိုင်ငံမှ MBDA လက်အောက်ရှိ ဌာနခွဲတစ်ခုတို့က ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များအတွင်း ရာနှင့်ချီသော Aspide ဒုံးကျည်များကို ဝယ်ယူခဲ့သည့် စပိန်နိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်က ယူကရိန်းနိုင်ငံအတွက် နောက်ဆုံးပေးအပ်ခဲ့သော စစ်ရေးအကူအညီပက်ကေ့ချ်တွင် ၎င်းတို့ထဲမှ တချို့ကို ထည့်သွင်းထားကြောင်း ကြေညာခဲ့သည်။

ရုရှားသည် ပြီးခဲ့သည့်လက ၎င်း၏ စွမ်းအင်အခြေခံအဆောက်အအုံကို ပုံမှန်လေကြောင်းတိုက်ခိုက်မှုများ စတင်ပြုလုပ်ပြီးနောက်ပိုင်း ယူကရိန်းနိုင်ငံက ၎င်း၏ ကျောထောက်နောက်ခံပြု အနောက်နိုင်ငံများထံ လေကြောင်းရန်ကာကွယ်ရေးစနစ်များ အများအပြားပေးအပ်နိုင်ရေး ပြောကြားခဲ့သည်။

ရုရှားသည် ကရိုင်းမီးယားတံတားအပါအဝင် အဓိကအချက်အချာ အရပ်ဘက်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်သည့် ယူကရိန်းဖောက်ခွဲမှုအများအပြားကို လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အတိအလင်း ပြောကြားထားပြီးဖြစ်သည်။

**Ukrainian defense minister reveals new missile systems ကို ဘာသာပြန်ဆိုထားပါသည်။**




## ရုရှားက တိုက်ခိုက်မှုအပေါ်အပြစ်ရှိကြောင်းတာဝန်ခံမှသာ စစ်မှန်သောစေ့စပ်ညှိနှိုင်းမှုပြုလုပ်မည်ဟု ယူကရိန်းသမ္မတဆို

ယူကရိန်းသည် ရုရှားနှင့် ဆွေးနွေးရန် လမ်းဖွင့်ထားသော်လည်း ၎င်း၏နယ်နိမိတ်များကို ပြန်လည်ရယူသွားရန်နှင့် ရုရှားက တိုက်ခိုက်မှုများအပေါ် အပြစ်ရှိကြောင်း



တာဝန်ခံမှသာလျှင် စစ်မှန်သောစေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက နိုဝင်ဘာ ၈ ရက်က ပြောကြားခဲ့သည်။

ရုရှားနှင့် စေ့စပ်ညှိနှိုင်းမှုများပြန်လည်စတင်ရန် အဓိကအခြေအနေမှာ ယူကရိန်း၏ နယ်မြေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေးဖြစ်သည်ဟု ယူကရိန်းအမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီအတွင်းရေးမှူး Oleksiy Danilov က ပြောကြားခဲ့သည်။

အဆိုပါ စေ့စပ်ညှိနှိုင်းမှုများအပေါ် အာမခံချက်ပေးနိုင်ရန်အတွက် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ လေယာဉ်များ၊ တင့်ကားများနှင့် တာဝေးပစ်ဒုံးကျည်များလိုအပ်ကြောင်း Oleksiy Danilov က ပြောကြားခဲ့သည်။

အရှေ့ဘက်ရှိ Donetsk ဒေသသည် တိုက်ပွဲများ၏ဗဟိုချက်မအဖြစ် ဆက်လက်တည်ရှိနေပြီး ရုရှားနိုင်ငံသားရာနှင့်ချီနေ့စဉ် သေဆုံးနေရကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံမှ သိမ်းပိုက်ထားသော Kherson မြို့တွင် ရုရှား၏လေကြောင်းတိုက်ခိုက်မှုကြောင့် ရေနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ပြီး ဒေသအတွင်းရှိ အဓိကရေကာတာတစ်ခုလည်း ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူကရိန်းအရှေ့ပိုင်း၌ ထိုးစစ်ဆင်မှုတစ်ရပ်တွင် ရေတပ်ဆိုင်ရာခြေလျင်တပ်ဖွဲ့တစ်ခုမှ တပ်ဖွဲ့ဝင်များနှင့် စစ်လက်နက်၊ ပစ္စည်းကိရိယာများ ထိခိုက်ကျဆုံးမှုများပြားခဲ့ရသည်ဟူသော စွပ်စွဲချက်များကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆိုထားသည်။

ယူကရိန်းက အနောက်နိုင်ငံ စစ်မဟာမိတ်များထံမှ လေကြောင်းရန်ကာကွယ်ရေးစနစ်များ နောက်ထပ်လက်ခံရရှိထားကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

**Ukraine conflict - day 258: Zelenskyy open to 'genuine' talks, Donetsk 'epicenter' of fighting ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဘိုကလေးမြို့နယ်တွင် အသားစားကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာ



**ဘိုကလေး နိုဝင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ရပ်နားထားခဲ့သည့် အသားစားကြက်မွေးမြူရေးလုပ်ငန်းများ နိုဝင်ဘာလအတွင်း ပြန်လည်လုပ်ကိုင်လာကြကြောင်း ဘိုကလေးမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဘိုကလေးမြို့နယ်တွင် အသားစားကြက်မွေးမြူရေးလုပ်ငန်းများကို ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ယာယီရပ်နားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ယာယီရပ်နားခဲ့သည့် အသားစားကြက်မွေးမြူရေးလုပ်ငန်းကို ယခုအခါ ပွင့်လင်းရာသီရောက်လာပြီဖြစ်သည့်အတွက် ကြက်သားဈေးကွက် ကောင်းလာခြင်းတို့ကြောင့် အသားစားကြက်မွေးမြူရေးလုပ်ငန်းရှင်များသည် နိုဝင်ဘာလပထမပတ်မှ စတင်လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာတော့ မွေးမြူလို့လဲ သင့်တော်တဲ့ရာသီအချိန်ဖြစ်သလို ကြက်သားဈေးကလဲ ကောင်းလာတာကြောင့် ပြန်လည်လုပ်ကိုင်နေကြတာပါ။ မွေးမြူရေးလုပ်ငန်းရှင်တော်တော်များများ ပြန်လည်လုပ်ကိုင်လာကြတာပါ။ ဒါ့အပြင် ကြက်အစာဈေးကလဲ ပြန်ကျလာတဲ့အတွက် မွေးမြူသူတွေအဖို့ စမွေးကတည်းက အဆင်ပြေမဲ့အခြေအနေရှိနေပါတယ်။ ရာသီဥတုဖောက်ပြန်တာကြောင့် သေဆုံးတာမရှိရင် ကြက်မွေးမြူရတာ အဆင်ပြေပါတယ်"ဟု ဘိုကလေးမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းရှင်များအသင်းဝင် ဦးကျော်ဇင်လွင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် အသားစားကြက်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးလျှင် ကြက်ကောင်ရေ ၅၀၀၀ မှ ၅၀၀၀၀ ထိ မွေးမြူကြပြီး ယခုအခါ မွေးမြူရေးလုပ်ငန်းရှင် ၃၂ ဦးက အသားစားကြက် မွေးမြူရေးလုပ်ငန်းကို ပြန်လည်လုပ်ကိုင်လာကြခြင်းဖြစ်ကြောင်း အဆိုပါ အသားစားကြက်ကိုမွေးမြူရသည့် သက်တမ်းသည် တစ်လခန့်ဖြစ်ပြီး ကြက်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ထိ ပေးဝယ်ယူရကြောင်း ဘိုကလေးမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**ကျော်ကျော်လင်း**

# ခေါင်လန်ဖူးမြို့နယ်ရှိ ကျေးရွာလေးရွာတွင် ရေပေးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ခေါင်လန်ဖူး နိုဝင်ဘာ ၁၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေါင်လန်ဖူးမြို့နယ်ရှိ ကျေးရွာလေးရွာတွင် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညီညီနှင့် တာဝန်ရှိသူများက ရခွီဖူးကျေးရွာ၊ ဖန်ဒုံကျေးရွာ၊ မရမ်းဒမ်းကျေးရွာနှင့် ဟီးဝမ်းလော်ကျေးရွာများတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခေါင်လန်းဖူးမြို့နယ် ရခွီဖူးကျေးရွာတွင် အရှည်တစ်မိုင်လေးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဖန်ဒုံကျေးရွာတွင် အရှည် တစ်မိုင်လေးဖာလုံရှိ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းတို့ကို ဆီးနင်းလွှင်ပြင်ကုမ္ပဏီက ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၀၄ သန်းဖြင့် ယခုနှစ် ဇူလိုင်လပထမပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ မရမ်းဒမ်းကျေးရွာ အရှည်နှစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဟီးဝမ်းလော်ကျေးရွာတွင် အရှည်တစ်မိုင်လေးဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို အားဒီကုမ္ပဏီက ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၀၆ သန်းဖြင့် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာလေးရွာရှိ ဒေသခံပြည်သူများ တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးစေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။



**ကျော်ဇောဦး(မောရှမ်းမြေ)**

# အုတ်တွင်းမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**အုတ်တွင်း နိုဝင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အိမ်တွင်းမှုဝင်ငွေတိုး လုပ်ငန်းအဖြစ် ဆောင်ရွက်လာနိုင်စေရန်၊ မိသားစုဝင်ငွေ တိုးပွားလာပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်စေရန်နှင့် စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ဘန့်ဘွေးကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ကျွဲပွဲမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမင်းနိုင်တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပေးရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။

အဆိုပါသင်တန်းသို့ အုတ်တွင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက အခြေခံစက်ချုပ်နည်းများကို စာတွေ့၊လက်တွေ့ဖြင့် နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၈ ရက်ထိ တစ်လကြာအခမဲ့ ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်ဝန်ထမ်းများ၊ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျွမ်းကျင်နည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၀-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၁၀၀၀၀ |
| **(ဖွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများ ဒုတိယအကြိမ်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး







**နေပြည်တော် နိုဝင်ဘာ ၁၀**

ယနေ့ အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ Video Conferencing စနစ်ဖြင့်ကျင်းပသည့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ ပါဝင်ဖွဲ့စည်းထားသည့် ဘင်္ဂလားပင်လယ်အော်စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ၏ ဒုတိယအကြိမ်အစည်းအဝေး (2nd BAMM)တွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက စတုတ္ထအကြိမ်မြောက်ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များက စိုက်ပျိုးရေးထုတ်ကုန်များ ရေရှည်တည်တံ့၍ အကျိုးအမြတ်ရရှိစေရန်နှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဆုံးဖြတ်ထားမှုကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဒေသဆိုင်ရာစားနပ်ရိက္ခာဖူလုံရေး (Regninal Agricultural on Food Security) ဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံက လာမည့်ဒီဇင်ဘာလတွင် တာဝန်ယူကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ယင်းအစည်းအဝေးသို့ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် Mr. Tenzil Lekphell၊ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ ထိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့မှ စိုက်ပျိုးရေးဆိုင်ရာဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးတွင် ပူးတွဲသဘာပတိအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံကကြီးမှူးကျင်းပခဲ့သည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း GAP အစည်းအဝေး၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဘင်းမ်စတက်၏ဘုံစီမံကိန်းတစ်ခုဖြစ်သည့် တန်ဖိုးမြင့်ထွက်ကုန်များထုတ်လုပ်ရေးတွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်လာရေးမူဝါဒနှင့်အညီ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ တိုးမြှင့်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ထွန်းကားလာရေးအပါအဝင် ပုဂ္ဂလိကကဏ္ဍကို ဘက်စုံမှ မြှင့်တင်ပေးလျက်ရှိကြောင်း၊ အလားတူ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပင်ဇီဝနည်းပညာများ၊ အပင်မျိုးဗီဇဆိုင်ရာ နည်းပညာများ၊ Digital Agricultural နည်းပညာများကို တီထွင်ဆန်းသစ်ဆောင်ရွက်နိုင်ရေးကြိုးပမ်းလျက်ရှိကြောင်း။

ကိုဗစ်-၁၉ အပါအဝင် စိန်ခေါ်မှုများစွာရှိနေသည့် ယခုကာလတွင် လယ်ယာကဏ္ဍသည် ထိခိုက်မှုအနည်းဆုံးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံမှုကို များစွာအထောက်အကူပြုနိုင်လျက်ရှိသကဲ့သို့ နိုင်ငံတကာဈေးကွက်သို့လည်း တင်ပို့ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ နိုင်ငံများအကြားကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် ကုန်သွယ်မှုအဟန့်အတားများ ဖြေလျှော့နိုင်ရေးကြိုးပမ်းသွားရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် အစည်းအဝေး၌ ဘင်းမ်စတက်စိုက်ပျိုးရေး အဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ်အစည်းအဝေး(2nd SOM-A) ကတင်ပြလာသည့်အစီရင်ခံစာကို အတည်ပြုခြင်း၊ ဘင်းမ်စတက်စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)နှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ ဘင်းမ်စတက်အဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာနှင့်မူဝါဒသုတေသနဆိုင်ရာ အဖွဲ့အစည်းတို့အကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း၊ တတိယအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပမည့်နေရာနှင့် နေ့ရက်သတ်မှတ်ခြင်း၊ ဒုတိယအကြိမ် ဘင်းမ်စတက်စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက် အတည်ပြုခြင်းတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးပထမနေ့တွင် ကျင်းပခဲ့သည့် ဘင်းမ်စတက်စိုက်ပျိုးရေးအဆင့်မြင့်အရာရှိကြီးများ ဒုတိယအကြိမ်အစည်းအဝေး Second Senior Official's Meeting on Agriculture (2nd SOM-A)တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက ပူးတွဲသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ် ဘင်းမ်စတက်လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးအစီရင်ခံစာ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ နဝမအကြိမ် ဘင်းမ်စတက်လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု ကျွမ်းကျင်ပညာရှင်များအစည်းအဝေးအစီရင်ခံစာ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဘုံစီမံကိန်း ခုနစ်ခု၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ ဘင်းမ်စတက်စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၃-၂၀၂၇)ကို ဆွေးနွေးခြင်း၊ ဘင်းမ်စတက်အဖွဲ့အစည်းနှင့် အပြည်ပြည်ဆိုင်ရာစားနပ်ရိက္ခာနှင့် မူဝါဒသုတေသနဆိုင်ရာအဖွဲ့အစည်းတို့အကြား လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာနှင့်စပ်လျဉ်း၍ဆွေးနွေးခြင်း၊ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍခွဲကို ဒုတိယအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် ဘင်းမ်စတက် စိုက်ပျိုးရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးများ၏ကြီးကြပ်မှုအောက်တွင်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ဦးတင်မောင်ဆွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးတင်မောင်ဆွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ (အထစ)နှင့်ပတ်သက်၍ အခက်အခဲများ သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ၁၉-၉-၂၀၂၂ ရက်မှစတင်၍ အသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်၏အပိုဒ်(၁) (င)နှင့် (၂) (ဃ)တွင် အောက်ဖော်ပြပါအတိုင်းအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်-

အပိုဒ်(၁) (င)

နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားရှိခြင်းမပြုရ။ကိုင်ဆောင်ထားခြင်းရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများတွင် အမြန်သွားရောက်အပ်နှံရမည်။ ၁-၁၁-၂၀၂၂ ရက်ထိ ကတ်အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူသော နိုင်ငံသားကတ်ကိုသာအတည်ပြု၍ ယခင်ကတ်အပိုများကို ပယ်ဖျက်စာရင်းသွင်းပါမည်။

အပိုဒ်(၂)(ဃ) ပုံစံ၆၆/၆ (အထစ)

တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူများသည် သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ အမြန်သွားရောက်သတင်းပို့ဖြေရှင်းရမည်။ (ဥပမာ-ပုသိမ်တွင် အထစပြုလုပ်ထားသော်လည်း ရန်ကုန်တွင် အထစထပ်မံပြုလုပ်ထားရှိခြင်း)၊ ၁-၁၁-၂၀၂၂ ရက်အထိ ပုံစံ၆၆/၆(အထစ)အပိုများအပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော ပုံစံ၆၆/၆(အထစ)ကိုသာ အတည်ပြု၍ ယခင်ပုံစံ ၆၆/၆ (အထစ)များကို ပယ်ဖျက်စာရင်းသွင်းပါမည်။

၃။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ e-ID Biographic Registration Software နည်းပညာဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် အခြားအသိအမှတ်ပြုကတ်တစ်မျိုးမျိုးကိုင်ဆောင်သူ ၅၂ သန်းကျော်ကိုစာရင်းသွင်းပြီးဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အခြားအသိအမှတ်ပြုကတ်များ၊ ပုံစံ ၆၆/၆အိမ်ထောင်စုလူဦးရေစာရင်းများကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းများကို နီးစပ်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပါသည်။

၄။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၁-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်းကြေညာထားသော်လည်း ပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်းစသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက် ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ယမန်နေ့က စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အလုပ်ရုံခွဲများအလိုက် လျှပ်စစ်နှင့်သက်ဆိုင်သည့် ပြုပြင်ရမည့်အစိတ်အပိုင်းများကို အချိန်မီပြီးစီးအောင် ပူးပေါင်းဆောင်ရွက်ရန်၊ ပြုပြင်ပြီးစီးသည့်စက်ပစ္စည်း အစိတ်အပိုင်းများနှင့်ပတ်သက်၍ ထိန်းသိမ်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရန်၊ ခွင့်ပြုဘဏ္ဍာရန်ပုံငွေများ အလေအလွင့်မရှိစေရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေးနှင့် စက်ရုံစတင်လည်ပတ်ပါက လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ကြိုတင်စီမံထားရန်၊ လိုအပ်သော ကုန်ကြမ်းများကို ကြိုတင်စုဆောင်း၍ စနစ်တကျထိန်းသိမ်းထားရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် ခေတ္တစက်ရုံမှူးနှင့် တာဝန်ရှိသူတို့က အလုပ်ရုံအလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) အလုပ်ရုံခွဲအသီးသီးရှိ စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှုနှင့် စမ်းသပ်မောင်းနှင်နေမှု၊ Grizzily with double desk vibrating screen (250 Ton/Hour) တည်ဆောက်ရန် မြေပြုပြင်ခြင်း၊ Waste Heat Boiler တွင် Wall Tube များကို Magnetic Particle Testing(MT)နှင့် Ultrasonic Testing (UT) ဆောင်ရွက်မှု၊ Heat Recovery Power Station တွင် 11kV Cable များကို DC Hi-pot Testing ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်လှစ်





**နေပြည်တော် နိုဝင်ဘာ ၁၀**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၀-၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုအသိပညာ၊ဗဟုသုတများရရှိပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် တက်ရောက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအကြိမ်သင်တန်းကို ယခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ပြီး ယခုသင်တန်းမှာ ဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ဆွေးနွေးသွားမည့်ဘာသာရပ်များမှာ တိုင်ကြားမှုအပေါ် အရေးယူဆောင်ရွက်ခြင်း၊ အမှုတိုင်ကြားမှုအပေါ် ဆောင်ရွက်မှုအဆင့်ဆင့်၊ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ Conflict-related Sexual Violence(CRSV) ဆိုင်ရာ နှစ်စဉ်အစီရင်ခံစာနှင့်မြန်မာနိုင်ငံကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားခြင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးဆိုင်ရာဆောင်ရွက်ချက်များလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများအကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ UNSCR-1325၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဝန်ဆောင်မှုနှင့် တစ်နေရာတည်းတွင် အမျိုးသမီးများကို ဝန်ဆောင်မှုပေးခြင်း One Stop Women Support Centre-OSWSCနှင့် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်တို့ပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီးက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာ အသီးသီးနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၅၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးဇော်ဝင်း ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်ပညာရေးမှူးရုံးတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၊ အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆရာ၊ဆရာမများသည် မျိုးဆက်သစ်ကျောင်းသား၊ကျောင်းသူများ၏ ပုံ့ကိုင်ရှင်များပင်ဖြစ်ပါကြောင်း၊ ဆရာ၊ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို မျိုးချစ်စိတ်၊နိုင်ငံချစ်စိတ်ရှိအောင်၊အတ္တဟိတ ပရဟိတအကျိုး သယ်ပိုးဆောင်ရွက်တတ်အောင်၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကိုလေးစားလိုက်နာသောနိုင်ငံသားကောင်းများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ပညာတတ်အောင် သင်ကြားပေးရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ ယဉ်ကျေးလိမ္မာအောင်လည်း ပြုစုပျိုးထောင် သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီးသည် ဆိပ်ကြီးခနောင်တိုမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းများသို့သွားရောက်၍ ကျောင်းသား၊ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တစ်ဆင့် ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့်တာဝန်ရှိသူများသည် ညနေပိုင်းတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ ရောက်ရှိပြီး အခြေခံပညာအထက်တန်းအဆင့် Grade-10 နှင့် Grade-11 သင်ရိုးသစ်များရိုက်ကူးသည့် စတူဒီယိုခန်းနှင့် ရုပ်မြင်သံကြားအဆောက်အအုံရှိ အခန်းဖွဲ့စည်းထားရှိမှုများကိုလည်းကောင်း၊ သင်ထောက်ကူအလုပ်ရုံဂိုဒေါင်ရှိ စာအုပ်များနှင့်ပစ္စည်းများ စနစ်တကျထားရှိမှုကိုလည်းကောင်း၊ ရုပ်ရှင်ခန်းမအတွင်းရှိ စာရေးစားပွဲခုံများ၊ ရုံးလုပ်ငန်းသုံး ပစ္စည်းထားရှိမှုကိုလည်းကောင်း လှည့်လှည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



# လားရှိုးမြို့တွင် မဲဆန္ဒရှင်စာရင်းများမှန်ကန်စေရေးနှင့် မဲရုံ၊ မဲရုံသုံးပစ္စည်းများ လျာထားစစ်ဆေးခြင်းလုပ်ငန်း ညှိနှိုင်းစည်းဝေး

**လားရှိုး နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ၂၀၂၃ ခုနှစ်၌ကျင်းပမည့်အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးနှင့်မဲရုံများလျာထားခြင်း၊ မဲရုံသုံးပစ္စည်းများလိုအပ်ချက်စစ်ဆေးခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် လားရှိုးမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးမြင့်ဦးတို့က အဖွင့်အမှာစကားအသီးသီးပြောကြားကြသည်။

ဆက်လက်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်တို့မှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက သက်ဆိုင်ရာမြို့နယ်များအလိုက် မဲဆန္ဒရှင်အင်အားစာရင်း၊ လျာထားမဲရုံနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်များကို Power Point များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မဲရုံများလျာထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် အသေးစိတ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အစည်းအဝေးကို ရုတ်သိမ်းခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ခွဲအတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဦးစီးမှူး၊ ခရိုင်၊ မြို့နယ်ဦးစီးအရာရှိများ၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပလောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ဒေသ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

❑ **လာနီညာအဆင့်မှ**

လာနီညာအခြေအနေသို့ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များခန့်မှန်းချက်အရ နိုဝင်ဘာလအတွင်း အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် ဒေသအချို့တွင် ညအပူချိန်များလျော့နည်းနိုင်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# မိုင်းရှူးမြို့နယ်ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီး လုံးတော်ပြည့်ရွှေသက်န်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်း



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီး လုံးတော်ပြည့် ရွှေသက်န်း ဆက်ကပ်လှူဒါန်းခြင်းနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ်ရှိ ဟံသာမုနိမာရဇိန်ဘုရားကြီး လုံးတော်ပြည့်ရွှေသက်န်းကပ်လှူခြင်းနှင့် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပနိုင်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါဘုရားကြီးကျောင်းတိုက်၌ ပြုလုပ်ရာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်က ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် ရွှေဆိုင်းများကို လည်းကောင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက တာဝန်ရှိသူများထံ အလှူတော်ငွေများကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ စူဠာမုနိ လောကချမ်းသာစေတီတော်ရင်ပြင်၌ တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဒိုင်အဖွဲ့များ၊ ဆုရရှိကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ခဲ့ကြသော အေးသာယာမြို့နှင့် တောင်ကြီးမြို့တို့မှ ယှဉ်ပြိုင်ခဲ့ကြသော ခြေနှစ်ချောင်း၊ ခြေလေးချောင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ မီးပဒေသာ လှည့်လည်ပူဇော်ပွဲတွင် ပါဝင်ခဲ့ကြသော တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်မှ အဖွဲ့များ၊ ဒိုင်အဖွဲ့များနှင့် မီးဆရာအဖွဲ့များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဆုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို မီးရှူး၊ မီးပန်းများ ပစ်ပေါက်ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၅၉ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၆၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား၊ ကျောင်းသူ ၅၁၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တာဝန်ရှိသူများက ဒေသခံပြည်သူများလက်ဝယ်အရောက် Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

## နိုဝင်ဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၀၆၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၆၁ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၅၂၂ ဦး |
| သေဆုံးသူ | ၁၉၄၈၆ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၆၇၉၀ ဦး |

# CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၁၀**

အလုပ်လက်မဲ့ဖြစ်ပေါ်နေသည့် အလုပ်သမားများကို New Normal အခြေအနေနှင့်အညီ အသစ်ဖွင့်လှစ်လုပ်ကိုင်သည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ၎င်းတို့၏ ကျွမ်းကျင်မှုနှင့်ကိုက်ညီသော အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ၎င်းတို့တတ်မြောက်ထားသည့် နည်းပညာများကို သင့်လျော်သည့်နေရာများတွင် ပြန်လည်အသုံးပြုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ယနေ့နေ့လယ်ပိုင်းက အလုပ်သမားဝန်ကြီးဌာန၌ ကျင်းပသည့် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ အများဆုံးဖော်ဆောင်ပေးပြီး ပြည်ပဝင်ငွေရှာဖွေပေးနေသည့် CMP လုပ်ငန်းများသည် မြန်မာလုပ်သားထုနှင့် မြန်မာနိုင်ငံသားများအတွက် ရေတို၊ ရေရှည် အကျိုးဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်းများဖြစ်ကြောင်း၊CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် CMP စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်လိုကြောင်း လျှောက်ထားလာမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရေး သဘောထားမှတ်ချက်နှင့်တကွ စိစစ်ဆောင်ရွက်ပေးခြင်း၊ CMP စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမိန့် ရရှိသည့်လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ၊ သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ အခွန်ပေးဆောင်ခြင်း ရှိ၊ မရှိ၊ ရရှိသောလုပ်ခများကို ဘဏ်သို့ မှန်ကန်စွာပေးသွင်းခြင်း ရှိ၊ မရှိ၊ အလုပ်သမားများအတွက် ရသင့်ရထိုက်သော လုပ်ခခံစားခွင့်များ အပြည့်အဝထုတ်ပေးခြင်း ရှိ၊ မရှိ၊ စာရင်းဇယားများ စနစ်တကျထားရှိခြင်း ရှိ၊ မရှိတို့ကို အဓိကစစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများကို လုပ်ခလစာ ထုတ်ပေးနိုင်မှုနှင့်စပ်လျဉ်းပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီက ဖွဲ့စည်းပေးထားသည့် One Stop Services (OSS)တွင် အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို တာဝန်ပေးအပ်ထားပြီး OSS ရုံးရှိသက်ဆိုင်ရာဌာနများ၊ UMFCCI၊ ဘဏ်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အလုပ်သမားများ၏ လုပ်ခလစာရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်အစည်းအဝေးကို လေးကြိမ်ကျင်းပခဲ့ပြီး အလုပ်ရှင်၊ အလုပ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ ဖြေရှင်းရမည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေး၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာနဒုတိယဝန်ကြီးက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများကိုရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီဝင်များက ကဏ္ဍအလိုက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄ သန်းကျော် ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပင်လောင်း-တပ်ကုန်းသွားကားလမ်း၊ လိန်းလီကြိုးတံတားအနီးတွင် ပင်လောင်းမှ တပ်ကုန်းသို့ ဖော်မင်းမောင်းနှင်လာသည့် HINO ၁၂ ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုး ငွေကျပ်သိန်း ၇၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၄၃၈ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင်သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ စားသောက်ကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသည့် ဆိုင်ကယ်အပိုပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၃၇၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၉ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သံလွင်တံတားစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီလီတာ ၁၀၂၀၀ နှင့် Lipo အချိုရည်ဖာ ၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၅၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ(OSS)ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာ ကီလိုဂရမ် ၂၃၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းပြားမြို့နယ်၊ တောင်ကုတ်မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၂၄ ဒသမ ၉၆၄၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၈၄၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်၊ ဇီးလုံးကျေးရွာအတွင်း တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၂၄၇၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်နှင့် ယနေ့တို့တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၇၂ ဒသမ ၇၄၅၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၅၅၂၇၆ ကို သစ်တောဥပဒေအရ လည်းကောင်း၊ ယနေ့တွင် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသော ရေခဲမုန့် ၁၂၀၅ ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၈၃၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Freezer Box Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၃၈၂၇၆ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၈ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၄ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၂၉၈၇၅၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားခြိမ်းခြောက် ဖမ်းဆီးခြင်းခံခဲ့ရသည့် အမျိုးသမီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ပြန်လည်ကယ်တင်နိုင်ခဲ့

NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မတရားခြိမ်းခြောက်ဖမ်းဆီးခြင်းခံခဲ့ရသည့် အမျိုးသမီးတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နာရီပိုင်းအတွင်း ပြန်လည်ကယ်တင်နိုင်ခဲ့သည့် ဖြစ်စဉ်ပြပုံ






ဆိုင်အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်ခဲ့ပြီး လက်ဝတ်ရတနာများနှင့် လက်ကိုင်ဖုန်းများအား ခြိမ်းခြောက်ယူဆောင်ခဲ့မှုကို တွေ့ရစဉ်။



မဟန်နွေဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုကို တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် မဟန်နွေဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့မှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်နေသူ အမျိုးသမီးတစ်ဦးကို NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်ပိုင်းတွင် လက်နက်ဖြင့် ခြိမ်းခြောက်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အထက်ပါရပ်ကွက်နေ "အောင်ဆင်မင်း" လက်ဖက်နှင့် အကြော်စုံဆိုင်ပိုင်ရှင် အရာရှိတစ်ဦး၏ဇနီးဖြစ်သူ မဟန်နွေဦး(ဘ) ဦးဇော်ဦးတင်သည် ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ၎င်း၏နေအိမ်ရှေ့၌ ဆွမ်းလောင်းနေစဉ် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမား အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာခဲ့ကြောင်း၊ ယင်းနောက် မဟန်နွေဦး၏ မိသားစုဝင်များနှင့် ဝန်ထမ်းများကို လက်နက်ဖြင့်ခြိမ်းခြောက်ကာ နေအိမ်အတွင်းရှိ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရန်၊ လုပ်ငန်းသုံးနှင့် ဝန်ထမ်းများ၏ လက်ကိုင်ဖုန်းရှစ်လုံးတို့ကို ယူဆောင်ပြီး မဟန်နွေဦးကို ရေစကြိုမြို့နယ် ဥက္ကံကျေးရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားလျှင်ဖြစ်ပွားချင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ လူထုနှင့်ပူးပေါင်း၍ သတင်းဆက်စုံစမ်း မေးမြန်းခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများ၏သတင်းပေးပို့မှုများအရ မဟန်နွေဦးကို မြိုင်မြို့နယ်အတွင်းရှိ ကျောက်ဆောက်တမံ (ဒေသအခေါ်) တောင်ရွာဆည် ရှင်းလင်းဆောင်တွင် ဖမ်းဆီးထားကြောင်း သိရသည်။

အဆိုပါနေရာသို့ ကွန်မန်ဒိုတပ်ဖွဲ့ဝင်များပါဝင်သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်ဖြင့်သွားရောက်ပြီး ဝင်ရောက်စီးနင်းရာဖွေ ကယ်ဆယ်ခြင်းများ ဆောင်ရွက်ခဲ့ရာ NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် အနောက်ဘက်နှင့်အနောက်တောင်ဘက်တို့သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး မဟန်နွေဦးကို ဘေးကင်းလုံခြုံစွာဖြင့် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် ပြန်လည်ကယ်တင်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဟန်နွေဦးကို ဖမ်းဆီးချုပ်နှောင်ခဲ့သည့် တောင်ရွာဆည် ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့အမျိုးသမီးများနှင့် ကလေးသူငယ်များကို အတင်းချုပ်နှောင်ဖမ်းဆီးခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အကျပ်ကိုင် ခြိမ်းခြောက်ချုပ်နှောင်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု (Counter-terrorism Action) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့၏လှုပ်ရှားမှုသတင်းများရရှိက လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြား၍ ရပ်ရွာအေးချမ်းသာယာရေး ပူးပေါင်းဆောင်ရွက်ကြရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်နေ တင်ဇာမိုးဝင်း(ခ) သဉ္ဇာဦးသည် ၎င်းအသုံးပြုသည့် "Tinzar Moe Win" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် လဟာဂမုံကျေးရွာနေ ခင်မောင်စိုးသည် ၎င်းအသုံးပြုသည့် "Khin Mg Soe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## ရန်ကုန်မြစ်အတွင်းရှိ သမ္မတကမ်းခြေဆိပ်ကမ်းအနီး၌ မီးလောင်မှုဖြစ်ပွားနေသည့် တွန်းသင်္ဘောတစ်စီးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့အနီး ရန်ကုန်မြစ်အတွင်းရှိ သမ္မတကမ်းခြေဆိပ်ကမ်းအနီး၌ ယနေ့ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်ခန့်တွင် ဆင်ဟိုင်း-၆ အမည်ရှိ တွန်းသင်္ဘောတစ်စီး မီးလောင်နေကြောင်း သတင်းအရ တပ်မတော်(ရေ)မှ ပင်လယ်သွားတွဲဆွဲရေယာဉ် သုံးစီးသည် ဒေသခံ ငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာက ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



မီးလောင်မှုဖြစ်ပွားနေသည့် တွန်းသင်္ဘောတစ်စီးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်စဉ်။

# ခေတ်မရွေးတဲ့ကဗျာ (၆)

မန်းတင့်မော်



ရေ၊ မြေ၊ တော၊ တောင်တည်းဟူသော သဘာဝပတ်ဝန်းကျင်သည် လူသားတို့အပေါ် အကျိုးဖြစ်ထွန်းစေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ သဘာဝပတ်ဝန်းကျင်က တစ်ခါတစ်ရံ ဖောက်ပြန်ပြောင်းလဲတတ်သေးသည်။ ဖြစ်ခြင်း၊ ပျက်ခြင်း၊ မယွင်းကြုံရသော သဘောလည်းရှိသည်။ လူသားတို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရသည်ဟူ၍လည်း ပညာရှင်တို့က သတိပေးချက်များလည်းရှိသည်။ လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ ဘဝတစ်လျှောက်လုံး ဆက်စပ်ထိတွေ့နေရသည်လည်းဖြစ်သည်။ လူတို့၏ သဘာဝပတ်ဝန်းကျင်အပေါ် ရှုမြင်ပုံ၊ အသုံးချပုံများကလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားလျက်ရှိနေတတ်ပြန်ပါသည်။ လူအပါအဝင် အပင်နှင့် သတ္တဝါအားလုံး၏ အသက်ရှင်ရပ်တည်မှုတွင် ရေ၏ အခန်းကဏ္ဍမှာ များစွာပါဝင်ပတ်သက်လျက်ရှိသည်။ ပတ်ဝန်းကျင်ရှိ ရေဟု ဆိုကြပါစို့။

သက်ရှိပတ်ဝန်းကျင်တွင် ရေက အသွင်အမျိုးမျိုးနှင့် တည်ရှိနေပါ၏။ မိုးရေ၊ ချောင်းရေ၊ မြစ်ရေ၊ ပင်လယ်ရေနှင့် မြေအောက်ရေတို့က အများသိရေများဖြစ်ကြသည်။ အသုံးဝင်ရေကို ခေတ်အဆက်ဆက်လူသားတို့က စုဆောင်းထိန်းသိမ်းသုံးစွဲခဲ့ကြသည်မှာလည်း ကာလကြာမြင့်ခဲ့ပြီ။ မြန်မာနိုင်ငံတွင် ရေကို သွယ်ယူ၍ ဆည်အဖြစ် တည်ဆောက်ကာ အသုံးပြုစိုက်ပျိုးခြင်းကို ပုဂံခေတ်ကပင် စတင်နေပြီဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိနိုင်သည်။ အသုံးပြုရန် ရေကို ကန်အဖြစ် တူးဖော်သိုလှောင်ကြသည်များရှိသကဲ့သို့ သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိနေသော ရေကန်များလည်းရှိသည်။ ကန်ဟုဆိုလိုက်လျှင် ရေအစုအဝေးအဖြစ် တည်ငြိမ်စွာ တည်ရှိနေခြင်းဟု ယူသော် ရနိုင်သည်။ ကန်နှင့် ဆက်စပ်၍ ထိုရေကန်ကို အမှီပြု၍ ရှင်သန်ကြီးထွားမျိုးပွားကြရသော သက်ရှိအပင်များနှင့် သတ္တဝါများကလည်း မလွဲမသွေတည်ရှိလာလေ့ရှိသည်။ ထို့ကြောင့်ပင် သဘာဝသိပ္ပံပညာရှင်များက ရေကန်ငယ်တစ်ကန်ကို ပြည့်စုံကောင်းမွန်သော "ဂေဟစနစ်"တစ်ခုဟု သတ်မှတ်ကြခြင်းဖြစ်သည်။ ရေချိုကန်တစ်ခု၏ လက္ခဏာတွင် ရေချိုပေါက်ပင်များဖြစ်သော ရေညှိ၊ ရေမှော်များပေါက်ဖွားလေ့ရှိသည်။ ထို့ပြင် ဗေဒါနှင့် ကြာတည်းဟူသော ရေနေအပင်ကြီးများကလည်း ကန်နှင့်အတူ ရှိနေဖြစ်ထွန်းနေတတ်ပြန်ပါသည်။ "ကြာမရှိသော ရေကန် မတင့်တယ်"ဟုပင် မြန်မာတို့က ယုံကြည်ယူဆပြောဆိုခဲ့ကြပါသေးသည်။

ရေကန်၏ ရေပြင်က အတန်အသင့်ကျယ်မည်။ ရေလွှာက ကြည်လင်သည်။ ရေက အေးမြသည်။ ရေလွှာနှင့် ဗေဒါက လိုက်ဖက်ညီစွာရှိသည်။ သာယာတင့်တယ်သော ရေကန်သာမှာ လေပြည်လေညင်းလေးသာ တိုက်ခတ်လျက်ရှိမည်။ လှိုင်းကြီးလေထန်မှုမရှိ။ ပကတိငြိမ်းချမ်းသော ရေကန်လယ်တွင် အစိမ်းရင့်ရောင် ဗေဒါရွက်များက အုပ်အုပ်ဆိုင်းဆိုင်းမြင်သူတိုင်း၏ စိတ်ဘဝင်တွင် အေးချမ်းစေသည်။ အစိမ်းရောင်ရွက်အုပ်များကြားက ခရမ်းသွေးပွင့်လွှာကိုအားကုန်ဖွင့်လျက် ပန်းအလယ် ရွှေဝါသွေးဖြင့် ဒေါင်းမြီးကွက်သဖွယ် ပန်းပွင့်များဆင့်ကာဆင့်ကာပွင့်နေသော ဗေဒါပန်းခိုင်ကလေးကလည်း မြင်သူညွတ်သူတို့ကို ဆွတ်ယူလှည့်ပါဟု ခေါ်သယောင်ရှိနေတော့သည်။ ၎င်းအလှကို ကဗျာစာဆိုကြီး ဆရာမင်းယုဝေက "ကန်ဗေဒါနှင့် ချောင်းဗေဒါ" အမည်ရှိကဗျာတွင်-

"သာယာတင့်တယ်၊ ရေကန်လယ်၌
သွယ်သွယ်တင့်ဆန်း၊ ဗေဒါပန်းတို့
ငြိမ်းချမ်းသာယာ၊ အေးငြိမ်စွာနှင့်
ဝေဆာပွင့်လန်းနေသည်တကား" ဟု စတင်ဖွဲ့ဆိုမိတ်ဆက်လိုက်ပါသည်။

ကန်ရေနှင့် ချောင်းရေ၊ မြစ်ရေတို့မှာ သဘာဝအားဖြင့် အလွန်ကွာခြားကြောင်း လူတိုင်းသိနားလည်ကြသည်။ ရေချင်းတူသော်လည်း အနေအထားမတူပါ။ ကန်ရေက တစ်နေရာတည်းတွင် အငြိမ်တည်ရှိသော်လည်း ချောင်းရေကမူ အလျဉ်မပြတ် စီးဆင်းနေရသည်သာ။ တောင်ကြို၊ တောင်ကြားကိုဖြတ်သန်းရသည်။ အကွေ့အကောက်များစွာ ကြုံရသည်။ ပင်လယ်နှင့်နီးသော မြစ်ချောင်းများတွင်မူ ဒီရေအတက်အကျကို မလွဲမသွေရင်ဆိုင်ရလေ့ရှိပါသည်။ ဒီရေလမ်းက တစ်ဖက်သတ်မြင့်ရာမှနိမ့်ရာသို့ စီးဆင်းခြင်းမဟုတ်။ ဒီရေချောင်းတွင် ဗေဒါပင်၊ ဗေဒါပန်းတို့က စုန်ချည်ဆန်ချည်မျောပါကြရသည်။ ဒီရေတက်လျှင် ဆန်၍ ဒီရေကျလျှင် စုန်ကြရသည်သာ။ လူ့ရွာ၊ လူ့သဘာဝ၊ လူ့သဘော၊ လူ့စရိုက်တို့ကို ဗေဒါပန်းကလေးနှင့် ဗေဒါပင်တို့ကို နိမိတ်ပုံယူကာ မြန်မာ့ဂန္ထဝင်ခေတ်စမ်းစာဆိုကြီး ဆရာ ဇော်ဂျီ၏ "ဗေဒါလမ်း"ကဗျာများမှာ မြန်မာ့စာပေတွင်သာမက ကမ္ဘာ့နိုင်ငံများစွာကပင် ဘာသာပြန်ဖော်ပြရသော ဂန္ထဝင်ကဗျာများအဖြစ် ထင်ရှားပေါ်လွင်လျက်ရှိပါသည်။ ယခုဖော်ပြမည့်ကဗျာတွင်မူ စာဆိုမင်းယုဝေက ဗေဒါပန်းကို လူငယ်ကလေးတစ်ယောက်အသွင် နိမိတ်ပုံယူသည်ဟု မှတ်ယူမိပါသည်။

ချောင်းဗေဒါကား ဒီရေလမ်းတွင် စုန်ကာဆန်ကာ ပင်ပန်းရှာရသည်။ သွားရာလမ်းတွင် အတားအဆီးများစွာကို ကျော်ဖြတ်ရသည်။ ဖြောင့်ဖြူးညီညာခြင်းမရှိ။ ပန်းခင်းသောလမ်းမဟုတ်ကြောင်းကို စာဆိုက ဆက်လက်၍ -

"ချောင်းမှာပွင့်ရှာ၊ ပန်းဗေဒါမူ
စုန်ကာဆန်ကာ၊ လွင့်မျောပါ၍
ခမျာမောပန်း၊ ဒီရေလမ်း၌
အေးချမ်းသာယာ မရှိတကား"ဟု စပ်ဆိုလိုက်ပြန်သည်။

ရပ်နေသောသူသည် ဘယ်နေရာမှ မရောက်နိုင်။ သွားနေသောသူကား သူသွားနိုင်သလောက် ခရီးပေါက်သည်။ "သွားတစ်တိုင် ထိုင်တစ်အောင့်"ဟူသော မြန်မာစကားနှင့် "လိမ့်နေသောကျောက်တုံးတွင် ရေညှိမတင်နိုင်"ဟူသော အနောက်နိုင်ငံစကားပုံများမှာ မရပ်မနား ကြိုးစားလုပ်ဆောင်ရန် တိုက်တွန်းနေသော စကားများပင်ဖြစ်သည်။ လူ့လောကအလယ် ဝင့်ထည်စေရန် ပညာရှာကြရသည်။ ဥစ္စာနေရှာဖွေကြရသည်။ ပတ်ဝန်းကျင်ကို လေ့လာကြရသည်။ ပညာရှိရာ ဓနငွေကြေးရှိရာ ရှာဖွေရလွယ်ကူရာ အရပ်ဒေသများကို လှည့်လည်သွားလာကြရလေ့လည်းရှိသည်။ တရားတော်လာပဋိရူပဒေသကိုလည်း ရှာဖွေနေထိုင်နိုင်ကြရမည်လည်းဖြစ်သည်။ အလုပ်လုပ်နေရမည်မှာလည်း လူသားတိုင်း မဖြစ်မနေ စွမ်းဆောင်ရမည့်အချက်လည်းဖြစ်သည်။ ပညာ၊ ဥစ္စာရှာဖွေရသူမှာ သက်သက်သာသာမရှိနိုင်။ အားထုတ်သလောက် ပင်ပန်းဆင်းရဲရသည်သာ။ ယခုအခါ နေရာဒေသတစ်ခုတွင် ရပ်တည်နေ၍ မရနိုင်သော အနေအထားမျိုးလည်းရှိလာရာ နိုင်ငံတကာသို့ ခြေဆန့်ကြရသည်များလည်းရှိသည်။

ခရီးသည်နှင့်ခရီးက ခေါင်းနှင့်ပန်းသဖွယ်ကပ်လျက်တည်ရှိသည်။ မည်သည့်ခရီးမဆို လူနှင့်ပတ်ဝန်းကျင်ကို ထိတွေ့ရစမြဲ။ ကြုံဆုံရသော လူများကို ပေါင်းသင်းဆက်ဆံကြရသည်။ ထို့အတူ ခရီးစဉ်တစ်လျှောက်ပတ်ဝန်းကျင်၏ သဘာဝ၊ ရာသီဥတုနှင့် သဘာဝရေမြေတောတောင်များကိုလည်း သတိပြုကြရပေလိမ့်မည်။ ကျယ်ပြောသောပတ်ဝန်းကျင်နှင့် နက်ရှိုင်းသော လူ့စိတ်၊ လူ့သဘောတို့ကိုလည်း လေ့လာသုံးသပ်တွေးတောဆင်ခြင်ရမည်မှာလည်း ခရီးသည်၏ အလုပ်ဖြစ်လာသည်။ မိမိရပ်ရွာတွင်သာ ဇာတိရပ်ရွာ၏ ဓလေ့သဘာဝကို နားလည်နိုင်သော်လည်း အခြားမြို့ရွာ နိုင်ငံများကို ရောက်ရှိလျှင် ထိုမြို့၊ ထိုရွာနှင့် ထိုနိုင်ငံ၏ စည်းကမ်းဥပဒေများကို လေးစားလိုက်နာကြမည်မှာ အသေအချာပင်။ ဤနေရာတွင် ပညာ၏ အခန်းကဏ္ဍမှာ အရေးပါလာတော့သည်။ ပညာကို ရှာဖွေလေ့လာသင်ကြားဆည်းပူးတတ်မြောက်လျှင် နေရာတစ်ခုရမည်မှာ မလွဲ။ "ပညာမရှိ သူ၏ဝန်ထမ်း" ဟူသောစကားနှင့်အညီ အတတ်ပညာ၊ အသိပညာ မရှိပါဘဲ အလုပ်လုပ်ကြရလျှင် အခြေခံအလုပ်သမားအဆင့်နှင့်သာ ရပ်နေမည်ဖြစ်သည်။ ရေသေဟုဆိုနိုင်သော ကန်ရေပြင်က ဗေဒါပန်းသဖွယ် ကျဉ်းမြောင်းသောပတ်ဝန်းကျင်တွင် ကြီးပြင်းရသကဲ့သို့ ပညာဝန်းကျင်ကျဉ်းမြောင်းစွာ မတတ်မသိသူ၏ ဘဝလမ်းက ကြမ်းတမ်းမည်သာ။ သတ်မှတ်ထားသော ဘွဲ့ဒီဂရီများရရှိပြီးသော်လည်း ဆက်လက်ဆည်းပူးခြင်းမရှိလျှင် ကန်ဗေဒါနှင့်အတူတူဟုပင်ဟု ဆိုနိုင်ပါလိမ့်မည်။ အတွေးဆန့်ရသော် လူငယ်များကို ကြိုးစားရန်၊ လေ့လာရန်၊ တွေးတောကြံဆရန် လမ်းညွှန်ပြီး မကြိုးစားသူ၊ မလေ့လာသူ၊ မတွေးတောသူများ မဖြစ်ရန် ကဗျာဆရာက နိဂုံးပိုဒ်ဖြင့်-

"သို့သော်မောရှာ၊ ချောင်းဗေဒါသည်
ရှာစဉ်တလျှောက်၊ ဖြတ်သန်းရောက်၍
ရှေ့နောက်ဝဲယာ၊ ရှုခင်းသာနှင့်
ရှာသူဖြစ်ပုံ၊ ရှာရေးစုံကို
အကုန်အစင်၊ သူသိမြင်လည်း
ကန်တွင်သာယာ၊ ကန်ဗေဒါမူ
ဘာမျှမသိ၊ အမြင်မရှိ" ဟု မီးမောင်းထိုးပြလိုက်ပါသည်။

မည်သည့်ခေတ်အခါမဆို လူငယ်လူရွယ်များက ရှိနေမည်သာ။ လူငယ်ပီပီ ကာယအား၊ ဉာဏအားများကလည်း ရှိနေသကဲ့သို့၎င်းအားများ ဖွံ့ဖြိုးသောကာလလည်းဖြစ်သည်။ တိုးတက်ကြီးပွားလိုသော စိတ်ဆန္ဒများကလည်း လူငယ်တိုင်း၏ အိပ်မက်ဖြစ်သည်။ သို့သော် လူငယ်တိုင်း ရည်မှန်းရာပန်းတိုင်သို့ ရောက်ကြသည်မဟုတ်ပေ။ အခြေအနေအကြောင်းအမျိုးမျိုး ရှိနိုင်သော်လည်း ကြိုးစားပုံ၊ ကြိုးစားနည်း ကွာဟ၍လည်း ပညာရရှိမှု၊ ဥစ္စာနေရရှိမှုများတွင် ကွာဟသွားနိုင်ပါသေးသည်။ ကန်ဗေဒါနှင့် ချောင်းဗေဒါ ကွာခြားသကဲ့သို့ လူငယ်များတွင်လည်း ခြားနားသော ဘဝပေးအနေအထားနှင့် ဝန်းကျင်များ ကွာနိုင်ပါသေးသည်။

> ❖ ရပ်နေသောသူသည် ဘယ်နေရာမှ မရောက်နိုင်။ သွားနေသောသူကား သူသွားနိုင်သလောက် ခရီးပေါက်သည်။ "သွားတစ်တိုင် ထိုင်တစ်အောင့်" ဟူသော မြန်မာစကားနှင့် "လိမ့်နေသောကျောက်တုံးတွင် ရေညှိမတင်နိုင်" ဟူသော အနောက်နိုင်ငံစကားပုံများမှာ မရပ်မနား ကြိုးစားလုပ်ဆောင်ရန် တိုက်တွန်းနေသော စကားများပင်ဖြစ်သည်။ လူ့လောကအလယ် ဝင့်ထည်စေရန် ပညာရှာကြရသည်။ ဥစ္စာနေရှာဖွေကြရသည်။ ပတ်ဝန်းကျင်ကို လေ့လာကြရသည်။ ပညာရှိရာ ဓနငွေကြေးရှိရာ ရှာဖွေရလွယ်ကူရာ အရပ်ဒေသများကို လှည့်လည်သွားလာကြရလေ့လည်းရှိသည်။ ❖

အချုပ်အားဖြင့်ဆိုရလျှင် ခေတ်အဆက်ဆက်လူငယ်များအတွက် သတိပြုဆင်ခြင်ဖွယ်ကဗျာကောင်းတစ်ပုဒ်အဖြစ် စာဆိုကြီး ဆရာ မင်းယုဝေက ကဗျာတာဝန်ကျေပွန်စွာ ကန်ဗေဒါနှင့် ချောင်းဗေဒါ ကဗျာကို ရေးဖွဲ့ခဲ့ပါကြောင်း တင်ပြလိုက်ရပါသတည်း။

**ကိုးကား**

– **မင်းယုဝေကဗျာပေါင်းချုပ်**

0w Kv d @

# ဈေးကွက်

ပြေအေးသက်




(၁)

ကိုဘမောင်တစ်ယောက် ကိတ်မုန့်တစ်ကိုက်၊ လက်ဖက်ရည်တစ်ကျိုက်နှင့် ဇိမ်ကျနေသည်ကို မဒမ်ဘမောင်က ထုံးစံအတိုင်း နံနက်ခင်းသတင်းအစီအစဉ်ကို သူလည်း လက်ဖက်ရည်တစ်ငုံစာမော့သောက်ရင်း ဇာတ်လမ်းစသည်။ ဟုတ်သည်လေ။ ကလေးတွေက ကြီးပြီဆိုတော့ သူ့အိုးသူ့အိမ်၊ သူ့အလုပ်တွေနဲ့ အဝေးမှာဆိုတော့ ဘမောင်တို့ဇနီးမောင်နှံနှစ်ယောက်ပဲ တိုးတိုးဖော်ဖြစ်လိုက်၊ ကျယ်ကျယ်ဖော်ဖြစ်လိုက်ဖြစ်နေတာပါ။

"အစ်ကို ဟို ရုရှားရဲ့ဥရောပကို ဓာတ်ငွေ့ပို့တဲ့ နော့ဒ်စထရီးမ် (Nord Stream) ဆိုတဲ့ ပိုက်လိုင်းက ဒိန်းမတ်နိုင်ငံ ရေပိုင်နက်ထဲမှာ ဖောက်ခွဲဖျက်ဆီးခံရတယ်ဆိုတယ်"

"ဟုတ်တယ် မိန်းမရေ။ ရုရှားကတော့ ဒီလုပ်ရပ်က အင်္ဂလန်ကလုပ်တာ။ အထောက်အထားရှိလို့ ပြောတယ်လို့ပြောတယ်"

"ဟုတ်ပါ့တော် အင်္ဂလန်ဝန်ကြီးချုပ်ကလဲ ဒီအတော အတွင်းကို သုံးယောက်မြောက်ပြောင်းသွားတယ်။ အိန္ဒိယနွယ်ဖွားက နောက်ဆုံးဝန်ကြီးချုပ်လို့ပြောတယ်"

"ဟုတ်တယ်ချစ်ရ။ သူက အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ချမ်းသာတာ "

"အိုး တအားချမ်းသာတာပဲ။ ဒါနဲ့ စကားမစပ် အဲဒီဂက်စ်ပိုက်လိုင်းကို ဘာလို့ဖျက်ရတာလဲ"

"အဲဒီပိုက်လိုင်းက ဂျာမနီကိုပို့တဲ့ ဂက်စ်ပိုက်လိုင်းလို့ဆိုတယ်မိန်းမရေ။ ဂျာမနီကော ဥရောပတစ်တိုက်လုံးကပါ ဈေးနှုန်းသက်သာတဲ့ ရုရှားဂက်စ်နဲ့ ရပ်တည်နေရတာ။ အခုလိုဖြစ်တာရော။ ယူကရိန်းစစ်ကြောင့် ရုရှားနဲ့ အဆက်အဆံကန့်သတ်လာတာကြောင့် ဂက်စ်တွေရှားပါးဈေးတက်လာတယ်တဲ့။ အမေရိကန်ကတော့ သူတို့ဆီက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကို မူလဈေးထက် အဆတင်ပြီး အမြတ်ယူရောင်းနေတော့ NATO စာချုပ်အဖွဲ့ဝင် မဟာမိတ်နိုင်ငံတွေက အမေရိကန်ကို အပြစ်ဆိုရခိုး၊ ရုရှားဆီကို ပြန်ဆက်သွယ်ပြီး ရေနံနဲ့ ဂက်စ်ဝယ်ရခိုးနဲ့ ဖြစ်နေကြတယ်ဆိုတယ်ချစ်ရ"

"ဒါဆို သူ့ဈေးကွက်ကို ဖျက်လိုက်တာပေါ့"

"ဈေးကွက် ဟုတ်လားမိန်းမရ"

"ဟုတ်တယ်လေ။ သူများဈေးရောင်းနေတဲ့အကွက်ကို ဝင်ဖျက်တာလေ။ တခြားကိစ္စတွေလဲရှိမှာပဲလေ"

"ဈေးကွက် အင်း ဈေးကွက်"

ကိုဘမောင်တစ်ယောက် ဈေးကွက်လို့ဆိုပြီး ခေါင်းတညိတ်ညိတ်လုပ်နေတာကို မဒမ်ဘမောင်တစ်ယောက် လက်ဖက်ရည်သောက်၊ မုန့်စားရင်း ပြုံးကြည့်နေမိပါတော့သည်။

(၂)

"အစ်ကိုရေ ခေါင်းရင်းအိမ်က သူ့အိမ်ရှေ့မှာ အိမ်တွင်းဈေးဆိုင်လေး တစ်ဆိုင်တည်လိုက်ပြီ"

"ဟုတ်လား ဒါဆို ကိုတို့လဲ အတိုအထွာလေးတွေ ပြေးဝယ်လို့ရတာပေါ့။ ကောင်းတာပါပဲလေ။ သူတို့မှာလဲ ကလေးရှိတော့ ကလေးမုန့်ဖိုးနဲ့ နောက်ဖေးမီးဖိုချောင် စရိတ် အထိုက်အသင့်ကာနိုင်မှာပေါ့။ အကြံကောင်းပါပဲ။ ကြုံမှဝင်ပြီး စကားမေး မေးလိုက်ပါအုံးမယ်"

"ဈေးပစ္စည်းလေးတွေနဲ့ မုန့်ပဲသရေစာ၊ အချိုရည်ပုလင်းတွေ၊ ဘူးတွေပါ ပါတယ်"

"ဒါကြောင့် ပြောတာလေ။ ကိုတို့အိမ်အတွက် ကောင်းတာပေါ့ဆိုတာ။ အိမ်နီးချင်းဆိုတော့ သူတို့လုပ်တာတွေက ကိုတို့ဆီမှာ လှိုင်းရိုက်တာပေါ့"

"လှိုင်းရိုက်တယ် ဟုတ်လားအစ်ကို"

"ဟုတ်တယ်လေ။ သူတို့ကောင်းတာလုပ်လုပ်၊ ဆိုးတာလုပ်လုပ် ကိုတို့ဆီကိုတော့ ရောင်ပြန်ဟပ်တာပဲကွာ"

"ကဲ. . . ရော့အစ်ကို၊ ထမင်းစားပြီး ထန်းလျက်ခဲပုလင်းနဲ့ လက်ဖက်အုပ်လေး။ ဒါနဲ့အစ်ကို့ရဲ့ရောင်ပြန်လေး လင်းအုံး"

"အလွယ်ဆုံးပြောရရင်တော့ သူတို့အိမ်ဘက်က ဆူညံရင် အစ်ကိုတို့အိမ်က နားပူတာမျိုးပေါ့"

"ဟား အစ်ကိုပြောမှ အရှင်းကြီးဖြစ်တော့တယ်။ ရော့ လက်ဖက်လေးမြှုံ့လိုက်ပါအုံးအစ်ကို"ဟု ပြောရင်း လက်ဖက်အုပ်ကို ဘမောင်ဘက် တိုးပေးလာသည်။ ဘမောင်က လက်ဖက်အုပ်ကိုဖွင့်ပြီး တစ်ဇွန်း၊ နှစ်ဇွန်းခန့်စားကာ မဒမ်ဘမောင်ဘက် ပြန်တိုးပေးလိုက်သည်။

"သူတို့ဆိုင်လေးက လမ်းဆုံဘက်တစ်ပိုင်းဖြစ်နေတော့ ပြောမယ်ဆို ဈေးဝယ်သူများမှာပဲ။ ဒါနဲ့ သူတို့နဲ့ လမ်းဟိုဘက် ဒီဘက်က ကွမ်းယာဆိုင်လေးကော"

"အစ်ကိုတို့အကြိုက်ဆိုတဲ့ ကောင်မလေးနှစ်ယောက်ရောင်းတဲ့ဆိုင်က ခဏပိတ်သွားတယ်အစ်ကို။ ကောင်မလေးတစ်ယောက်က အမျိုးသားရသွားပြီဆိုလားပဲ။ အဲဒီနေရာမှာတောင် ဟိုတစ်လောက နောက်ထပ် ကွမ်းယာဆိုင်တစ်ဆိုင် ဖွင့်သေးတယ်။ ကောင်လေးတစ်ယောက်ရောင်းတာ။ ရောင်းမကောင်းတာနဲ့ ပိတ်သွားသေးတယ်"

"အေးလေ မိန်းမရဲ့ ဈေးကွက်ကလဲ ရောင်းတဲ့ပစ္စည်းတူတာတောင် ရောင်းတဲ့ဈေးနဲ့ရောင်းတဲ့သူကို ကြည့်သေးတာလေ"

(၃)

"ရှင်လမ်းလျှောက်ပြန်လာပြီလား။ ပေး ထီးလေးကို"

"ရော့ မိန်းမရေ။ ဒီနေ့ မင်းကို ပြောစရာပါလာတယ်ဟေ့။ ဘာလဲဆိုတာသိလား"

"ရှင်ကလဲ လုပ်တော့မယ်။ ကျွန်မကို အကြားအမြင်ရနေတဲ့သူလို့ ထင်နေပြန်ပြီ။ ရှင်ဘာတွေ့ခဲ့တာလဲ။ လမ်းလျှောက်ဖော်တွေနဲ့ ဘာပြောခဲ့တာလဲဆိုတာ ဘယ်သိပါ့မလဲရှင်ရယ်"

"အေးဟုတ်သားပဲ။ ဒီလိုကွ မိန်းမရ။ ကိုယ်တို့ဘယ်ဘက်လမ်းထိပ်က အရင်ဘီယာဆိုင်ခပ်ကြီးကြီး ရှိတဲ့နေရာလေ။ ဘူတာဘက်ဆင်းတဲ့လမ်းဘက်လေကွာ"

"အင်း သိပြီ။ မျက်စိထဲမြင်ပြီ။ အဲ နောက်တော့ ဖူဆယ်ဘောလုံးတွေ ခေတ်ထတော့ ဘီယာဆိုင်နံဘေးမြေကွက်ကို ဖူဆယ်ကွင်းလုပ်လိုက်သေးတယ်လေ"

"အေး အခုတော့ ဈေးရောင်းခေတ်ဆိုတော့ ညဈေးတန်းလိုမျိုးဖွင့်ထားတယ်။ အတီးအမှုတ်ကလဲပါသေး။ စားစရာမုန့်ကလဲ အစုံဆိုတော့ မိုက်ဗျာ။ ညနေစောင်းရင် သွားပြီး စနည်းနာရင်း စားသောက်ကြတာပေါ့ကွာ"

"ဈေးရောင်းခေတ်ဆိုလို့ ရှင့်ကိုပြောရအုံးမယ်။ ကဲ. . . ချွေးစိုအကျီလေးတွေလဲလိုက်ပါအုံး။ တော်ကြာ အအေးမိနေမယ်။ ပြီးမှ စကားဆက်ကြတာပေါ့ကွယ်"

"မင်းညှော်ခန်းမှာစောင့် ကိုလာခဲ့မယ်"

ဘမောင်လည်း အခန်းထဲဝင်ပြီး ချွေးစိုလမ်းလျှောက်ဝတ်စုံများကို လဲလှယ်လိုက်သည်။ လဲရင်း တန်းလန်း တဘက်နှင့် ချွေးလေးများသုတ်လိုက်သည်။ ပြီးမှ ခပ်နွေးနွေးဖြစ်အောင် ချည်သားပွပွလက်ရှည်အကျီနှင့် အင်းမပုဆိုးထူထူလေးလဲလှယ်ပြီး အိမ်ရှေ့ညှော်ခန်းက လက်ဖက်ရည်ဝိုင်းကို သွားလိုက်သည်။

"အစ်ကိုရေ ဒီနေ့ဘရိတ်ဖတ်ကတော့ မြန်မာဆန်ဆန်ပဲပြုတ်နဲ့ ကောက်ညှင်းပေါင်းရယ်၊ အကြော်စုံလေးရယ်၊ ထုံးစံအတိုင်း ပြင်ဦးလွင်နှပ်ကော်ဖီလေးရယ်ပေါ့"

"မင်းပြောတော့မှ ကော်ဖီတွေတံဆိပ်အမျိုးမျိုးနဲ့ ထိုးဖောက်ရောင်းချလာတာ တွေ့ရတယ်။ သူတို့ကော်ဖီတွေက ရနံ့လေးကမွှေးတယ်။ အရောင်လှတယ်။ အရသာပြည့်စုံတယ်။ ထုပ်ပိုးမှုကောင်းတယ်။ မျက်စိပသာဒဖြစ်အောင် ဆွဲဆောင်ရောင်းချကြတယ်။ တကယ်တော့ ပြည်တွင်းပြင်ဦးလွင်ထုတ်ကော်ဖီလေးကိုသဘောကျတယ်။ အချိန်တစ်ခုထိနှပ်ပြီး ထွက်လာတဲ့ အဲဒီကော်ဖီအနံ့ဟာ ရင်ထဲမှာစွဲနေတာပဲ။ တစ်ဖက်ကလဲ နိုင်ငံခြားငွေကိုချွေတာပြီးသား ဖြစ်သွားတာပေါ့။

"ရှင်ပြောမှပဲ ကိုယ့်ဘာသာ ပြင်ဦးလွင်ထွက်ကော်ဖီမှုန့်သောက်တာ နိုင်ငံကို အထောက်အကူတစ်ဖက်တစ်လမ်းက ပြုတာသိရတယ်။ ဒါဆို တခြားပစ္စည်းပစ္စယတွေလဲ ဒီအတိုင်းပဲပေါ့နော်"

"မှန်တယ်လေ။ ပြည်တွင်းဖြစ်ဆိုတာ အမျိုးမှန်အဖိုးတန်ပေါ့"

"ဩော်. . . ဒါနဲ့ ရှင်ပြောတဲ့ ညဈေးတန်းဆိုတာက တကယ့်ကို ဒေသဆိုင်ရာစီးပွားရေးကို သူ့အမိလိုက်နေတာပဲနော်။ ညနေသွားပြီး မြည်းကြည့်ကြရအောင်ပါ"

(၄)

တစ်နေ့က ငွေပို့ငွေလွှဲလေးစုဆောင်းမိနေသော သူငယ်ချင်းတစ်ဦးက ဘမောင်တို့မြို့ကလေးကိုမျက်စိကျနေသည်။ ရာသီဥတုမျှတပြီး နွေလည်းအေး၊ မိုးလည်းအေး၊ ဆောင်းလည်းအေးသောမြို့ဟု သူငယ်ချင်းကပြောသည်။ နောက်ပြီး မင်းတို့မြို့က စိုက်တဲ့ပန်းရောအလေ့ကျပန်းပါ မွှေးနေတဲ့မြို့တဲ့။

ဒီကောင်တော့ အတော်ပေါက်ပေါက်ရှာရှာပြောတတ်တဲ့ကောင်ပဲဟု စိတ်ထဲကပြောနေမိသည်။ သူပြောတာကျန်သေးသည်။ မင်းတို့မြို့က အနံ့တွေကျန်သေးသည်ဆိုသည်။ မင်းပြောတဲ့ပန်းတွေ မွှေးနေတယ်ဆိုတာလေ။ ဒါဆို အနံ့ကုန်ပြီပေါ့ဆိုတော့ သူက ဖုန်းထဲမှာ ရယ်သွမ်းသွေးလိုက်သေးသည့်အပြင် ကိုယ့်ကိုပါ စကားထာဝှက်လိုက်သေးသည်။ မင်းဖြေတဲ့။ အတော်ကြာမှ ပန်းပေးပြီလားဆိုပြီး ထင်းရှူးနံ့နဲ့ ယူကလစ်နံ့လို့ပြောတယ်။ မင်းမယုံရင် လိုက်ရှူလိုက်ဟု ဆိုသေးသည်။ နောက်ဆုံးတော့ ဘမောင်တို့မြို့ကလေးမှာ မြေကွက်ကြည့်ပေးဆိုပြီး တာဝန်ပေးလို့ အခုလို မြို့က မြေပွဲစားသူငယ်ချင်းတွေနဲ့တွေ့ပြီး အခုလိုပြောခံနေရတာဖြစ်သည်။

"သူငယ်ချင်းကြီးရေ မင်းပြောတော့ အရင်က ဒီမြေကွက်ဈေးနှုန်းကတစ်မျိုး။ အခုကျတော့တစ်မျိုး မင်းပြောနေတယ်။ ငါကဘယ်လိုလုပ်ရမှာလဲ"

"ဟာ ငါ့ကောင်ကြီး မင်းကအိပ်ပျော်နေတာ။ ဈေးကွက်က အိပ်မပျော်ဘူးမောင်။ အလျားလိုက်ကောဒေါင်လိုက်ပါ တစ်သွားတည်းသွားနေကြတာ။ အခုတစ်မျိုး တော်ကြာတစ်မျိုး၊ နောက်ထပ်တစ်မျိုးနဲ့ အမျိုးမျိုးကိုဖြစ်နေတာ။ မင်းက ငါ့ကို ရာဇဝင်ထဲမှာ ထားခဲ့ဆိုတဲ့ ဂန္ထဝင်ကိုကိုဖြစ်နေတာမောင်"

မြေကွက်တွေဈေးကလည်း ခေါင်ခိုက်နေသည်။ ဒါတောင်လူရင်းတွေနှင့်မို့ ဈေးရင်းရနေသည်ဟု ဆိုရမည်။ ဘမောင်အရင်က သိထားသော ဈေးတွေနှင့် တော်တော်ကွာနေသည်။

"ဟေ့ကောင် ငဘမောင် မင်းမှာလဲ မြေကွက်ကြည့်ရင်း ငုတ်တုတ်မေ့သွားသလားလို့ ငါတို့လှုပ်နှိုးနေကြတာ အဟား"

"မဟုတ်ပါဘူး ငါ့ကောင်ရာ။ မင်းတို့မြေကွက်ဈေးတွေက မှန်းထားတာနဲ့ ကွာနေလို့ပါ။ ဟိုဘက်က ရှာခိုင်းတဲ့ သူငယ်ချင်းကို ပြန်ပြောရအုံးမယ်။ အဲဒါတွေ ချိန်နေတာပါကွာ"

"ဒါဆို မင်း ဟိုဘက်အခြမ်းတွေကောလိုက်ကြည့်အုံးမလား။ ဈေးကတော့ အခုဈေးတွေလိုပါပဲကွာ။ ဈေးကွက်အရကတော့ သူများတွေပြောနေသလိုပဲ ဘာတဲ့ ကိုင်ကောင်းရောင်းစွံတွေပေါ့ကွာ"

ခပ်လှမ်းလှမ်းက တောရိပ်တောင်ရိပ်တွေကို ခဏမျှလှမ်းကြည့်ရင်း သူငယ်ချင်းပွဲစားပြောသည့် မြို့ဟိုဘက်ခြမ်းဆိုသည့် မြေကွက်တွေရှိရာဘက်ကို သူတို့ကြည့်သလို ကိုယ်လည်း ယောင်ရမ်းကြည့်မိသည်။ ပြီးမှ ဘမောင်လည်း သက်ပြင်းအသာချိုက်လိုက်ရင်း သူငယ်ချင်းကို လှမ်းပြောလိုက်သည်။

"မလိုက်တော့ပါဘူးသူငယ်ချင်းရာ။ မြေကွက်တွေ အနေအထားနဲ့ ဈေးအနေအထားကို ငါချိန်ဆလို့ရသွားပါပြီ။ ဒီက ဈေးကွက်ဆိုတဲ့ အနေအထားပါ ငါထည့်ပြောလိုက်ပါ့မယ်"

"အဟား ဒီကောင်က ဈေးကွက်တဲ့။ ကဲ. . . ငါတို့ဆက်သွားလိုက်အုံးမယ်။ ဘိုင့် ဘိုင်"

ဘမောင်လည်း သူငယ်ချင်းကိုလက်ပြ ဘိုင့်ဘိုင်လို့ နှုတ်ဆက်ရင်း သူငယ်ချင်း တီရှပ်အကျီပေါ်က မားကက်တင်းဆိုသည့်စာတန်းကို တစ်ဆက်တည်း လှမ်းဖတ်နေမိသည်။

စာမျက်နှာ ၂၅ သို့ ➤

# နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**နတ်မောက် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင်များ၏ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နတ်မောက်မြို့နယ် ဦးစီးမှူး ဦးဝင်းသူရက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်း မျက်ရဲကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ငွေကျပ် ၆၄ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းသူရထံမှ သိရသည်။ **သော်သော်**

---

➤ စာမျက်နှာ ၂၄မှအဆက်

(၅)

"ကဲ. . . အခု လမ်းလျှောက်ပြန်လာပါပြီတဲ့။ ဘာသတင်းထူးများပါလာပြန်ပြီလဲဟင်"

ကိုယ်က မပြောရသေးပဲ ဇနီးဖြစ်သူက ရယ်ရင်း မေးပြောပြောနေသည်မို့ ကိုယ်တောင်ယောင်နနဖြစ်သွားသည်။

"မင်းကလဲ ကိုပြောမဲ့စကားကို ကြိုပြောနေပြန်ပြီ"

"စပြောပြောတာပါ။ ထုံးစံအတိုင်း ဘရိတ်ဖတ်ဝိုင်းမှာ စောင့်မယ့် အစ်ကို။ အဲဒီကျပြောကြတာပေါ့။ ဒီကနေ့ကတော့ ထမင်းဆီဆမ်းပဲပုပ်နဲ့ အကြော်ကတော့ ဗယာကြော်၊ ကြက်သွန်ကြော်လေးပေါ့ရှင်။ အငန်လေးကတော့ ရှမ်းပဲပုပ်ကင်ထောင်းလေးပေါ့။ အငန်ပေါ့လေးပါရှင်။ ပြင်ဦးလွင်နှပ်ကော်ဖီကလေးကတော့ မပါမဖြစ်လေးပေါ့"

"မင်းပြောတာနဲ့ သွားရည်တောက်တောက်ကျရပြီ။ ကဲ. . . ခဏစောင့် ဟုတ်ပြီလား"

"ဟုတ်ပါပြီရှင်။ ဩော်. . . လက်ဖက်ခြောက်ကတော့ သီပေါခြောက်ကလေးရလို့ လှော်ထားတာလေးခတ်ထားတယ်။ ခါတိုင်းခတ်နေကျကျောက်မဲ ရွှေဖီညွန့်လေးက ကုန်သွားလို့ မှာထားတယ်ရှင်"

"အိုး. . . ရပါတယ် မယ်မင်းကလဲ။ ရှမ်းနယ်က လက်ဖက်ခြောက်ကကောင်းပြီးသားပါကွယ်"

"ကဲ. . . ရေနွေးကျလေး အသာသောက်ပြီး ပြောပါအုံး ကိုဘမောင်ရေ"

ကိုဘမောင်လည်း ရေနွေးခွက်ကိုအသာမှုတ်၍ တစ်ကျိုက်နှစ်ကျိုက်ခန့် ငုံခနဲမှုတ်သောက်လိုက်သည်။ ရေနွေးခွက်အသာပြန်ချပြီး ထမင်းပဲပြုတ်ဆီဆမ်းကိုနှစ်ဇွန်းခပ်စားကာ ဗယာကြော်တစ်ကိုက်ကိုက်လိုက်ရင်းက အကြော်ကို အသာချလိုက်သည်။

"ရေနွေးကကောင်း၊ ထမင်းကကောင်း၊ အကြော်ကကောင်းနဲ့ ဒီနေ့ပြောရမဲ့စကားတောင်မေ့တော့တော့ဖြစ်ရပြီကွယ်။ မင်းကိုလဲ မေ့သွားတယ်"

ဘမောင်ကပြောရင်းနှင့် မဒမ်ဘမောင် မေးစေ့သွားကိုင်မိသည်။

"ရှင်ကလဲ ဆီတွေပေကုန်ပါပြီ"

ဘမောင်လက်ကို တွန်းပြောလေးပြောရင်း လက်ကိုမလွှတ်ဘဲ မဒမ်ဘမောင် ကိုင်ထားမိသည်။

"ကဲ. . . ညာဘက်လက်ကိုင်ထားတော့ ဘယ်လက်နဲ့ဆက်စားမယ်" ဆိုတော့မှ ဘမောင်လက်ကို ယောင်ယမ်းကာ လွှတ်ပေးသည်။

ပြီးတော့မှ ဘမောင်တို့ဇနီးမောင်နှံ ရယ်ပွဲဖွဲ့ဖြစ်ကြသည်။ အရယ် ကို အသာရပ်ရင်းက ဘမောင်ပြောမည်ဆိုသည့်စကားကို အခုမှပြောလိုက်ရသည်။

"ရှင်မရေ ဟိုလမ်းထိပ်က ဖူဆယ်ကွင်းက ခေတ်ပေါ်အစုံရတီးဟောက်စ်ဆိုင်ကြီးဖြစ်သွားပြန်ပြီကွယ်"

"ဒါဆို ကျွန်မတို့နီးနီးနားနားစားသောက်ဆိုင်တစ်ဆိုင်တိုးသွားတာပေါ့။ သူတို့လဲ ဈေးကွက်နဲ့လိုက်ပြောင်းပြီး ငွေရှာနေကြတာပဲ"

(၆)

သောက်နေကျဆေးကကုန်သွားပြီ။ နံနက်လမ်းလျှောက်ထွက်ရင်းဝယ်မည်ဟုတေးထားတာ မေ့သွားပြန်သည်။ နေ့လယ်စာစားပြီး ဆေးသောက်တော့မှ ညစာအတွက်ဆေးမရှိတော့ဘဲ ဝယ်ရမည်ကို ထပ်သတိရ ပြန်သည်။ တစ်မေ့လောက်မေ့ပြီးဝယ်မည်ဟု ထပ်တေးပြန်သည်။ သည်တစ်ခါတော့ ဘမောင်လည်သွားပြီဖြစ်သည်။ အိမ်ရှေ့ကဝိုက်ဘုတ်မှာလည်းရေးသည်။ အမယ်ကြီးကိုလည်း မှတ်ခိုင်းထားသည်။ ဝယ်ရမည့်ဆေးကတ်အခွံကို အင်္ကျီအိတ်ကပ်ထဲ ထည့်ထားသည်။ ကဲ. . . မေ့အုံးကွာဆိုပြီး အိပ်ရာနံဘေးစားပွဲလေးပေါ်က စာအုပ်တွင်လည်း ထပ်တေးမှတ်ပြန်သည်။ မေ့ခနဲဖြစ်သွားသည်ထင်သည်။

"တော့် ကိုဘမောင်ဆေးဝယ်ရင်း အိမ်မှာလိုတဲ့ဟာလေးတွေဝယ်မယ်။ ကားထုတ် သွားကြရအောင်ရှင်"

ဘမောင်လည်း ကမန်းကတန်းထမျက်နှာသစ် ဝင်ရင်းက မှတ်ထားတဲ့ထဲမှာ ဒီနုတ်ဘုတ်ခ်က အကောင်းဆုံးပဲဟု ပြောနေမိသည်။ ကားထုတ်ဇနီးသည်တက်ပြီး လမ်းထိပ်ကို လှမ်းအကြည့်မှာတော့ အစ်ကိုတို့အကြိုက် ကွမ်းယာဆိုင်တံခါးကို လူတစ်ယောက် သံတူးရွင်းနှင့်ကလန့်နေတာ လှမ်းမြင်ရသည်။ မဒမ်ဘမောင်ကိုလှမ်းပြောတော့-

"အဲဒါ ဒီလမ်းထိပ်မှာ မူးနေကျ၊ မြင်နေကျငမူးတဲ့။ ဒီဘက်ခေါင်းရင်းဆိုင်က တပည့်ပဲ။ လမ်းကွေ့နားရောက်ရင် ရှင်လှမ်းဟန့်လိုက်တဲ့။ ဒီနေ့က မြူလဲကျ အမှောင်လဲစောတော့ ဘယ်သူမှ မမြင်လောက်ဘူးဆိုပြီး ဒီမောင် အရက်ဖိုးရှာနေတာနဲ့တူတယ်တဲ့"

အဲဒါနှင့်ပဲ သည်မောင့်အနားရောက်တော့ လှမ်းဟန့်ပြီးအော်ပြောပြောရသည်။ သူ့တွင် တစ်တောင်ခန့်ခွတူးရွင်းတစ်ချောင်း၊ တစ်တောင်ခန့်သံဖြတ်ကတ်ကြေးတစ်ခု၊ တူ၊ ပလာယာနှင့် အခြားကိရိယာများလည်း အတော်ပါနေသည်။

"ဟေ့ကောင် ဘာဖြစ်လို့ သူများကွမ်းယာဆိုင်ကို ဖောက်နေတာလဲ"

"ဆိုင်ထဲမှာ မိန်းမနဲ့ကလေး အော်သံကြားလို့ပါ"

"မဖြစ်နိုင်ဘူးလေ။ သူတို့ဆိုင်ပိတ်ပြီး သွားလောက်ပြီ။ မှန်း ငါနားထောင်ကြည့်မယ်။ ဘာသံမှလဲ မကြားရပါလား။ ကြည့်စမ်း မင်းဖျက်ထားတဲ့သော့က ပျက်ခါနီးနေပြီ။ ကဲ. . . ရပ်ကွက်လူကြီးနဲ့အသိပေးမယ်။ ဆိုင်ရှင်ကို ဖုန်းဆက်ခေါ်မယ်။ ဒါနဲ့မင်းက ကိရိယာတန်ဆာပလာတွေ အတော်ပါနေတာပဲ။ ဘယ်ကရတာလဲ။ တစ်ယောက်ယောက်ဟာတွေလား။ ရပ်ကွက်လူကြီးနဲ့ စာရင်းရှင်းကွာ"

(၇)

"အစ်ကိုရေ အခုမှ လိပ်ပတ်လည်တယ်လေ"

"ဈေးခြင်း အသာချ။ အမောပြေ ရေအေးအေးလေးသောက်အုံး။ ပြီးမှပြော"

"အဖြစ်က ဒီလိုတဲ့အစ်ကို။ ခေါင်းရင်းအိမ်က အိမ်ဆိုင်နဲ့ အခုအစ်ကိုတို့အကြိုက် ကွမ်းယာဆိုင်နဲ့က ပထမတော့ ရောင်းတာတွေ အစကမတူပေမဲ့ ကွမ်းယာဆိုင်လေးက ကွမ်းတင်မကတော့ဘူး၊ ၄က်ပျောသီး၊ မုန့်၊ အချိုရည်တွေအပြင် ဟင်းသီးဟင်းရွက်လေးတွေပါ တင်ရောင်းလာတော့ ရောင်းတာတူသွားတယ်လေ။ လမ်းဟိုဘက်ဒီဘက်ဆိုတော့ ခေါင်းရင်းဆိုင်က အရောင်းကျလာလို့ သူတို့လက်တိုလက်တောင်းသမားလေးကို အဖောက်ခိုင်းတာတဲ့။ မနေနိုင်အောင်၊ ဈေးပြိုင်မရောင်းနိုင်အောင်လုပ်နေတာပဲ"

"အင်း နားလည်ပါပြီမိန်းမရေ။ ဈေးကွက်တစ်ခုထဲမှာ အကျိုးစီးပွားတူသူတွေဖြစ်နေတော့ ကြံကြပြီပေါ့ကွာ။ တကယ်တော့ ကောင်းသောယှဉ်ပြိုင်မှုနဲ့ပြိုင်ပြီး အနိုင်ယူရမှာမဟုတ်လား။ အခုတော့ အောက်လမ်းနည်းတွေသုံးပြီး ယှဉ်နေကြတာတော့ မကောင်းဘူးပေါ့"

"ဟုတ်ပါတယ် အစ်ကိုရေ။ လူတွေကိုက လောဘတက်လာတာလား။ လောကကြီးက လိုချင်ရမ္မက်ထူပြောလာတာလား။ ကိုယ်ကျင့်တရားတွေ အတွေတွေချွတ်ခြုံကျလာတာလား။ လူတွေလောဘက ရှင်ကြည့်ကြည့်နေတဲ့ ဘောလုံးပွဲထဲမှာ ဒိုင်လူကြီးပြပြနေတဲ့ကတ်တွေလေ၊ ပြောရရင် လောဘအဝါကတ်၊ လောဘအနီကတ်တွေ ပြရမလိုဖြစ်နေပြီ ဟင်း"

"ဒိုင်လူကြီးလဲ နိုင်မှာမဟုတ်ဘူးအချစ်ရေ။ ဘာလို့လဲဆိုတော့ သူ့ဆီမှာ သက်တံရောင်ကတ်မရှိလို့လေ"

---

## အေးချမ်းပျော်မွေ့ တောဓလေ့

\- ဆောင်းရာသီ နံနက်ခင်းက<br>
အေးချမ်းလှ နှင်းမှုန်ဖြာ၊<br>
တောင်ယာလယ် ဦးကြီးများတို့<br>
နွားဆွဲလို့လာ၊<br>
လယ်ယာလုပ်ငန်း အလုပ်ဝင်ကာ<br>
တေးသံသာ ဟစ်သီကြွေး၊<br>
ချမ်းအေးပုံ ဘယ်မမှု<br>
ရုံးစုကြသေး။

\- လယ်ကြီးရှင် ဇနီးမယားက<br>
စောစီးထ မီးဖိုဝင်၊<br>
နံနက်စာ ထမင်းကြမ်းကို<br>
ဆီဆမ်းလို့ပြင်၊<br>
ငါးခြောက်ဖုတ် ငါးပိကင်<br>
ရသာရှင် မြိန်စားကောင်း၊<br>
ဝမ်းဝရေး အဓိကထား<br>
စားလှည့်ပါကြောင်း။

\- တောင်သူကြီး လယ်အနီးက<br>
ဟင်းသီးရွက် စိုက်ခင်းတွေ၊<br>
အညွန့်တွေ ဖြိုင်လှိုင်များ<br>
သီးအားကောင်းပေ၊<br>
ဘူး သခွား ချဉ်ပေါင်တွေ<br>
ဖရုံရွှေ လယ်ကန်စွန်း၊<br>
ပဲသီးစုံ မုန်ညင်း ဆလတ်တို့<br>
တိုးလျက်ဖြစ်ထွန်း။

\- ကြက် ဝက် ဘဲ တစ်နိုင်မွေးလို့<br>
စီးပွားရေး အပိုငွေ၊<br>
စုဆောင်းကာ ဝင်ငွေတိုးလို့<br>
ကောင်းကျိုးရှာဖွေ၊<br>
လယ်သီးနှံ အောင်ရင်လေ<br>
သားသမီးတွေ ရှင်ပြုပေး၊<br>
နိဗ္ဗာန်ကို ရည်မျှော်မှန်းလို့<br>
လှူဒါန်းကြသေး။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# အေဒရီယက်တစ်ပင်လယ်တွင် ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်



**ရောမ နိုဝင်ဘာ ၁၀**

အီတလီနိုင်ငံ အေဒရီယက်တစ်ပင်လယ်တွင် နိုဝင်ဘာ ၉ ရက် အစောပိုင်းက ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အီတလီ မြေငလျင်စင်တာက ထုတ်ပြန်ခဲ့သည်ဟု Alarabiya သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ကမ်းခြေအနီးရှိ အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့သော်လည်း ကြီးကြီးမားမား ပျက်စီးမှုမရှိခဲ့သကဲ့သို့ ထိခိုက်ဒဏ်ရာရရှိသူလည်း မရှိခဲ့ကြောင်း အေဒရီယက်တစ်ကမ်းခြေ အာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။

“နိုဝင်ဘာ ၉ ရက် နံနက် ၇ နာရီလောက်မှာ ပြင်းအား ၅ ဒသမ ၇ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်လှုပ်ခတ်မှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ ကြီးကြီးမားမား ပျက်စီးမှုမျိုးတော့ မရှိခဲ့ပါဘူး။ ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့သလို သေဆုံးသူလဲ မရှိခဲ့ပါဘူး။ မြေငလျင်လှိုင်းကတော့ နေရာတော်တော်များများကို ရောက်ရှိခဲ့ပါတယ်”ဟု မာချီနယ်မြေမှ ပြောရေးဆိုခွင့်ရှိသူ အက်ဂွါရှိလီက ပြောကြားခဲ့သည်။

မြေငလျင် နောက်ဆက်တွဲဖြစ်သည့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်မရှိသော်လည်း မြေငလျင်သည် ပင်လယ်ဧရိယာအတွင်း လှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် အခြေအနေကို စောင့်ကြည့်သွားရမည်ဖြစ်သည်ဟု အီတလီမြေငလျင်စင်တာက ထုတ်ပြန်ခဲ့ကြောင်း၊ မြေငလျင် ဗဟိုပြုလှုပ်ခတ်ခဲ့သောဧရိယာသည် အေဒရီယက်တစ်ပင်လယ်ကမ်းခြေဒေသတစ်ခုဖြစ်သော ပီဆာရိုမြို့နှင့် ၃၅ ကီလိုမီတာထိ ဝေးကွာသော်လည်း ပီဆာရိုမြို့ထိ မြေငလျင်လှိုင်းရောက်ရှိခဲ့ကာ ပီဆာရိုမြို့တွင် အဆောက်အအုံတချို့ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် မြေငလျင်လှိုင်းသည် ရိုးမားမြို့ထိ ရောက်ရှိခဲ့သကဲ့သို့ အီတလီနိုင်ငံ မြောက်ဘက်ပိုင်းဧရိယာတွင်ရှိသည့် မာချီနယ်မြေ၊ ဗီနီတိုမြို့၊ ဖရီယူလီမြို့၊ ထရန်တီနိုမြို့တို့ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# နီကိုးမုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ဘဟားမားစ်တွင် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်း

**နာဆော နိုဝင်ဘာ ၁၀**

ဘဟားမားစ်နိုင်ငံတွင် နီကိုးဟု အမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းအမျိုးအစား ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် နိုဝင်ဘာ ၉ ရက်မှစ၍ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည်ဟု ဘဟားမားစ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နီကိုးမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းတော့မည်ဖြစ်ပြီး ဖလော်ရီဒါကမ်းခြေသို့ မဝင်ရောက်မီ ဘဟားမားစ်နိုင်ငံအတွင်း၌ပင် ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဆက်လက်တိုက်ခတ်ဖွယ်ရှိကြောင်း မိုင်ယာမီအခြေစိုက် အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

“နီကိုးမုန်တိုင်းဟာ ဘဟားမားစ်နိုင်ငံအတွင်းမှာ တိုက်ခတ်နေပါတယ်။ မုန်တိုင်းဟာ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းတော့မှာဖြစ်ပါတယ်။ မူလ ခန့်မှန်းချက်အရ ဖလော်ရီဒါကမ်းခြေကို ဝင်ရောက်တဲ့အချိန်မှသာ ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းမှာဖြစ်ပေမဲ့ ဘဟားမားစ်နိုင်ငံအတွင်းမှာတင် ဟာရီကိန်းမုန်တိုင်းအသွင်ကို ကူးပြောင်းဖို့ရှိနေပါတယ်”ဟု မိုင်ယာမီအခြေစိုက် အမေရိကန်အမျိုးသား ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်လ်ဘရောင်းက ပြောကြားခဲ့သည်။



နီကိုးမုန်တိုင်းကြောင့် ဘဟားမားစ်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းရှိ ဒေသခံထောင်နှင့်ချီ၍ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ယာယီရွှက်ဖျင်တဲများဖြင့် နေရာချပေးထားကြောင်း၊ မုန်တိုင်းဝင်ရောက်မည်ဖြစ်သောကြောင့် ဖလော်ရီဒါကမ်းခြေတွင်လည်း ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားပြီး ဖလော်ရီဒါလေဆိပ်ကိုလည်း ယာယီပိတ်ထားလိုက်ပြီဖြစ်ကြောင်း၊ နီကိုးမုန်တိုင်းသည် ဘဟားမားစ်နိုင်ငံအတွင်း တစ်နာရီ မိုင် ၇၀ နှုန်းဖြင့် တိုက်ခတ်နေပြီး မုန်တိုင်းအားကောင်းခြင်းကြောင့် သစ်ပင်ကြီးတချို့လဲကျကာ လမ်းပိတ်ဆို့မှုများဖြစ်ပေါ်နေကြောင်း ဘဟားမားစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် လိုက်ပါလုပ်ဆောင်မှုအားနည်းပါက ၂၁၀၀ ပြည့်နှစ်တွင် ဥရောပတိုက်၌ အပူလှိုင်းကြောင့် နှစ်စဉ်လူဦးရေ ၉၀၀၀၀ ထိ သေဆုံးဖွယ်ရှိနေ

**ကိုပင်ဟေဂင် နိုဝင်ဘာ ၁၀**

ဥရောပတိုက်တွင် ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်မားလျက်ရှိပြီး အပူလှိုင်းဖြတ်သန်းမှုများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့သကဲ့သို့ မိုးခေါင်သည့်ပြဿနာများဖြင့် ရင်ဆိုင်နေရကာ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး လုပ်ငန်းစဉ်များတွင် လိုက်ပါလုပ်ဆောင်မှု အားနည်းနေပါက ၂၁၀၀ ပြည့်နှစ်အရောက်တွင် ဥရောပတိုက်၌ အပူလှိုင်းဖြတ်သန်းမှုကြောင့် နှစ်စဉ်လူဦးရေ ၉၀၀၀၀ ထိ သေဆုံးရဖွယ်ရှိကြောင်း ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် အခြေစိုက်သည့် ယူရိုပီယမ်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အေဂျင်စီမှ သုတေသီများက ထုတ်ပြန်ခဲ့ကြောင်း Hindustan သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကလည်း ကမ္ဘာမြေကြီးပူနွေးမှု ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အောက်သို့ရောက်ရှိရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသကဲ့သို့ ဥရောပသမဂ္ဂအဖွဲ့အစည်းကလည်း ကမ္ဘာမြေကြီးပူနွေးမှုကျဆင်းရေးအတွက် ဥရောပနိုင်ငံများကို ဦးဆောင်လျက်ရှိသည်။

“လက်ရှိ အခြေအနေအတိုင်း ဆက်သွားမယ်ဆိုရင်တော့ ၂၁၀၀ ပြည့်နှစ်အရောက်မှာ ကမ္ဘာမြေကြီး ပူနွေးမှုပမာဏဟာ ၃ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိလာနိုင်ပြီး အပူလှိုင်းတွေ ဆက်တိုက်ဖြစ်ပေါ်လာနိုင်ဖွယ်ရှိနေတယ်။ ဒီလိုအခြေအနေမျိုးဆိုရင်တော့ ဥရောပနိုင်ငံတွေမှာ နှစ်စဉ် လူဦးရေ ၉၀၀၀၀ ထိ သေဆုံးရဖွယ်ရှိနေပါတယ်”ဟု ယူရိုပီယမ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

မြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍသို့ အောင်မြင်စွာကူးပြောင်းနိုင်ခြင်းမရှိပါက ၂၁၀၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာမြေကြီး ပူနွေးမှုသည် ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ဖွယ်ရှိပြီး လူသားများအသက်ရှင်နေထိုင်ရန် ခက်ခဲသည့်အခြေအနေသို့ ဆိုက်ရောက်လာနိုင်ကြောင်း ယူရိုပီယမ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ သုတေသီများက သုတေသနရလဒ်နှင့်တကွ ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပါကစ္စတန်က နစ်နာကြေးငွေတောင်းခံထား

**အစ္စလာမ်မာဘတ် နိုဝင်ဘာ ၁၀**

ယခုနှစ်နွေရာသီတွင် ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ဆုံးရှုံးမှုများနှင့်ပတ်သက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများမှ နစ်နာကြေးပေးရန် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP27) တွင် တောင်းခံထားကြောင်း အေပီသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အီဂျစ်နိုင်ငံ၌ ကျင်းပလျက်ရှိသော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ(COP27)တွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး Bilawal Bhutto-Zardari က ယခုနှစ် ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုကြောင့် မကြုံစဖူးပျက်စီးခဲ့ရသော ပျက်စီးဆုံးရှုံးမှုများအတွက် နစ်နာကြေးပေးရန် ဖွံ့ဖြိုးပြီးနိုင်ငံများကို တောင်းခံခဲ့ပြီး ကမ္ဘာ့ရာသီဥတုနှင့်ပတ်သက်သည့် ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်မဖြစ်သေးကြောင်းနှင့် အဆိုပါပြဿနာများအတွက် နည်းလမ်းရှာဖွေရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။

ဆောင်းရာသီမတိုင်မီ ရက်သတ္တပတ်အလိုတွင် ပါကစ္စတန် ရေဘေးသင့် ပြည်သူများအတွက် ရွှက်ဖျင်တဲ၊ အစားအစာနှင့် အခြားပံ့ပိုးရေးပစ္စည်းများကို စီစဉ်ပေးရန် ပါကစ္စတန်နိုင်ငံက နှောင့်နှေးမှုများဖြစ်ပေါ်နေချိန်တွင် ၎င်းမှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ပါကစ္စတန်တွင် ရေကြီးရေလျှံမှုကြောင့် လူ ၁၇၃၉ ဦး သေဆုံးခဲ့ကာ သိန်းနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ခန့်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပြီး ကုလသမဂ္ဂကလည်း ပါကစ္စတန်အတွက် နိုင်ငံတကာအကူအညီများ ပိုမိုရရှိရန် ပြင်ဆင်သည့် အယူခံတစ်ရပ်တင်သွင်းထားကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသော ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့်ပတ်သက်၍ ပါကစ္စတန်တွင် သုည ဒသမ ၄ ရာခိုင်နှုန်း တာဝန်ရှိကြောင်း ကျွမ်းကျင်သူများက ပြောကြားထားပြီး အမေရိကန်နိုင်ငံက ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံက ၁၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ဥရောပသမဂ္ဂက ၁၅ ရာခိုင်နှုန်း တာဝန်ယူထားကြောင်း သိရသည်။

ပါကစ္စတန် ရေဘေးသင့်ဒေသများတွင် လူထောင်ပေါင်းများစွာသည် ရွှက်ဖျင်တဲများတွင်သာ နေထိုင်ရဆဲဖြစ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ရန်အတွက် လိုအပ်သောငွေကြေးအကူအညီများရရှိရန် လာမည့်နှစ်အစောပိုင်းတွင် နိုင်ငံတကာအလှူရှင်များညီလာခံတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း Zardari က ပြောကြားထားသည်။ AZH

# နိုင်ဂျီးရီးယားရေဘေးဒုက္ခသည်များကို ကူညီရန် ဆွစ်ဇာလန်က ကန်ဒေါ်လာ ခုနစ်သိန်းကျော် ပံ့ပိုးမည်

**ဂျိုနီဗာ နိုဝင်ဘာ ၁၀**

နိုင်ဂျီးရီးယားနိုင်ငံတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများအတွက် ဆွစ်ဇာလန်နိုင်ငံက အမေရိကန်ဒေါ်လာ ၇၅၆၀၀၀ ခန့် ပံ့ပိုးရန် နိုဝင်ဘာ ၉ ရက်က ကတိပြုခဲ့ကြောင်း Dailytrust News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ငံတကာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အဖွဲ့ချုပ် (IFRC) ၏ လတ်တလောအရေးပေါ် ပန်ကြားချက်နှင့် ကြားဝင်ဆောင်ရွက်ပေးမှုကို တုံ့ပြန်သည့်အနေဖြင့် ပံ့ပိုးပေးရန် ဆွစ်ဇာလန်နိုင်ငံက နိုဝင်ဘာ ၉ ရက်တွင် ကတိပြုခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၁၈ ခုရှိ ရေဘေးသင့်ပြည်သူများ၏ အခြေခံလိုအပ်ချက်များကိုကူညီရန် ကဏ္ဍပေါင်းစုံတွင် အကူအညီပေးသွားမည်ဖြစ်ကြောင်းနှင့် ဒုက္ခသည်များအတွက် ယာယီအမိုးအကာတည်ဆောက်ခြင်း၊ ဘက်စုံသုံးငွေကြေးအကူအညီများ ပေးအပ်ခြင်းအပြင် ကာလဝမ်းရောဂါထပ်မံပျံ့နှံ့မှုကိုတားဆီးရန် ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာ အစီအမံများပါဝင်မည်ဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ပြည်နယ် ၃၄ ခု တွင် လူဦးရေ သုံးသန်းကျော် ထိခိုက်ခဲ့ပြီး အနည်းဆုံး လူဦးရေ ၆၀၀ ကျော် သေဆုံးကာ လူဦးရေ ၁ ဒသမ ၅ သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

အဆိုပါအလှူငွေသည် အကျပ်အတည်းကို တုံ့ပြန်နိုင်ရန်အတွက် IFRC၊ နိုင်ဂျီးရီးယားကြက်ခြေနီတပ်ဖွဲ့နှင့် နိုင်ဂျီးရီးယားအစိုးရတို့၏ ကြိုးပမ်းအားထုတ်မှုကို အားဖြည့်ပေးမည်ဖြစ်ပြီး နိုင်ဂျီးရီးယားလူမျိုးထောင်ပေါင်းများစွာ၏ လက်ငင်းလိုအပ်ချက်အတွက် ထိရောက်ကာ ဒေသအလိုက်တုံ့ပြန်ဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည်ဟု ယုံကြည်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာနီကိုလပ်စ်လန်းက ပြောကြားခဲ့သည်။ AZH

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်နေတဲ့ နယူးကာဆယ်၊ လေဗာကူဆင်၊ နာပိုလီအသင်းတို့ကို ရွေးချယ်ရမှာပါ

ML




ဒီတစ်ပတ်ကစားပြီးရင်တော့ လာမဲ့နိုဝင်ဘာ ၂၀ ရက်မှာ ကမ္ဘာ့ဖလားစတင်ကျင်းပတော့မှာဖြစ်လို့ အမှတ်ပေးပြိုင်ပွဲတွေကို ရပ်နားတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ကစားမဲ့ပွဲစဉ်တွေမှာ ကစားသမားအများစုဟာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ဖို့အတွက် ဒဏ်ရာပြဿနာမကြုံရစေဖို့ ရေကုန်ရေခန်းကစားပါ့မလားဆိုတာ သတိထားရမှာဖြစ်ပါတယ်။ လာမဲ့စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ကစားကွက်ပိုင်းအချိတ်အဆက်မိနေပြီး အိမ်ကွင်းတိုက်စစ်ပိုင်းထက်မြက်တဲ့ အသင်းတွေကိုသာ အဓိက ရွေးချယ်သွားမှာဖြစ်ပါတယ်။

## နယူးကာဆယ်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့ ချဲလ်ဆီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ အခုနှစ် ပရီးမီးယားလိဂ်မှာ ခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် ၁၄ ပွဲကစားအပြီးမှာ ခုနစ်ပွဲနိုင်၊ ခြောက်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၃) မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အသင်းပိုင်ရှင်ပြောင်းလဲပြီးနောက်ပိုင်း နည်းပြ ဟိုဝီကို ခန့်အပ်ခဲ့ပြီး ခြေစွမ်းပိုင်းတည်ငြိမ်လာတာဖြစ်ပါတယ်။ နည်းပြ ဟိုဝီရဲ့ ၄-၃-၃ ကစားကွက်မှာ အယ်မီရွန်၊ ဂွီမာရေ့စ်၊ ဝယ်လ်ဆင်တို့က တိုက်စစ်ပိုင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သလို ခံစစ်ကစားသမားတွေဖြစ်တဲ့ ထရစ်ပီယာ၊ ဘော့မန်း၊ ဘန်းနဲ့ ဖေဘီယန်ရှာတို့ကလဲ အတွဲအဖက်မိနေတာကြောင့် ပရီးမီးယားလိဂ်မှာ အကောင်းဆုံးခံစစ်ကြောင်းအဖြစ် ရပ်တည်နေတာကို သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်မှာတော့ သွင်းဂိုးရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တဲ့အပြင် နောက်ဆုံးလေးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ချဲလ်ဆီးအသင်းဟာ နည်းပြသစ်ခန့်အပ်ပြီးနောက်ပိုင်း ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးနှစ်ပွဲဆက်မှာ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ကစားပုံကျဆင်းခဲ့တာကြောင့် သွင်းဂိုးတစ်ဂိုးသာရှိခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာလဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက ခြောက်ဂိုးသာ ရရှိခဲ့တာကို သတိပြုရမှာပါ။ နည်းပြပေါ်တာဟာ တိုက်စစ်ပိုင်းမှာ စတားလင်း၊ အူဘာမီယန်းတို့ကို တွဲသုံးနေပေမဲ့ ကစားသမားနှစ်ယောက် အချိတ်အဆက်မမိသေးတာကြောင့် တိုက်စစ်ပိုင်းက ထင်သလောက် အလုပ်မဖြစ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ ခံစစ်ကစားသမားတွေဖြစ်တဲ့ ဖိုဖန်နာ၊ ရီစီဂျိမ်း၊ ချီဝဲလ်တို့ ဒဏ်ရာရနေတဲ့အပြင် ကွင်းလယ်က ကန့်တီ၊ ဂိုးသမား ကီပါတို့ပါ ဒဏ်ရာပြဿနာရှိနေတာကြောင့် အသင်းရဲ့ရလဒ်ပိုင်း ကျဆင်းသွားတယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်မှာ အသင်းလိုက်ကစားအား ကောင်းနေတဲ့ နယူးကာဆယ်ကို ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ချဲလ်ဆီးအသင်းထိန်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ပရီးမီးယားလိဂ်မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ နယူးကာဆယ်အသင်းကိုပဲ အားပေးရမှာပါ။

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၀ | အဲဗာတန် |
| စပါး | ၁ | - | ၂ | နယူးကာဆယ် |
| နယူးကာဆယ် | ၄ | - | ၀ | အေဗီလာ |
| ဆောက်သမ်တန် | ၁ | - | ၄ | နယူးကာဆယ် |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၁ | - | ၁ | မန်ယူ |
| ဆဲလ်ဘတ် | ၁ | - | ၂ | ချဲလ်ဆီး |
| ဘရိုက်တန် | ၄ | - | ၁ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၂ | - | ၁ | ဒိုင်ဇာဂရက် |
| ချဲလ်ဆီး | ၀ | - | ၁ | အာဆင်နယ် |

## လေဗာကူဆင်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ လေဗာကူဆင်အသင်းနဲ့ စတုဂတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းက သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တဲ့ လေဗာကူဆင်အသင်းတိုက်စစ်ပိုင်းက ကောင်းမွန်နေတာကို တွေ့ရမှာပါ။ လက်ရှိ နည်းပြသစ် အလွန်ဆိုကတော့ တိုက်စစ်ပိုင်းမှာ ပက်ထရစ်ရှီခ်၊ အိုဒွိုင်း၊ မိုအူဆာဒီယာဘီတို့နဲ့ ပွဲထွက်နေခဲ့ပေမဲ့ သူတို့အသင်းရဲ့ သွင်းဂိုးအများဆုံးကစားသမားကတော့ ဖရင်းပေါင်ဖြစ်ပြီး သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဖရင်းပေါင်ဟာ နောက်တန်းကစားသမားဖြစ်ပေမဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပါကစားနိုင်တဲ့ ကစားသမားတစ်ယောက်ဖြစ်တာကြောင့် လေဗာကူဆင်အသင်းကစားကွက်ပိုင်းကို အမြန်ဆုံးပြောင်းလဲပေးနိုင်တာဖြစ်ပါတယ်။ လက်ရှိမှာ တိုက်စစ်မှူး ပက်ထရစ်ရှီခ်ပါဝင်ဖို့ မသေချာပေမဲ့ ယူနီယံဘာလင်နဲ့ပွဲကလို တိုက်စစ်မှာ မိုအူဆာဒီယာဘီနဲ့ ဟလိုဇက်တို့ ပွဲထွက်လာမယ်ဆိုရင် ခံစစ်ပိုင်းပေးဂိုးများနေတဲ့ စတုဂတ်အသင်းအတွက် မလွယ်ကူပါဘူး။

စတုဂတ်အသင်းဟာ ဘွန်ဒက်လီဂါပြိုင်ပွဲ ၁၄ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၄ မှတ်ရရှိထားပြီး အမှတ်ပေးဇယား အဆင့်(၁၃) မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနိုင်ရရှိခဲ့တာကလဲ အိမ်ကွင်းပွဲစဉ်တွေသာဖြစ်ပြီး အဝေးကွင်းပွဲစဉ်တွေမှာတော့ နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းကပေးဂိုး ၁၅ ဂိုးထိ ခွင့်ပြုခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းရဲ့ ဂိုးသွင်းအများဆုံးကစားသမားကတော့ တိုက်စစ်မှူး ဂူရက်စ်စီဖြစ်ပြီး သွင်းဂိုးလေးဂိုးသွင်းယူထားပေမဲ့ နောက်ဆုံးအဝေးကွင်းနှစ်ပွဲဆက်မှာ ဂိုးသွင်းယူနိုင်ခဲ့တာမရှိပါဘူး။ နည်းပြ ဝမ်မာအနေနဲ့လဲ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် အဝေးကွင်းရလဒ်ဆိုးကို မပြင်နိုင်သေးတာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ အိမ်ကွင်းတိုက်စစ်ပိုင်း ကောင်းတဲ့အသင်းနဲ့ အဝေးကွင်းခံစစ်ပိုင်းကျဆင်းနေတဲ့အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် စတုဂတ်အတွက် ရလဒ်ကောင်းဖို့မလွယ်ပါဘူး။ ဒါ့ပြင် သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ခုနစ်ကြိမ်မှာလဲ လေဗာကူဆင်အသင်းက ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲထပ်မံရှာဖွေမဲ့ လေဗာကူဆင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၂ | - | ၂ | လေဗာကူဆင် |
| လိုက်ပ်ဇစ် | ၂ | - | ၀ | လေဗာကူဆင် |
| လေဗာကူဆင် | ၀ | - | ၀ | ဘရူဂျက် |
| လေဗာကူဆင် | ၅ | - | ၀ | ယူနီယံဘာလင် |
| ကိုလုံး | ၁ | - | ၂ | လေဗာကူဆင် |

**စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၆ | - | ၀ | ဘီလီဖီးလ် |
| ဒေါ့မွန် | ၅ | - | ၀ | စတုဂတ် |
| စတုဂတ် | ၂ | - | ၁ | အော့စ်ဘတ် |
| ဂလာဘတ် | ၃ | - | ၁ | စတုဂတ် |
| စတုဂတ် | ၂ | - | ၁ | ဟာသာဘာလင် |

## နာပိုလီအသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ နာပိုလီနဲ့ အူဒီးနီးစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နာပိုလီအသင်းဟာ အခုရာသီမှာ ပုံစံကောင်းရရှိနေတာကြောင့် အမှတ်ပေးပွဲ ၁၄ ပွဲဆက်ရှုံးပွဲမရှိဘဲ ရမှတ် ၃၈ မှတ်နဲ့ ဇယားထိပ်မှာ ဦးဆောင်နေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းတိုက်စစ်ဟာ သွင်းဂိုး ၃၄ ဂိုးထိသွင်းယူထားနိုင်ပြီး ၁၆ ဂိုးကိုတော့ အိမ်ကွင်းပွဲစဉ် ခုနစ်ပွဲမှာ သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြ စပယ်လက်တီရဲ့ ၄-၃-၃ ကစားကွက်အောက်မှာ ကွင်းလယ်ကစားသမား လိုဘော့ကာ၊ အန်ဂစ်ဆာတို့ဟာ အသင်းရဲ့အဓိက မောင်းနှင်အားဖြစ်နေပြီး တိုက်စစ်ကစားသမားတွေအတွက် ဂိုးရဖို့နေရာလွတ်ဖန်တီးပေးနိုင်တဲ့အပြင် တစ်ဖက်အသင်းရဲ့ တိုက်စစ်ဆင်မှုကိုလဲ အကောင်းဆုံးဟန့်တားထားနိုင်တာကြောင့် နာပိုလီအသင်းကစားပုံဟာ အပြစ်ပြောစရာမရှိသေးပါဘူး။ အခုပွဲစဉ်မှာ ခြေစွမ်းပြနေတဲ့ ကဗာရက်ရှီလီယာ မပါနိုင်ပေမဲ့ အဓိကတိုက်စစ်မှူး အိုစီမန်ပြန်လည်ကစားနိုင်တာကြောင့် အခုပွဲစဉ်မှာလဲ နာပိုလီရဲ့သွင်းဂိုးတွေကို မြင်တွေ့ရအုံးမှာပါ။

အူဒီးနီးစ်အသင်းဟာ ရာသီအစမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်ခဲ့တာကြောင့် စီးရီးအေ ၁၄ ပွဲအပြီးမှာ ရမှတ် ၂၄ မှတ်ထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၉ ရက်က အတ္တလန္တာကို သရေရလဒ်ကစားခဲ့ပြီးနောက်ပိုင်း အခုအချိန်ထိ နိုင်ပွဲမရတော့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ မွန်ဇာ၊ တိုရီနို၊ ခရီမိုနန့်စီ၊ လက်ချီ၊ စပီဇီယာတို့လို အသင်းတွေနဲ့ကစားခဲ့ပြီး ရမှတ်တွေဆုံးရှုံးသွားတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အဓိက ကစားသမားဖြစ်တဲ့ အူဒိုဂျီဒဏ်ရာရပြီးနောက်ပိုင်း ရလဒ်ပိုင်းကျဆင်းသွားတဲ့အပြင် တိုက်စစ်ပိုင်းက ဘီတိုနဲ့ ဒယ်လိုဖူးတို့လဲ ဂိုးရဖို့ ရုန်းကန်နေရတာကို သတိပြုရမှာပါ။ အူဒီးနီးစ်အသင်းဟာ ရာသီအစမှာ အင်တာ၊ ရိုးမား၊ ဖီအိုရင်တီးနား၊ ဆက်ဆူအိုလိုတို့ကို အနိုင်ကစားခဲ့ပြီး အတ္တလန္တာ၊ လာဇီယိုတို့ကို သရေကစားနိုင်ခဲ့ပေမဲ့ အရန်ကစားသမားအင်အားနည်းပါးမှုကြောင့် လက်ရှိအချိန်မှာ တန်းဆင်းဇုန်က အသင်းကိုတောင် အကြိတ်အနယ်ကစားနေရတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ အဓိက ကစားသမားတွေဖြစ်တဲ့ အူဒိုချီနဲ့ ဘက်ကာအိုတို့ မပါဝင်နိုင်တာကြောင့်လဲ သူတို့အသင်း ကစားကွက်ပိုင်း အားနည်းသွားနိုင်ပါတယ်။ ဒါကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ဖို့ တိုက်စစ်မြင့်ကစားလာမဲ့ နာပိုလီအသင်းပဲ အနိုင်ရမှာပါ။

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၃ | - | ၀ | ရိန်းဂျား |
| နာပိုလီ | ၄ | - | ၀ | ဆက်ဆူအိုလို |
| လီဗာပူး | ၂ | - | ၀ | နာပိုလီ |
| အတ္တလန္တာ | ၁ | - | ၂ | နာပိုလီ |
| နာပိုလီ | ၂ | - | ၀ | အမ်ပိုလီ |

**အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၂ | - | ၃ | မွန်ဇာ |
| အူဒီးနီးစ် | ၁ | - | ၂ | တိုရီနို |
| ခရီမိုနန့်စီ | ၀ | - | ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၁ | - | ၁ | လက်ချီ |
| စပီဇီယာ | ၁ | - | ၁ | အူဒီးနီးစ် |

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

> ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝအဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကျွန်းခွဲသားသစ်များကို MSME လုပ်ငန်းများသို့ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်



**ရန်ကုန် နိုဝင်ဘာ ၁၀**

ကျွန်းခွဲသားသစ်များကို ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း (MSME) များသို့ အိတ်ဖွင့်လေလံစနစ်ဖြင့် ယခုလအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုများကို ကာကွယ်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့သစ်တောများ ပြန်လည်စိမ်းလန်းရှင်သန်လာစေရန်အတွက် သစ်တောသယံဇာတများကို ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုစနစ်ဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သစ်သယံဇာတ ထုတ်ယူသုံးစွဲနေမှုများကိုလည်း သစ်တောကာကွယ်ထိန်းသိမ်းခြင်းကို ဦးစားပေး၍ အကန့်အသတ်ဖြင့် အနည်းဆုံးလိုအပ်ချက်ကိုသာ ထုတ်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ထုတ်ယူဆောင်ရွက်မှုများမှ ထုတ်လုပ်ထွက်ရှိလာသောသစ်များကို တန်ဖိုးမြှင့်သစ်အချောထည်များအဖြစ် ထပ်မံထုတ်လုပ်ဖြန့်ဖြူးရောင်းချကာ ပြည်တွင်း၊ ပြည်ပဝင်ငွေများ ဆောင်ရွက်ပေးနေသည့်အပြင် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ယခုနှစ် နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနလက်အောက်ရှိ အမှတ်(၁/၂/၄/၈/၁၀)သစ်စက်များရှိ ကျွန်းခွဲသားသစ်တန်ချိန် ၆၈ ဒသမ ၀၃၇၉ တန်ကို ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း (MSME) များသို့ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသစ်များကို အမှတ်(၄) သစ်စက်(ဝါးတရာ)တွင် ရောင်းချပေးသွားမည်ဖြစ်ပြီး လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို နိုဝင်ဘာ ၁၆ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ အမှတ်(၄)သစ်စက်(ဝါးတရာ)တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ သစ်စက်လုပ်ငန်းလိုင်စင်၊ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းလိုင်စင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းလိုင်စင်များအနက်မှ တစ်ခုခုကို ပြသဝယ်ယူနိုင်ကြောင်း မြန်မာ့သစ်လုပ်ငန်း၏ သတင်းများအရ သိရသည်။ (၁၁၆)

## စလင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်အတွက် စလင်းမြို့နယ် ငွေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်းက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းအသင်းဝင် ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းပုံမှန်လည်ပတ်နိုင်ရေး အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပုံမှန်ပေးသွင်းကြစေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကလည်း စာရင်းဇယားများကို စနစ်တကျဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက မြစိမ်းရောင်ကျေးရွာစီမံကိန်းငွေစာရင်းပုံစံများ ဖြည့်သွင်းရာ၌ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများနှင့် ငွေးကုန်းကျေးရွာ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၁၉၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့် ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၁၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တောင်တွင်းကြီးမြို့နယ် ကန်လုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ဝင် ကျေးရွာဖြစ်သည့် ကန်လုကန်ကျေးရွာ၌ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန်အတွက် နေကြာ အပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ကန်လုကန်ကျေးရွာရှိ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။



သုသု

# ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား သတိပေးကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၆)ရပ်ကွက်၊ လှည်းစုလမ်း၊ အမှတ်(၇၇၃) နေ ဦးကျော်ကျော်အောင် (၁၄/ပသန(နိုင်)၀၀၆၄၁၅) သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၆၂၄၅/၂၀၂၂)၊ (၄/၆၂၄၆/၂၀၂၂)၊ (၄/၆၂၄၇/၂၀၂၂)၊ (၄/၆၂၄၈/၂၀၂၂)၊ (၄/၆၂၄၉/၂၀၂၂)၊ (၄/၆၂၅၀/၂၀၂၂)တို့ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။



မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၅/၂၀၂၂)



မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၆/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၇/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၈/၂၀၂၂)




မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၄၉/၂၀၂၂)



မှတ်ပုံတင်စာချုပ်အမှတ်
(၄/၆၂၅၀/၂၀၂၂)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် " **ပဲငံပြာရည်အချိုရည်၊ ပဲငံပြာရည်အနောက်ရည်၊ ပဲငံပြာရည်အကြည်ရည်၊ အကောင်းစားပဲငံပြာရည်အမျိုးမျိုး၊ ငရုပ်ဆီအမျိုးမျိုး၊ ခရုဆီအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ အခြေခံစားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းအမျိုးမျိုး"**တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ရာ ကောင်းသတင်းဖြင့် ဂုဏ်သတင်းကျော်စောလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူရိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်စီးပြုပြင်၍၊ အခြားအမည်များတပ်၍ ဖြန့်ဖြူးရောင်းချခြင်း၊ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများ၏ ဂုဏ်သတင်းကျဆင်းစေရန် ပြုမူဆောင်ရွက်ခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား တုပပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါကလည်းကောင်း၊ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများ၏ ဂုဏ်သတင်းကျဆင်းစေရန်ပြုမူဆောင်ရွက်ခဲ့ပါကလည်းကောင်း ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သူရ(မြောင်းမြ)**
LL. B, A.G.T.I (EP), D.B.L, D.M.L
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**

**ဦးဇေယျာထွန်း**(LL. B)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**

**ဒေါ်ချယ်ရီလှိုင်**(LL. B)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)**

**ဦးစိုးလွင်ဦး**(LL. B)
**အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၁ ၈၄၀၄၂ ၊ ၀၉၇၃ ၁၁၅၁၀၅၊ ၀၉ ၄၂၁၁၀၈၅၅၁၊ ၀၉ ၄၂၅၂၈၇၁၃၄**


# ၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဈေးကွက်သို့ ပဲတီစိမ်းများ တင်ပို့သွားမည်



**နေပြည်တော် နိုဝင်ဘာ ၁၀**

၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဈေးကွက်သို့ ပဲတီစိမ်းများတင်ပို့သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို ပဲပင်ပေါက်ပြုလုပ်ရန် ဝယ်ယူသွားမည်ဖြစ်ရာ ပဲတီစိမ်းများတင်ပို့နိုင်ရေးအတွက် တင်ပို့လိုသည့် အဆိုပြုကုမ္ပဏီများဖိတ်ခေါ်ခြင်း၊ တောင်သူပညာပေးသင်တန်းများပို့ချခြင်း၊ Farm Collector နှင့် Processor Level စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ Bean Sprouting အတွက် မြန်မာ့ပဲများ တင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်အဖွဲ့က အစည်းအဝေးများ ကျင်းပပေးနေပြီဖြစ်ကြောင်း သိရသည်။

Farmer နှင့် Collector Inspection & Testing ကို စိုက်ပျိုးရေး ဦးစီးဌာနကလည်းကောင်း၊ Processor Inspection & Training ကို စားသုံးသူရေးရာ ဦးစီးဌာနကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် Processor Level စစ်ဆေးခြင်းကို မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection & Testing Services Ltd-MITS)သို့ ထပ်ဆင့် တာဝန်ပေးအပ်ထားကြောင်း သိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဈေးကွက်သို့ မြန်မာ့ပဲများတင်ပို့ရာမှာ Hygiene ပိုင်းကို အဓိကထားစိစစ်လျက်ရှိပြီး Processor ပိုင်းကို စစ်ဆေးရာတွင် ဝယ်ယူခြင်းနှင့် ပဲအိတ်များ လက်ခံရရှိမှုအပိုင်း၊ ကုန်ကြမ်းနှင့် ကုန်ချောများသိုလှောင်ရုံ၌ထားရှိမှုအပိုင်း၊ ပဲတီစိမ်းသန့်စင်မှုအပိုင်း၊ ကုန်သေတ္တာပေါ်တင်ခြင်းနှင့် ပြည်ပတင်ပို့မှုအပိုင်း၊ အရည်အသွေး ထိန်းချုပ်မှုအပိုင်း၊ လုပ်သားများ ကျန်းမာရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအပိုင်း စသည်ဖြင့် အပိုင်းခြောက်ပိုင်းခွဲကာ စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ဆေးရေးလုပ်ငန်းများကို မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection &Testing Services Ltd-MITS ) မှ Criteria များနှင့် ကိုက်ညီမှုရှိ၊ မရှိ လုပ်ဆောင်ရာတွင် ပထမအကြိမ် စစ်ဆေးပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက တစ်ကြိမ်သာ စစ်ဆေးရေးလုပ်ဆောင်ပြီး ကိုက်ညီမှုမရှိပါက လိုအပ်ချက်များကို ပြုပြင်ရန် အချိန်တစ်ခုသတ်မှတ်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနနှင့် GIZ တို့မှ ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချလေ့ကျင့်ပေးထားသည့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်မှ စစ်ဆေးရေးမှူးများက Processor Level ကို စစ်ဆေးပေးနေသောကြောင့် ၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဈေးကွက်သို့ ပဲတီစိမ်းတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

SKL

# မြို့သစ်မြို့နယ် ကြို့ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထွေးငယ်ထွန်း၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကြို့ကျောင်းကုန်းကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးကြည့်ရှုပြီး ဦးစီးအရာရှိ ဒေါ်ထွေးငယ်ထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ကြို့ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဉ္စမနှစ်စက်ဝန်းအဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်းအသင်းသားအသင်းသူ ၁၀၂ ဦး ကို ငွေကျပ် ၃၄၇ သိန်း ထုတ်ချေးပေးထားကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

**တာပေမြင့်မှ လူမျိုးတင့်မည်**

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
# AUNG MYINT MOH MIN INSURANCE Co.,Ltd

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ တသင်းသားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုတခ‌ဝ
လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့

We Protect the Family






အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြစ်ငယ်မြို့၊ ရေကြည်ပေါက်ကျေးရွာနေ ဦးညဏ်လွင်+ဒေါ်စန်းစန်းနွယ် တို့၏သား ဖြစ်သူ **မောင်ဟိန်းစည်သူထက် (၉/အမရ(နိုင်)၁၅၄၄၇၆)** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**ဦးညဏ်လွင်(၉/အမရ(နိုင်)၀၀၆၅၄၄)**
**ဒေါ်စန်းစန်းနွယ်(၉/ပသက(နိုင်)၀၀၀၄၃၉)**

## Happy Car Co.,Ltd

**ကိုရီးယားကားဝပ်ရှော့မှ ဝန်ထမ်းခေါ်ယူခြင်း**

(၁) စက်ပြင် (၃)ဦး
(၂) ထမင်းချက် (၁)ဦး
- အမှတ်စဉ်(၁)အတွက် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- လိပ်စာ/ ၁၁၅လမ်း၊ ၆၅ (D)ထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
- ဖုန်း/ 09-256560693, 09-447322327

**ပျောက်ဆုံးကြောင်း**

ဟသ်ာတမြို့နေ နန့်ဝေမာမြင့်(ဘ) မန်းသာရွှေ (၁၄/ဟသတ(နိုင်)၃၂၂၃၆၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၇၇၇၃၀၀

**ပျောက်ဆုံးကြောင်း**

လပွတ္တာမြို့နယ်နေ ရဲထွန်းအောင်(ဘ) ဦးသိန်းမြင့် (၁၄/မမန(နိုင်)၂၁၃၅၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၃၃၃၉၀၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

သပိတ်ကျင်းမြို့နယ်၊ လိပ်ကျကျေးရွာနေ ဦးမင်းနိုင်-ဒေါ်စန္ဒာဝင်း တို့၏သား မောင်ဝေလုနိုင် (၉/သပက(နိုင်)၀၆၅၇၅၄) နှင့် မောင်ဝေပြုနိုင် မှာ နိုင်ငံသားစိစစ်ရေးကတ်အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဝေလုနိုင် (ခ) မောင်ဝေပြုနိုင်**

**ဥတု ရာသီ တောက်ပို့မီ**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

ဘုရား၊ ကျောင်း၊ အာရုံခံတန်ဆောင်း အလှူ့ဒါယိကာမကြီး

## ဒေါ်ခင်ရီ [မခင်ရီ–ဆေးလိပ်(ရေဦး)]

## အသက်(၉၆)နှစ်

ရေဦးမြို့၊ ဗိုလ်အောင်ဇေယျရပ်နေ (ဦးဘအုန်း+ဒေါ်သိန်းခင်)၏သမီး၊ (ဒေါ်မြညွန့်)၏ညီမ၊ မန္တလေးမြို့နေ ဦးရွှေဘော်+(ဒေါ်ခင်မြင့်ဝင်း)တို့၏အစ်မ၊ ဒေါ်လွယ်လွယ်ဝင်းဘော်၊ ဒေါ်ဥမ္မာဝင်းဘော်၊ ဦးသူရ+ဒေါ်လင်းလင်းမင်း၊ (ဦးကျော်ဆန်းဆွေ)+ဒေါ်နန္ဒာဝင်းဘော်၊ ဒေါ်ဇာနည်ဝင်းဘော်၊ ဦးသူရိန်+ဒေါ်နှင်းရည်အေး တို့၏အဒေါ်၊ မြေး (၅)ယောက်၊ မြစ် (၁)ယောက်တို့၏ အဘွား

## ဒေါ်ခင်ရီ [မခင်ရီ–ဆေးလိပ်(ရေဦး)]

## အသက်(၉၆)နှစ်

သည် (၈-၁၁-၂၀၂၂) ရက် မွန်းလွဲ (၁၄း၃၀) နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာရွာတွင် ကွယ်လွန်သွားပါသဖြင့် (၉-၁၁-၂၀၂၂) ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁၃း၀၀)နာရီအချိန်တွင် အနီးစခန်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းပြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် တိုင်းရင်းသားဒေသများအနေဖြင့်လည်း ယင်းအခွင့်အရေးကို အမိအရ ရယူပြီး အပြည့်အဝအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်စေလို…

❖ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးကို ဖော်ဆောင်သွားနိုင်မည်ဖြစ်…

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ ခွန်သူရိန်လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခေါမြရာစလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ **စာမျက်နှာ ၁၇ ကော်လံ ၁** ☆



တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

စာမျက်နှာ - ၁၇

၂၀၂၃ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ဈေးကွက်သို့ ပဲတီစိမ်းများ တင်ပို့သွားမည်

စာမျက်နှာ - ၃၀

ကျွန်းခွဲသားသစ်များကို MSMEလုပ်ငန်းများသို့ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်

စာမျက်နှာ - ၂၀

## နိုဝင်ဘာလအတွင်း အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော **စာမျက်နှာ ၁၉ ကော်လံ ၁** ☐

ရန်ကုန်မြစ်အတွင်းရှိ သမ္မတကမ်းခြေဆိပ်ကမ်းအနီး၌ မီးလောင်မှုဖြစ်ပွားနေသည့် တွန်းသင်္ဘောတစ်စီးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခြင်းလုပ်ငန်းများဆောင်ရွက်

စာမျက်နှာ - ၂၂



